ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The* **Mirror Daily**

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက် စနေနေ့၊ 23, Saturday April 2016 (၈၅၄၀)

# ပြည်သူ့အင်အားမပါဘဲ မည်သည့်ဆောင်ရွက်မှုမျိုးကိုမျှ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်

**နေပြည်တော် ဧပြီ ၂၂**

မိမိတို့နိုင်ငံကို အင်အားတောင့်တင်းသော နိုင်ငံဖြစ်အောင် ထူထောင်သွားမည်ဖြစ်ပြီး ထိုသို့ထူထောင်ရာတွင် ပြည်သူ့အားသည် အဓိကဖြစ်သောကြောင့် ပြည်သူ့အင်အားနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်း ပြည်ပအခြေစိုက် သံတမန်များအား မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ရှင်းလင်းပြောကြားစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှ၏ ဆုံမှတ်တွင် တည်ရှိသောနိုင်ငံဖြစ်ပြီး အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံတည်ရှိသဖြင့် အရေးပါသော ပထဝီအနေအထားအတွင်း တည်ရှိပါကြောင်း၊ ထိုသို့ မဟာဗျူဟာကျကျတည်ရှိနေမှုကြောင့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများစွာလည်းရှိပါကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် နိုင်ငံ၏လုံခြုံရေးအပေါ်တွင် တည်မှီနေပါကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုမူဝါဒတစ်ရပ်ကို ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံများအကြား ဆက်ဆံရေးအလျင်အမြန် တည်ဆောက်နိုင်မှုသည် အဆိုပါနိုင်ငံများအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ မဟုတ်ပါကြောင်း၊ သို့သော်လည်း အားလုံးနှင့်ပတ်သက်သောပြဿနာများကို ရိုးသားမှု၊ စိတ်ရင်းစေတနာကောင်းများဖြင့် ချဉ်းကပ်မှုဖြင့် ကမ္ဘာကို ဦးဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများမှ လေ့လာသင်ယူစရာများစွာ ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ယခုအချိန်မှ ခရီးသစ်စတင်ခြင်းဖြစ်ပါကြောင်း၊ ပြဿနာများကို အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဖြေရှင်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်ကတည်းက ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပါကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ပြဿနာတိုင်းကို အကျိုးအကြောင်း၊ စိတ်ကောင်းစေတနာကောင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျန်ရှိသော ကမ္ဘာ့နိုင်ငံများနှင့် သင့်မြတ်ပြီး ကောင်းမွန်သော ဆက်ဆံရေးလည်း တည်ဆောက်လိုပါကြောင်း၊ ပြဿနာဟူသမျှကို အသိဉာဏ်ဦးနှောက်၊ စိတ်ကောင်းစေတနာကောင်းဖြင့် ဖြေရှင်းနိုင်ပါကြောင်း။

ထို့အတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင်လည်း ပြည်သူများ၏ တက်ကြွသောအင်အားဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့အင်အားမပါဘဲ အစိုးရသည် မည်သည့်ဆောင်ရွက်မှုမျိုးကိုမျှ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်းပြောကြားစဉ်။ (ဓာတ်ပုံ-အောင်ရှိန်းဦး)

# ပြည်သူ့ကျန်းမာရေးအတွက်စိန်ခေါ်မှုဖြစ်သည့် နယ်စပ်ဖြတ်ကျော်အေးခဲကြက်သားများ တားဆီးပေးရန်လို

**မန္တလေး ဧပြီ ၂၂**

နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် အေးခဲကြက်သား၊ ကြက်ပေါက်နှင့် ကြက်အရှင်များမှာ ပြည်သူ့ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ခြင်းကြောင့် အဖွဲ့အစည်းများပူးပေါင်း၍ တားဆီးရန်လိုအပ်သည်။

ပြည်တွင်းမွေးမြူသူများအနေဖြင့် ကြက်ခြံများတွင် ရောဂါပိုးကင်းစင်စေရန် ကျန်းမာရေးစစ်ဆေးမှုများ၊ ပုံမှန်ဆေးစစ်ခြင်း၊ ဆေးကျွေးခြင်းများ လုပ်ဆောင်နေသော်လည်း နယ်စပ်မှဝင်ရောက်လာသည့် အေးခဲကြက်သားများ၊ ကြက်ပေါက်များနှင့်ကြက်အရှင်မှ ပါဝင်လာမည့်ရောဂါပိုးများမှာ ပြည်သူ့ကျန်းမာရေးအတွက် အလွန်အန္တရာယ်များပြီး စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာကျော်လွင်က ပြောကြားသည်။

ထို့ပြင် ကြက်မွေးမြူရေးဈေးကွက်တွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ ဝင်ရောက်လာသည့် အေးခဲကြက်သားနှင့် ကြက်အရှင်များကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ဈေးကွက်ထိခိုက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်နှင့်အဖွဲ့အစည်းများပူးပေါင်း၍ ထိန်းချုပ်ပေးရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ■

မွေးဖွားခြင်းမှ သက်ကြီးရွယ်အိုဘဝအထိ လူမှုဘဝလုံခြုံအောင် ဆောင်ရွက်သွားမည် စာမျက်နှာ - ၈

အခြေခံလူတန်းစားများအတွက် အိမ်ရာဆောက်လျက်ရှိရာ ရွှေဘိုတွင် အားလုံးပြီးစီးနေပြီး မုံရွာတွင် အမိုးများစတင်မိုးနေ စာမျက်နှာ - ၁၉



# ကြေးမုံ

## ပြည်သူချင်း ချစ်ကြည်မှုကို အရင်းခံသည့် နိုင်ငံတကာဆက်ဆံရေး

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်းပြည်ပ အခြေစိုက် သံတမန်များနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ရှင်းလင်းပြောဆိုခဲ့သော သတင်းသိရပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ယခုလို ရှင်းရှင်းလင်းလင်း တရားဝင်ထုတ်ပြန်ပြောဆိုတာကို ယခင်က သိပ်မကြားခဲ့ဖူးလှ။

ယနေ့ မြန်မာနိုင်ငံကို ငဲ့စောင်းကြည့်မည်ဆိုလျှင် နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်တွင် ဒီမိုကရေစီစနစ်ဖြင့် ချီတက်မည်ဟု ကြေညာထားသည် ဖြစ်သော်လည်း ဒီမိုကရေစီနိုင်ငံ ပီပီသသ မဟုတ်သေး။ ပြည်သူ့အစိုးရစစ်စစ်တစ်ရပ် ပေါ်လာပြီဆိုခြင်းကို ပြည်သူအားလုံးက လက်ခံထားသော်လည်း နိုင်ငံက ဒီမိုကရေစီ လမ်းခရီးပေါ်မှာပဲ ရှိပါသေးသည်ဟု ဆိုရပါမည်။ မြန်မာနိုင်ငံ ဒီမိုကရေစီ နိုင်ငံဖြစ်လာရေးနှင့် ပြည်သူ့အစိုးရစစ်စစ်တစ်ရပ် ပေါ်ပေါက်လာရေးတို့အတွက် ဒီမိုကရေစီခေါင်းဆောင်များနှင့် ပြည်သူတို့ ရုန်းကန်ရင်ဆိုင်ပြီး အပြင်းအထန် ကြိုးပမ်းခဲ့ရတာဖြစ်ပါသည်။ ယခုထိလည်း ရုန်းကန်နေရဆဲဖြစ်ပြီး ဒီမိုကရေစီ ပန်းတိုင်သို့ မရောက်သေး။

ဒီမိုကရေစီ၏ အရေးကြီးသော အခြေခံဖြစ်သည့် ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များနှင့် ဖွဲ့စည်းသည့် အစိုးရအဖွဲ့နှင့် လွှတ်တော်များ ပေါ်ပေါက်လာခြင်းနှင့်အတူ အစိုးရအဖွဲ့၏ ပြည်သူကို လေးစားတာဝန်ခံမှုများ၊ အရေးပါသော ပွင့်လင်းမြင်သာမှုများကိုလည်း အထိုက်အလျောက် စတင်မြင်လာရပြီဖြစ်သည့်အတွက် ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ်ကိုတော့ ရောက်နေပြီဟု ဆိုနိုင်ပါပြီ။ ပြည်သူ့အစိုးရ ပေါ်ပေါက်လာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ အကူအညီပေးလိုသည့် ကမ်းလှမ်းမှုများ၊ ရင်းနှီးနွေးထွေးသော ဆက်ဆံရေးပုံစံများ စသည့် နိုင်ငံတကာဆက်ဆံရေး ဟန်သစ်တို့ကိုလည်း တွေ့မြင်လာရသည်။

ယခင်က နိုင်ငံတကာဆက်ဆံရေးတွင် မြင်တွေ့ရလေ့ရှိသော အစိုးရချင်း ဆက်ဆံရေးအဖြစ်မှ ပြည်သူကို အခြေပြုသော ဆက်ဆံရေးပုံစံသို့ ပြောင်းလဲလာသည်ဟု ဆိုရပါမည်။

တစ်ချိန်က ဒီမိုကရေစီ လျော့ရဲမှု၊ လူ့အခွင့်အရေး ပါးလျားမှု၊ အာဏာရှိသူတို့က ပြည်သူတို့အပေါ် ဖိနှိပ်ဆက်ဆံမှုတို့ပေါ် မူတည်ပြီး ကမ္ဘာ့ ဒီမိုကရေစီနိုင်ငံကြီးများက ပြည်သူတို့ဘက်မှ ရပ်တည်အားပေးကာ အစိုးရချင်းဆက်ဆံရေးမှာ အတော်အတန် အေးစက်မှုများ ရှိခဲ့ကြသည်။ အခြားတစ်ဖက်တွင် စီးပွားရေး အကျိုးအမြတ်ပေါ် မူတည်ပြီး အစိုးရချင်းပြေလည်အောင် ဆက်ဆံရင်း စီးပွားရေး သဘောတူညီမှု ရယူခဲ့သည့် နိုင်ငံများလည်း ရှိခဲ့ပါသည်။

အမှန်တော့ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး ချစ်ချစ်ကြည်ကြည် ဆက်ဆံရေးဆိုသည်မှာ ကမ္ဘာသူကမ္ဘာသား အားလုံး၏ ငြိမ်းချမ်းရေးအတွက် လိုအပ်ချက်ဖြစ်ပါသည်။ သည်လို ချစ်ကြည်စွာ ဆက်ဆံရေးဆိုသည်မှာ ပြည်သူအခြေပြုဆက်ဆံရေးမှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

ယနေ့ကာလလို ပြည်သူ့အစိုးရ ပေါ်ပေါက်လာသည့်အချိန်တွင် ပြည်သူချင်း ချစ်ကြည်ရင်းနှီးမှုကို အရင်းခံသည့် နိုင်ငံတကာ တန်းတူညီမျှ ဆက်ဆံရေးကို တည်ဆောက်နိုင်ပါစေသတည်း။ ထို့အတူ ကမ္ဘာတစ်ဝန်းက အထွေထွေ ပြဿနာများကို လက်တွဲဖြေရှင်းရင်း ကမ္ဘာ့ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အမြန်ဆုံး အရောက်လှမ်းနိုင်ပါစေသတည်း။ ။

# ပက္ကိုတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပ



**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် ပက္ကိုတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း သဲဖြူချောင်းကျေးရွာ ပက္ကိုတာရာမတောရစခန်း အမျိုးသား ယောဂီမွှာရုံကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ တပည့်သံဃာ သီလရှင် ယောဂီများ၊ဒကာ့ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသထံမှ ဒကာ့ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ပက္ကိုတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ နာယက ဩစတြေးလျ ဆရာတော် အရှင်ပညာသာမိက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။


ထို့နောက် ရွှေကျင်နိကာယ ဗဟိုဌာန၏ သံဝေဂသဝဏ်လွှာကို မလေးရှားနိုင်ငံ နိဂြောဓာရာမ သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တနန္ဒသိဒ္ဓိက ဖတ်ကြားပူဇော်ပြီး အသောကာရုံဆရာတော် ဘဒ္ဒန္တနန္ဒသာရက သံဝေဂဂါထာဖြင့် ဖတ်ကြားပူဇော်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပက္ကိုတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ နာယက ဘိုးလင်းဆရာတော်ထံမှ သံဝေဂကထာတရား နာကြား၍ ကြွရောက်လာသော ဒကာ့ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အပြစ်ရှိက ခွင့်လွှတ်ရန် တောင်းပန်ကန်တော့လွှာကို ပြင်ဦးလွင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတသရက ပရိသတ်များကို တိုင်ကြားပေးပြီး ဆရာတော်ကြီးအား ရှိခိုးကန်တော့ကြသည်။

ယင်းနောက် ဆရာတော်ကြီးအား အဘိယာစန နိမန္တန ဂါထာကို ပက္ကိုတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ နာယက မော်လမြိုင်ဆရာတော် ဘဒ္ဒန္တနန္ဒသိရိက ဖတ်ကြားလျှောက်ထားပြီး အနိစ္စာဝတ သင်္ခါရာ အစရှိသော သံဝေဂဂါထာကို ရွတ်ဆိုပူဇော် သံဝေဂပွားများ၍ ဆရာတော်ကြီးအား အစီအစဉ်တိုင်းပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို ဆက်လက်ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၃၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁




အီးယူသံအမတ်ကြီး
မစ္စတာ ရိုလန်ကိုဘီယာ



အစ္စရေးသံအမတ်ကြီး
မစ္စတာ ဒန်နီရယ် ဇွန်ရှိုင်း



နိုင်ဂျီးရီးယား သံအမတ်ကြီး
ကာဘီရူဘယ်လ်လာ



သီရိလင်္ကာသံအမတ်ကြီး
Mr. K.W.N.D Karunaratra

**❖ ရွှေဖုံးမှ**

ထို့ပြင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးအတွက် ကောင်းမွန်သော ခြေလှမ်းကို စတင်ရာတွင် ပြည်သူချင်း ဆက်ဆံမှုမှ စတင်ဆောင်ရွက်ရပါကြောင်း၊ ကောင်းမွန်သော ဆက်ဆံရေးအတွက် ပြည်သူချင်း ဆက်ဆံမှုသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ မတူညီသည့် နိုင်ငံချင်းဆက်ဆံရေးတွင် ကွဲပြားမှုများ ရှိနိုင်သော်လည်း ထိုမတူကွဲပြားမှုများကို အခွင့်အလမ်းအဖြစ် ဆောင်ရွက်သော ချဉ်းကပ်ပုံစံသစ်ဖြင့် လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း။

ထိုသို့သော ချဉ်းကပ်မှုပုံစံသစ်ဖြင့် လျှောက်လှမ်းရာတွင် ဖြစ်ပေါ်လာသော ပြဿနာများကို အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုဖြင့် ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုလည်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုရှိသော ဆက်ဆံရေးဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခံရသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ဆံ့လာပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်အပေါ် အခြေခံကာ ဘက်မလိုက်မူဝါဒကို ကျင့်သုံးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအဖြစ် အောင်မြင်စွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့မှုသည် ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်လိုသော ပြင်းပြသည့် ဆန္ဒကို ထင်ဟပ်စေပါကြောင်း၊ မြန်မာနိုင်ငံမှာ အာဆီယံနိုင်ငံများသာမက နိုင်ငံတကာ အသိုင်းအဝိုင်းတွင်ပါ ယုံကြည်အားထားရသော မိတ်ဖက်နိုင်ငံ ဖြစ်လာကြောင်းဖြင့် နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ၎င်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ငွေကြေးခဝါချမှုနှင့် ပတ်သက်၍ မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအစိုးရအနေဖြင့် ငွေကြေးခဝါချမှုကို ဘက်ပေါင်းစုံမှ တိုက်ဖျက်နေကြောင်းနှင့် ငွေကြေးခဝါချမှု ပပျောက်အောင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ တိုး၍လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဂျာမနီ၊ တူရကီ၊ နီပေါ၊ တောင်အာဖရိက၊ ဒိန်းမတ်နှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံတမန်အကြီးအကဲများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများအား တွေ့ဆုံရာ သံအမတ်ကြီးများက မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များအား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး Mr. K.W.N.D Karunaratra က "ကျွန်တော်တို့နိုင်ငံနဲ့ မြန်မာနိုင်ငံ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်"ဟု ဖြေကြားခဲ့သည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာ ဒန်နီရယ် ဇွန်ရှိုင်းက "မြန်မာနိုင်ငံမှာ မှန်ကန်တဲ့ နိုင်ငံခြားရေးမူဝါဒရှိပါတယ်။ အခု နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရာမှာလည်း သူက မှန်ကန်တဲ့လမ်းကြောင်းကနေ ပိုပြီးကောင်းမွန်အောင် လုပ်နိုင်မယ်လို့ ထင်မြင်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက "ဒီနေ့ အခမ်းအနားကို လာရောက်ရတဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးမှာ အလွန်ကြီးလေးတဲ့ တာဝန်တွေနဲ့အတူ နိုင်ငံတကာကလည်း အခုအချိန်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကိုလည်း ပိုပြီးစိတ်ဝင်စားနေတယ်လို့ ထင်ပါတယ်။ ဒီလို နိုင်ငံခြားရေးမူဝါဒတွေကနေ တစ်ဆင့် အစိုးရချင်းပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း ပိုပြီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယား သံအမတ်ကြီး ကာဘီရူဘယ်လ်လာက "အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံနဲ့ နိုင်ဂျီးရီးယားနိုင်ငံတို့အကြား ဆက်ဆံရေး ပိုမိုတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ချင်လို့ ကျွန်တော်တို့ ဒီနိုင်ငံကို အရောက်လာခဲ့တာပါ"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဧပြီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး မစ္စတာဒန်နီရယ် ဇွန်ရှိုင်းသည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အစ္စရေး မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**❋ မြန်မာအမျိုးသမီးမှ**

နိုင်ငံတကာခြေစမ်းပွဲများ စတင်ကစားတော့မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလမှစတင်ကာ ခြေစမ်းပွဲများ စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဂျပန်ခြေစမ်းခရီးစဉ်သွားရောက်ရန်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် သင်္ကြန်ကာလအတွင်းက လေ့ကျင့်မှုများ ရပ်နားခဲ့သော်လည်း ဧပြီ ၁၉ ရက်မှ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဂျပန်ခရီးစဉ်အတွက် အပြီးသတ် လူစာရင်း ၂၃ ဦးကို မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုများအဖြစ် မေ ၅ ရက်မှ ၂၅ရက်အထိ ဂျပန်နိုင်ငံအိုဆာကာမြို့တွင် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်အပြီးတွင် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဇွန် ၄ ရက်နှင့် ၆ရက်တို့တွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ထိုင်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ(နယ်သာလန်)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်၊ ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိမ်း၊ ဂိုး-နည်းပြအဖြစ် ဦးကိုကိုအောင်၊ကစားသမားများအဖြစ် ဂိုး-ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ ဇာဇာမြင့်၊ နောက်တန်း-ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ အေးအေးမိုး၊ ငုဝါသဲ၊ ဇာခြည်ဦး၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ လဲ့လဲ့လှိုင်၊ ဇင်မာထွန်း၊ ခင်သန်းဝေ၊ အလယ်တန်း- ဝင်းသီဂီထွန်း၊ အေးမျိုးမြတ်၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ နော်အားလိုဝါးဖော၊ ခင်မို့မို့ထွန်း၊ ခင်မာလာထွန်း၊ ရှေ့တန်း- ခင်မိုးဝေ၊ ရီရီဦး၊ နီလာဝင်း၊ လှယဉ်ဝင်းနှင့် မေသူကျော်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံး ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ၊ မလေးရှား၊ တီမောအသင်းတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(က)တွင်လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

**○ ကျောဖုံးမှ**

"မြို့သစ်ဘက်မှာတော့ မိုးသီးကျခဲ့တယ်။စွယ်တော်ဘုရားနားက လမ်းလယ်ကျွန်းပေါ်မှာတော့ မိုးသီးတွေကျဲချထားတဲ့ အတိုင်းပဲ။ မြို့တွင်းရပ်ကွက်တွေမှာတော့ မိုးသီးမကျဘူး။ ပြည်ကြီးတံခွန်နဲ့ အမရပူရမှာ အများဆုံးတွေ့ရတယ်"ဟု မန္တလေးမြို့ခံ ကိုမင်းလွင်က ပြောသည်။

မန္တလေးမြို့ တောင်ပိုင်းရှိ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ် ရပ်ကွက်အချို့ မိုးသီးများ ကွက်ကျားကျဆင်းခဲ့ပြီး မြေပြင်နှင့်ထိတွေ့သည်နှင့်မိုးသီးအရွယ်ပျောက်သွားသည့် နေရာများလည်းရှိပြီး အချို့နေရာများတွင် မန်းကျည်းစေ့အရွယ်ထက် ကြီးသောမိုးသီးများ မြေပြင်တွင် တွေ့ရှိရကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းက မန္တလေးဝန်းကျင်မှာ မိုးသီးကြွေပြီးလေပြင်းတိုက်မယ်လို့ ခန့်မှန်းပေးခဲ့ပါတယ်။ နောက်ထပ် ၂-ရက်၊၃-ရက်လောက်ထိမိုးရွာဖို့ အခြေအနေရှိတယ်။ ပြီးရင်ပူမြဲအတိုင်း ဆက်ပူမယ်လို့ခန့်မှန်းပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည် (မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒ ပညာရှင် ဦးထွန်းလွင်ကလည်း လာမည့် ၇၂ နာရီအတွင်းမိုးတိမ်တောင်များ ဖြစ်ပေါ်ကာမိုးကြိုးပစ်ခြင်း၊ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခြင်းတို့ ဖြစ်နိုင်ကြောင်းနှင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အဆိုးရွားဆုံးဖြစ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ထိုနေ့နံနက်ပိုင်းက အနည်းငယ်ပူသော်လည်း လေတိုက်ခတ်မှုရှိခဲ့ပြီး နောက်မွန်းလွဲ ၁ နာရီနောက်ပိုင်းအုံ့ဆိုင်းလာပြီးနောက် မိုးရွာသွန်းခဲ့ကာ ၆ နာရီတွင် မိုးတိတ်သွားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟီရိုရှီးမားသို့ သွား၊ မသွား အိုဘားမားဆုံးဖြတ်မည်

**တိုကျို မေ ၂၂**
အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ယခုသွားရောက်လျက်ရှိသည့် ဆော်ဒီအာရေဗျ၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံခရီးစဉ်များမှ ပြန်လာပြီးနောက် ဟီရိုရှီးမားမြို့သို့ သွားရောက်ရေး၊ မသွားရောက်ရေးကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိများက ပြောကြားသည်။

အိုဘားမားသည် လာမည့်လတွင် ဂျီ ၇ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဟု မျှော်လင့်ရသည်။ တာဝန်ရှိသူများအနေဖြင့် အိုဘားမား၏ ဂျပန်နိုင်ငံခရီးစဉ်တွင် ဟီရိုရှီးမားမြို့သို့ သွားရောက်မည့် အစီအစဉ်ပါ၊ မပါ ဆိုသည်ကို စောင့်မျှော်လျက်ရှိသည်။ အိုဘားမားအနေဖြင့် ဟီရိုရှီးမားမြို့သို့ သွားရောက်ဖြစ်မည်ဆိုလျှင် ငြိမ်းချမ်းရေးအထိမ်းအမှတ်နေရာသို့ လာရောက်သည့် ပထမဆုံး အမေရိကန်သမ္မတဖြစ်လာမည်ဖြစ်သည်။

အိုဘားမားသည် လာမည့်သီတင်းပတ်တွင် ဝါရှင်တန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဂျပန်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။ အိုဘားမားအနေဖြင့် နောက်ဆုံး ဆုံးဖြတ်ချက်မချမီ ယင်းခရီးစဉ်နှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများအပေါ် ရိုက်ခတ်လာမည့်အကျိုးသက်ရောက်မှုများကို သေသေချာချာ စူးစမ်းလေ့လာရလိမ့်မည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ယခုလအစောပိုင်းတွင် ဂျီ ၇ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိစဉ် ဟီရိုရှီးမားသို့ သွားရောက်ခဲ့သည်။ ဟီရိုရှီးမားမြို့ကို လူတိုင်းလာရောက်လည်ပတ်သင့်ပြီး အမေရိကန်သမ္မတလည်း လာရောက်လည်ပတ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

နယူးယောက်တိုင်းမ်သတင်းစာနှင့် ဝါရှင်တန်ပို့စ်သတင်းစာတို့က အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်သင့်ကြောင်း အယ်ဒီတာ့အာဘော်များမှ ထောက်ခံရေးသားခဲ့ကြသည်။ သို့သော် အမေရိကန်လူမျိုးအများစုကမူ ဒုတိယကမ္ဘာစစ် အမြန်ဆုံးပြီးစီးရေးအတွက် ဟီရိုရှီးမားနှင့် နာဂါစကီမြို့များအပေါ် အဏုမြူဗုံးကြဲတိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ မှန်ကန်သည်ဟု အခိုင်အမာ ထောက်ခံခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**



# အမေရိကန်-မက္ကဆီကို နယ်စပ်ဒေသ၌ ဥမင်လမ်းအသုံးပြု၍ မူးယစ်ဆေးဝါး မှောင်ခိုမှုဖော်ထုတ်

**ဝါရှင်တန် မေ ၂၂**
အမေရိကန်-မက္ကဆီကိုနယ်စပ်ဒေသ၌ မြေအောက်တွင် လျှို့ဝှက်စွာတည်ဆောက်ထားသည့် ဥမင်လမ်းတစ်လမ်းကို အသုံးပြု၍ မှောင်ခိုသွင်းလာသော ကိုကင်းတစ်တန်နှင့် ဆေးခြောက် ခုနစ်တန်တို့ကို အမေရိကန် နယ်ခြားဒေသလုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနယ်စပ်ဒေသနှင့် ထိစပ်နေသော အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် နယ်စပ်ဒေသတွင် အရှည်မိုင်ဝက်ခန့်ရှိသော ဥမင်လမ်းကို အသုံးပြု၍ မူးယစ်ဆေးဝါး မှောင်ခိုမှုပြုလုပ်နေကြောင်း ဆန်ဒီယေဂိုမြို့ရှိ အာဏာပိုင်များက တွေ့ရှိရသည်။ အဆိုပါ ဥမင်လမ်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း မက္ကဆီကို-ကာလီဖိုးနီးယားနယ်စပ်တစ်လျှောက် ၁၃ ခုမြောက် ရှာဖွေတွေ့ရှိရသော မြေအောက်ဥမင်လမ်းဖြစ်သည်။



အာဏာပိုင်များသည် အရှည်ကိုက် ၈၇၀ ရှိဥမင်လမ်းကို ပိတ်သိမ်းနိုင်ရန် နှစ်ရက်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ ဒေသတွင်း၌ ရှာဖွေတွေ့ရှိရသော ဥမင်လမ်းများအနက် လုံးပတ်အကျဉ်းဆုံး ဥမင်လမ်းတစ်ခုဖြစ်ပြီး ယင်းဥမင်လမ်းကို အသုံးပြု၍ မူးယစ်ဆေးဝါးမှောင်ခိုထုတ်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

ဥမင်လမ်း အသုံးပြုကာ ကိုကင်း မူးယစ်ဆေးဝါး မှောင်ခိုထုတ်မှုများအနက် ပမာဏအများဆုံး သိမ်းဆည်းရမိကြောင်း ကာလီဖိုးနီးယားတောင်ပိုင်းခရိုင်၏ အစိုးရရှေ့နေ လော်ရာဒပ်ဖီက ပြောကြားသည်။

မူးယစ်ဆေးဝါး မှောင်ခိုမှုနှင့် စပ်လျဉ်း၍ လူခြောက်ဦးကို အမေရိကန်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

**ရိုက်တာ။**

# ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားဖွယ် သူပုန်တို့က တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်

**ဂျီနီဗာ မေ ၂၂**
ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲမှုပြီးဆုံးပြီဟု သူပုန်တို့က ကြေညာခဲ့ပြီးနောက် အတိုက်အခံတို့က သူပုန်တို့ကို စစ်ရေးအရ ပိုမိုထောက်ခံအားပေးရန် တိုက်တွန်းခဲ့ကြရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြားတော့မည့် လက္ခဏာများကို တွေ့မြင်လာရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာသဖြင့် တစ်စိတ်တစ်ဒေသ အပစ်အခတ်ရပ်စဲမှုမှာ ပျက်ပြားသွားပြီဟု အတိုက်အခံတို့က ပြောကြားကြသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားနိုင်ငံတို့က ကမကထပြုကာ အပစ်အခတ်ရပ်စဲနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်၌ ပါဝင်တိုက်ခိုက်နေကြသည့် သူပုန်အုပ်စုများ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အဆိုပါနှစ်နိုင်ငံက ဆွဲဆောင်စည်းရုံးခဲ့သည်။

ကုလသမဂ္ဂ၏ အစီအစဉ်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ သို့ရာတွင် ယခုရက်သတ္တပတ်မှစ၍ တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်တက်လာခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခြင်းကို ဆိုင်းငံ့ထားရန် အတိုက်အခံတို့က တိုက်တွန်းခဲ့ကြသည်။ သို့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် အတိုက်အခံတို့တွင် တာဝန်ရှိသည်ဟူသော စွပ်စွဲချက်ကို ၎င်းတို့က ပယ်ချခဲ့ကြသည်။

ဆီးရီးယား ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်သုံးသန်းအထိ ထပ်မံပေါ်ထွက်လာနိုင်ပြီး နောက်ထပ် လူထောင်ပေါင်းများစွာ သေဆုံးရဖွယ်ရှိမှုအတွက် စိုးရိမ်ပူပန်မိကြောင်း ဂျီနီဗာဆွေးနွေးပွဲသို့ တက်ရောက်လာသော အမည်မဖော်သူ သံတမန်တစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

# တောင်တရုတ်ပင်လယ်အတွင်း ဆန်ရှားကျွန်းတွင် ပြည်သူ့စာကြည့်တိုက်ဖွင့်လှစ်

**ပေကျင်း မေ ၂၂**
တောင်တရုတ်ပင်လယ်အတွင်းရှိ ဆန်ရှားကျွန်းတွင် ပြည်သူ့စာကြည့်တိုက်တစ်တိုက်ကို ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ် ဇူလိုင်လက ထူထောင်ခဲ့သည့် ဆန်ရှားကျွန်းစုအုပ်ချုပ်ရေးအဖွဲ့သည် ကျွန်းသိမ်ကျွန်းစု ၂၀၀ ကျော်၊ သဲသောင်ခုံတန်းနှင့် သန္တာကျောက်တန်းကျွန်းများပါဝင်သည့် ဒေသကို စီမံခန့်ခွဲသည်။ ယင်းကျွန်းစုသည် ရှီစာ၊ ကြောင်ရှားနှင့် နန်ရှားကျွန်းစုဟူ၍ လူသိများထင်ရှားသည်။ တောင်တရုတ်ပင်လယ်အတွင်း စတုရန်းကီလိုမီတာ နှစ်သန်းခန့်ကျယ်ဝန်းသော ရေပြင်ကိုလည်း ယင်းအုပ်ချုပ်ရေးအဖွဲ့က စီမံခန့်ခွဲကြောင်း ဆင်ဟွာသတင်းဌာန၏ ဖော်ပြချက်တွင် ပါရှိသည်။

မေ ၂၁ ရက်တွင် တရုတ်အစိုးရပုံနှိပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းနှင့် ဆန်ရှားမြို့တော်အုပ်ချုပ်ရေးအဖွဲ့တို့က ပြည်သူ့စာကြည့်တိုက်ထူထောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဆင်ဟွာ။**

# ၂၀၃၀ ခုနှစ်မတိုင်မီ အာကာသနည်းပညာ အမြင့်မားဆုံးနိုင်ငံဖြစ်လာရန် တရုတ်မျှော်မှန်း

**ပေကျင်း မေ ၂၂**
တရုတ်နိုင်ငံက ၂၀၃၀ ခုနှစ်မတိုင်မီ နိုင်ငံတကာအာကာသနည်းပညာစွမ်းပကား အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ထားကြောင်း တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲရေးဌာန ဒါရိုက်တာ ဆူဒါချီက ယနေ့ပြောကြားခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံသည် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်စေရန် အဓိကထားဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လာမည့် ၁၅ နှစ်အတွင်း နိုင်ငံတကာ အာကာသနည်းပညာရပ်တွင် စွမ်းပကား အမြင့်မားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဆူဒါချီက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် အာကာသနည်းပညာဆိုင်ရာဖွံ့ဖြိုးမှုရှိစေရန် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သော်လည်း အမေရိကန်နှင့် ရုရှားနိုင်ငံတို့သည် အမြဲတမ်း ဦးဆောင်ရှေ့ပြေးခဲ့သည်။ ထို့ပြင် ဥရောပနိုင်ငံများတွင်လည်း အဆင့်မြင့်နည်းပညာများ ထွန်းကားလျက်ရှိသည်ဟု ဆူဒါချီကဆိုသည်။



တရုတ်နိုင်ငံသည် လူလိုက်ပါသည့် အာကာသစူးစမ်းလေ့လာရေးအစီအစဉ်များ၊ အာကာသယာဉ်မှူးမပါသည့် လကမ္ဘာ စူးစမ်းလေ့လာမှု၊ သည်ဘီဒိုယူ ဂြိုဟ်တုစနစ်နှင့် ဂါရိုဖန်းစူးစမ်းလေ့လာရေး ဂြိုဟ်တုအစီအစဉ်စသည့် အာကာသဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၂၀ ခုနှစ်ဝန်းကျင်တွင် အပြီးသတ် ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသားအာကာသစခန်းတစ်ခုကို ၂၀၂၅ ခုနှစ်မတိုင်မီ အပြီးသတ် တည်ဆောက်မည်ဖြစ်ကြောင်း ဆူဒါချီကဆက်လက်ပြောသည်။

အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်စေရန် (၁၃) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀)အတွက် အာကာသဖွံ့ဖြိုးမှုနှင့် အာကာသသိပ္ပံဆိုင်ရာ အချက်အလက်များကို စုဆောင်းသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဆူဒါချီက ဆိုသည်။

**ဆင်ဟွာ။**

# ပြည်သူ့လက်ထဲက ရန်ကုန်၏အနာဂတ်

## လှစုမြတ်(ဗိသုကာ)

**(ဧပြီ ၂၁ ရက်နေ့မှ အဆက်)**

ဤအချက်မှာ ယနေ့ ရန်ကုန်မြို့လူထု နေ့စဉ်စိတ်ပင်ပန်းကြီးစွာ ရင်ဆိုင်နေရသော ကားကျပ်တည်းမှုကို ဖြစ်စေတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ဒီအချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံတွေလို လူဘယ်နှယောက် ကားတစ်စီးရှိရမယ်ဆိုပြီး လုပ်၍မရနိုင်ပါ။ အများပြည်သူသုံးခရီးသွားစနစ် (မီးရထား၊ ဘတ်စ်ကား (Bus)၊ သင်္ဘော)တို့ဖြင့်သာ ဖြေရှင်းနိုင်မှာပါ။

လမ်းများအကျယ်နဲ့ ဆောက်လုပ်မယ့် အဆောက်အအုံများရဲ့ အကျိုးဆက်များကို မဆန်းစစ်ဘဲ ကားနှစ်စီးပင် ရှောင်၍မရသော လမ်းများတွင် တစ်ကေလျှင် အိမ်ခြေ ၁၅၀ ရှိသော အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ လမ်းဆုံလမ်းခွများနှင့် မနီးမဝေးတွင် ကားအစီးရေ ရာချီသောအထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းများကို ရှောင်ကြဉ်ရမည်မှာ မုချဖြစ်ပါတယ်။

နိုင်ငံတကာတွင် မြေကွက်များရဲ့ FAR သတ်မှတ်ရာမှာ အနီးပတ်ဝန်းကျင်ရှိ open space (ပန်းခြံ၊ မြစ်၊ ချောင်း၊ ကန်) လမ်းပန်းဆက်သွယ်ရေးစနစ် (Public transportation) တို့အပေါ်တွင် အခြေခံ၍ ဖန်တီးလိုသော ပတ်ဝန်းကျင်ဖြစ်စေရန် သတ်မှတ်လေ့ရှိပါတယ်။

စင်ကာပူနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ရဲ့ infrastructure (မြို့တစ်မြို့၏ အခြေခံအဆောက်အအုံများ)ဟာ ကျွန်မတို့ ရန်ကုန်နဲ့ မနှိုင်းယှဉ်သာအောင်ကောင်းလှပါတယ်။ ၎င်းအပြင် ဆောက်လုပ်ရေးနည်းပညာများနဲ့ အတွေ့အကြုံ၊ မြို့ပြထိမ်းချုပ်မှုစနစ်များဟာလည်း အလွန်ပင် စနစ်ကျလှပါတယ်။

အဲဒီနိုင်ငံများမှာပင် လူနေဇုန်များ၌ FAR 4.5-5 အထိသာ ဆောက်လုပ်ခွင့်ပြုပြီး စီးပွားရေးဆိုင်ရာဇုန်များအတွင်း၌သာလျှင် အနီးပတ်ဝန်းကျင်ရှိ open space (ပန်းခြံ၊ မြစ်၊ ချောင်း၊ ကန်) လမ်းပန်းဆက်သွယ်ရေးစနစ် (Public transportation) တို့ပေါ်အခြေခံ၍ FAR 10 မှ FAR 13 အထိ ဆောက်ခွင့်ပြုပါတယ်။

ကျွန်မတို့ ရန်ကုန်မှာတော့ အဆောက်အအုံသိပ်သည်းဆ FAR 13 မှ FAR 15 အထိရှိရုံမျှမက ၂၆ ထပ်မှ ၂၈ ထပ်အထိမြင့်သော လူနေအဆောက်အအုံများကိုပင် ဘေးဘက်ခြံစည်းရိုးမှ သုံးပေ၊ ခြောက်ပေအကွာတို့ဖြင့်လည်းကောင်း၊ ကားအစီးရေ ရာချီရပ်နားအသုံးပြုနိုင်သော ကုန်တိုက်ကြီးများကိုလည်းကောင်း ရန်ကုန်မြို့အနှံ့အပြားတွင် ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ အချို့ဆောက်လုပ်ခွင့်ရ အဆောက်အအုံများမှာ စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။

လျှင်ကြောပေါ် တည်ရှိနေသော ရန်ကုန်မြို့မှာ လျှင်လှုပ်ခတ်လို့ အောက်ဆင်းပြေးရန် မြေနေရာလပ်မရှိ ဖြစ်သည်အထိ အဆောက်အအုံများကို ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ ယခင်က အများပြည်သူတွေ အပန်းဖြေအနားယူရန်လည်းကောင်း၊ မြို့ရေစီးရေလာအတွက်လည်းကောင်း ချန်လှပ်ထားသော မြေနေရာများတွင် အဆောက်အအုံများကို ဆောက်လုပ်လို့နေကြပါတယ်။ မြို့လူထုအတွက် အပန်းဖြေရန်နေရာများလည်း နည်းပါးလာပြီး အများပြည်သူများမှာ မွန်းကျပ်စွာနေထိုင်နေကြရတာ မြို့နေလူထုအသိပါ။



ရန်ကုန်မှာ မည်မျှကောင်းတဲ့အဆောက်အအုံများပင် ရှိစေကာမူ မြို့ဆောင်တာများ ကောင်းမွန်စွာလည်ပတ်မှုမရှိပါက ၎င်းအကျိုးဆက်များမှာ နေထိုင်သူများသာမက ရေရှည်ရင်းနှီးမြှုပ်နှံသူများကိုပါ သက်ရောက်၍ တိုင်းပြည်၏အကျိုးစီးပွားကိုပင် ထိခိုက်လာနိုင်သည်ဟု ထင်မြင်မိပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတို့ရဲ့ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ ထိန်းသိမ်းသင့်သော ကမ္ဘာ့အဆင့် အမွေအနှစ်တစ်ခုဖြစ်ပါတယ်။ လက်ရှိ ဆောက်လုပ်နေသော စီမံကိန်းများမှ သုံးရေကို မြေအောက်ရေထုတ်ယူအသုံးပြုပါက နောင်တစ်ချိန် မြေကျွံကာ ရွှေတိဂုံစေတီတော်မြတ်ကြီး ကွဲအက်နိုင်သည်အထိဖြစ်နိုင်ပါတယ်လို့ ကျွမ်းကျင်သူများက ပြောဆိုနေကြပါတယ်။ ၎င်းအပြင် အခြားသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများကိုဖြိုဖျက်၍ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ နည်းလမ်းမကျပြင်ဆင်ခြင်းများ ပြုနေသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များလည်း ပျောက်ကွယ်ပါတော့မယ်။

အထက်ပါအခြေအနေများကို အမြန်ဆုံးမထိန်းချုပ်နိုင်ပါက ရန်ကုန်၏အနာဂတ်မှာ နောင်အနှစ်လေးငါးဆယ် ပြုပြင်ဖြေရှင်းလို့မရနိုင်တဲ့ အခက်အခဲတွေနဲ့ရင်ဆိုင်ကြရပြီး ယဉ်ကျေးမှုအမွေအနှစ်များလည်း ဆုံးရှုံးကြရမှာပါ။ အထက်ပါအခြေအနေတွေကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော အစိုးရအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနများ၊ မြို့ပြပညာရှင်များ၊ ပညာရှင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ စုပေါင်းညှိနှိုင်းအဖြေရှာ၍ မြို့ရန်ကုန်ကို နေချင့်စဖွယ် မြို့ပြဖြစ်စေရန် ထိန်းသိမ်းသင့်ကြောင်း တိုက်တွန်းတင်ပြအပ်ပါတယ်။

မြို့ရန်ကုန်ကို မြို့နေပြည်သူများ၏ ထောက်ခံမှုဖြင့်သာ အစိုးရအနေဖြင့် ထိန်းသိမ်းနိုင်မှာဖြစ်လို့ ရန်ကုန်၏ အနာဂတ်အတွက် ရန်ကုန်မြို့နေ ပြည်သူများက ဝိုင်းဝန်းပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ။

# ပြည်သူ့တန်ဖိုး နှစ်ဆတိုး

## ကိုဝ

သင်္ကြန်အားလပ်ရက်ရှည်ကုန်ဆုံးလို့ ရုံးတွေပြန်ဖွင့်တော့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ကြောင်းရယ် ကုန်စင်အားပါး တရပြောဆိုကြပါတယ်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးက မြီးကောင်ပေါက်အရွယ် သမီးနှစ်ယောက်ကို သင်္ကြန်ရက်အတွင်း ကားမောင်းပို့တဲ့ အတွေ့အကြုံကို ပြောပြပါတယ်။ ခါတိုင်းနှစ်တွေနဲ့ယှဉ်ကြည့်လိုက်ရင် ဘောင်းဘီအတို မလုံမခြုံကောင်မလေးတွေ အတော်နည်းသွားပါတယ်တဲ့။ နိုင်ငံရေးခေါင်းဆောင်မှုပြောင်းလဲလာတာနဲ့အတူ ပြောင်းလဲလာတဲ့မြင်ကွင်းပါ။နိုင်ငံရေးခေါင်းဆောင် မှုအသစ်အပေါ် ပြည်သူလူထုက ယုံကြည်လေးစားမှုပြတဲ့မြင်ကွင်းလို့ပဲ ဆိုချင်ပါတယ်။ မင်္ဂလာရှိတဲ့မြင်ကွင်းပါ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တစ်မြို့နယ်ရဲ့ ဆေးရုံတစ်ရုံဟာ အိမ်သာကစပြီး ဆေးရုံတစ်ရုံလုံးရဲ့သန့်ရှင်းမှုဟာ ပေါ်ပေါ်ထင်ထင်လိုအပ်မှုရှိတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပါတယ်။ သက်ဆိုင်ရာမြို့နယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဆေးရုံတာဝန် ရှိပုဂ္ဂိုလ်တွေနဲ့ သွားရောက်ဆွေးနွေးပါတယ်။ ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်တွေကလည်း လိုလိုလားလား လက်ခံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှုကို ပြသကြပါတယ်။ ဒီသတင်းထွက်ပေါ်လာတော့ အတော်ကြီး ဝမ်းသာသွားပါတယ်။ ပြည်သူလူထုအရေးအတွက် တာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူလူထုရဲ့ လိုအပ်ချက်တွေအပေါ် လျစ်လျူရှုမထားလို့ပါ။ သက်ဆိုင်ရာ ဆေးရုံတာဝန်ရှိ ပုဂ္ဂိုလ်တွေက လိုလိုလားလားလက်ခံဆွေးနွေးတယ်ဆိုတော့ ပိုပြီးဝမ်းသာသွားပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းတွေကြား ပူးပေါင်းဆောင်ရွက်မှု ရှိတာက မင်္ဂလာသတင်းပါ။ အရင်ကဆိုရင် ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူ့အရေးကိစ္စတွေမှာ အရေးတယူ ဂရုတစိုက် ဆောင်ရွက်တာမျိုး အတော်ကြီး အားနည်းခဲ့တာပါ။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်တွေအကြား အခုလိုပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ပြည်သူလူထုရဲ့ ပကတိလိုအပ်ချက်ကို ပိုမိုထင်ဟပ်တဲ့ ဆေးရုံဘတ်ဂျက်ခွဲဝေမှုတွေ ဖြစ်ပေါ်လာမယ်လို့ မျှော်လင့်မိပါတယ်။ ဆေးရုံဘတ်ဂျက်ခွဲဝေမှုတွေကို စနစ်တကျ ပြဋ္ဌာန်းနိုင်မှသာ ဆေးရုံသန့်ရှင်းရေးကအစ ပြည်သူလူထုရဲ့ လိုအပ်ချက်အဖုံဖုံကို ပြည့်ပြည့်ဝဝ ကိုင်တွယ်ဆောင်ရွက်နိုင်မှာပါ။ ပြည်သူ့ကျန်းမာရေးနဲ့ ပတ်သက်ပြီး တစ်လက်စတည်းပြောရရင် မြန်မာနိုင်ငံမှာ ပြည်သူ့ကျန်းမာရေးအာမခံစနစ်တစ်ရပ် စမ်းသပ်ကျင့်သုံးနေပေမယ့် ပြည်သူလူထုကြားထဲမှာ စိတ်ဝင်စားမှုသိပ်မရှိသလို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်တယ်ဆိုတဲ့ သတင်းမျိုးလည်း မကြားမိပါဘူး။ လက်တွေ့ကျကျ ပြောရရင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးလိုအပ်ချက်အားလုံးကို အစိုးရက အခမဲ့ တာဝန်ယူဖို့ဆိုတာ မဖြစ်နိုင်သလို တစ်ဖက်မှာလည်း ပြည်သူလူထုရဲ့ ကျန်းမာရေး လိုအပ်ချက်တွေကို လျစ်လျူရှုလို့လည်း မရပါဘူး။ ရေရှည်မှာ ပြည်သူ့ကျန်းမာရေးစနစ်နဲ့ အာမခံစနစ်တို့ ဘယ်လိုလက်တွေ့ကျကျ တစ်ဆင့်ပြီးတစ်ဆင့် ပူးတွဲအကောင်အထည်ဖော်မလဲဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ ကြားက ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်နေပါတယ်။

**မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ပြည်နယ်တစ်ပြည်နယ်ရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကို တာဝန်ယူရတဲ့ ပြည်နယ်ဝန်ကြီးတစ်ဦးက သူ့ဒေသမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ဖို့**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ပြည်နယ်တစ်ပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို တာဝန်ယူရတဲ့ ပြည်နယ်ဝန်ကြီးတစ်ဦးက သူ့ဒေသမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ဖို့ စီးပွားရေးပညာရှင်တွေဆီ ချဉ်းကပ်အကြံဉာဏ်ယူတယ်ဆိုတဲ့ သတင်းကိုကြားရပါတယ်။ ဒီလိုချဉ်းကပ်ပုံ အသစ်တွေကြားရတော့ ဝမ်းသာမိပါတယ်။ အရင်ကဆိုရင် စီမံခန့်ခွဲမှုကို တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေဟာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကိစ္စအားလုံးကို ငါသိတယ်လို့ ခံယူလေ့ရှိပါတယ်။ပညာရှင်တွေဆီကနေ အကြံဉာဏ်ယူရင်တောင် အပေါ်စီးသဘောမျိုးက များပါတယ်။ ဒီပြည်နယ်ဝန်ကြီးလို ပညာရှင်တွေဆီက အကြံဉာဏ်ကို လေးလေးစားစား တောင်းခံတယ်ဆိုရင်တော့ မျှော်လင့်ချက်ထားနိုင်တဲ့ အခြေအနေရောက်လာပြီလို့ပဲ ဆိုချင်ပါတယ်။ ပြောရရင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အရင်းအနှီးလိုတယ်။ ချေးငွေလိုတယ်။ နည်းပညာလိုတယ်။ ဈေးကွက်အချက်အလက်လိုတယ်။ လိုအပ်ချက်တွေ အများကြီးပါပဲ။ ဒါပေမယ့် နည်းမှန်လမ်းမှန် ချဉ်းကပ်မယ်ဆိုရင်တော့ တစ်ဆင့်ပြီးတစ်ဆင့် ရုပ်လုံးပေါ်လာမှာပါ။ အဓိကပြောလိုတာက နိုင်ငံရေးခေါင်းဆောင်မှုအပေါ် ပြည်သူလူထုက ယုံကြည်ကိုးစားပြီဆိုရင် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အပြည့်အဝ ရယူနိုင်မှာပါ။ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဆုပ်ကိုင်နိုင်ပြီဆိုရင်တော့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အနေးနဲ့အမြန် ဆုပ်ကိုင်နိုင်မှာ သေချာပါတယ်။ ။

# အစိုးရသစ်အတွက် ပထမဦးဆုံးရရှိစေမယ့် ဆုလာဘ်

> **တောင်သူလယ်သမားတွေဆိုတာ ကျေးလက်နေ ပြည်သူအများစုဖြစ်ကြပြီး မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လူဦးရေစုစုပေါင်း ၅၃ သန်း အထဲမှာ တောင်သူလယ်သမား ၃၆ ဒသမ ၄ သန်းခန့်ရှိတယ်လို့ စာရင်းဇယားတွေအရ လေ့လာတွေ့ရှိရပါတယ်။ လက်ရှိမှာ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်သလို ရှေးယခင်ကာလက အာရှရဲ့စပါးကျီ ဖြစ်ခဲ့ဖူးပါတယ်။ သို့သော်လည်း အမှန်ကိုအမှန်အတိုင်း ပြောရရင် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ဘယ်အစိုးရကမှ ထိထိရောက်ရောက် အကျိုးပြုထောက်ပံ့ ဖော်ဆောင်ပေးခဲ့တာ မတွေ့ရသေးပါဘူး။**

**သန်းမြိုင်နိုင်(ကညင်ကျိုး)**

အခုဆိုရင် အတာကူးတဲ့သင်္ကြန်အချိန်အခါ ပြီးဆုံးလို့ နှစ်သစ်တစ်ခုကိုကူးပြောင်းရောက်ရှိလာပါပြီ။ နှစ်သစ်တွေ အခါခါကူးပြောင်းနေခဲ့၊ အသစ်အသစ်သော အစိုးရမင်း အဆက်ဆက်တို့ အသစ်ပြောင်းလဲခဲ့ကြပေမယ့် ယနေ့ ထက်တိုင် မပြောင်းလဲ၊ မတိုးတက်ဘဲရှိနေတဲ့ လူ့အဖွဲ့ အစည်းကြီးကို ညွှန်ပြပါဆိုလျှင် ကျေးလက်နေ မရှိ ဆင်းရဲသား တောင်သူလယ်သမားအများစုကို ညွှန်းဆိုရမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားတွေဆိုတာ ကျေးလက်နေ ပြည်သူအများစုဖြစ်ကြပြီး မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လူဦးရေစုစုပေါင်း ၅၃ သန်း အထဲမှာ တောင်သူလယ်သမား ၃၆ ဒသမ ၄ သန်းခန့် ရှိတယ်လို့ စာရင်းဇယားတွေအရ လေ့လာတွေ့ရှိရပါတယ်။ လက်ရှိမှာ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံ တဲ့ နိုင်ငံဖြစ်သလို ရှေးယခင်ကာလက အာရှရဲ့စပါးကျီ ဖြစ်ခဲ့ဖူးပါတယ်။ သို့သော်လည်း အမှန်ကို အမှန်အတိုင်း ပြောရရင် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ဘယ်အစိုးရကမှ ထိထိရောက်ရောက် အကျိုးပြုထောက်ပံ့ ဖော်ဆောင်ပေးခဲ့တာ မတွေ့ရသေးပါဘူး။

နိုင်ငံတော်ရဲ့ နှစ်စဉ်ပြဋ္ဌာန်းထားတဲ့ အမျိုးသား စီမံကိန်းဥပဒေတွေမှာပါဝင်တဲ့ စီမံကိန်းတွေကို လေ့လာ ကြည့်တဲ့အခါ အခြားသော စက်မှုလုပ်ငန်းစီမံကိန်းတွေ (ဥပမာ-မအောင်မြင်တဲ့ သံမဏိစက်ရုံစီမံကိန်း)ကို နိုင်ငံ တော်ရဲ့ ဘဏ္ဍာငွေကျပ်သန်းပေါင်း မြောက်မြားစွာ ပုံအောပြီး ရင်းနှီးမြှုပ်နှံပေးထားပေမယ့်လည်း အဓိက ကျတဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍအပေါ်မှာတော့ ထိရောက် တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ထိုက်သင့်တဲ့ အားပေးထောက်ပံ့မှု တွေကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ခဲ့ကြတာကိုတော့ လေ့လာကြည့်ရင် အမှန်အတိုင်း တွေ့ရှိကြရမှာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်နေပြည်သူတွေရဲ့ဘဝတွေ နိမ့်ပါးကာ ဆင်းရဲနွမ်းပါးမှုအညွှန်းကိန်းတွေ မြင့်တက်နေ ရတာဖြစ်ပါတယ်။

ဥပဒေရေးရာပိုင်းကို လေ့လာကြည့်မယ်ဆိုရင် အဆိုပါတောင်သူလယ်သမားအရေးနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့အစိုးရဟောင်းလက်ထက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တုန်းက ဥပဒေအမှတ်(၃၂)နဲ့ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်က တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့၊ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပေမယ့်လည်း မြေပြင် မှာတော့ ဥပဒေဆိုတာ စာရွက်ပေါ်မှာပဲရှိပါတယ်။ အစိုးရ တစ်ဆက်သာပြီးဆုံးလို့ လွှဲပြောင်းသွားကြတယ်၊ မြေပြင် မှာ အမှန်တကယ်အကောင်အထည် မပေါ်လာခဲ့သလို ဝန်ကြီးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ဦးဆောင်အဖွဲ့ဆိုတာ ကလည်း ဟန်ပြသဘောလောက်ပဲ ဖွဲ့ခဲ့ကြပုံပေါ်ခဲ့ပါ တယ်။ ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့အကျိုး စီးပွားတွေကို ဖော်ဆောင်ပေးဖို့အတွက် ဥပဒေပါ အကြောင်းခြင်းရာတွေကိုအသာထားလို့ ယခုလက်ရှိအနေ အထားတွေကို ဆက်ပြီးလေ့လာ တင်ပြရမယ်ဆိုရင် အခုသင်္ကြန်ကာလပြီးဆုံးပြီဆိုရင်ပဲ မိုးသံ၊ လေသံကြားလို့ လယ်တွေ၊ ယာတွေ စတင်ထွန်ယက်ကြရဖို့အရေး လယ် သမားတွေအခုကတည်းက ဟန်ရေးတပြင်ပြင် ဖြစ်နေ ကြပါပြီ။

ဒီနေရာမှာ မေးစရာတစ်ခုရှိလာတာက မိုးတောင် မကျသေးဘူး၊ စပါးတွေတောင်ပျိုးမထောင်ရသေးဘူး၊ ဘာလို့ လောနေရသလဲ။ ဒီအချိန်မှာ ဒီတောင်သူလယ် သမားတွေရဲ့အရေးနဲ့ ပတ်သက်ပြီး အခုကတည်းက ဘာလို့ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေရပါသလဲဆိုတဲ့ အချက်ပါ။ ဒါကလည်း ဒီလိုရှိပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းဆိုတဲ့ သဘောသဘာဝကလည်း အခုရေတွင်းတူး၊ အခု ရေကြည်သောက်သလို အခြားစက်မှုလုပ်ငန်းတွေ လိုမျိုး မဟုတ်ပါဘူး။ စက်ရုံဆိုတာ ငွေကြေးတွေအသင့် ရှိပြီး နိုင်ငံခြားကစက်ပစ္စည်းတွေ အားချင်းမှာယူတင်သွင်း၊ ရောက်လာရင် ပြင်ဆင်ပြီး စက်ရုံကြိုဆောက်ကာ အသင့် စတင်လည်ပတ်လို့ရပေမယ့် စိုက်ပျိုးရေးဆိုတဲ့လုပ်ငန်းက ရာသီဥတုအပေါ်မူတည်ပြီး သူ့အပိုင်းနဲ့သူ ပြင်ဆင်သွား ကြရတဲ့ အလုပ်မျိုးပါ။

ဆိုလိုချင်တာက အခုအချိန်ဆိုရင် မျိုးကောင်းမျိုးသန့် စပါးတွေ ဝယ်စုတာတွေ၊ လယ်ယာမှာ နောက်ချေးမြေဆွေး နဲ့ သဘာဝမြေဩဇာတွေ ကြိုတင်ဖြန့်ကြဲချထားရတာမျိုး တွေ လုပ်နေကြရပါပြီ။ မိုးလေးတစ်မလောက် ကောင်းကောင်းရွာလိုက်တာနဲ့ စတင်ထွန်ယက်ကြရပါ တယ်။ ဒါကြောင့် ဒီအချိန်ဟာ ကြိုတင်ပြင်ဆင်ရေးကာလ လို့ ပြောခဲ့ရတာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ ရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးကြတော့မယ်ဆိုရင် ပြောချင်တာကတော့ နိုင်ငံတော်အပိုင်းက ထောက်ပံ့ပေး မယ့် ချေးငွေတွေကို အခုကတည်းက ကြိုကြိုတင်တင် ထုတ်ပေးထုတ်ချေးကြရတော့မှာဖြစ်ပါတယ်။

ဒီနေရာမှာ ဒီချေးငွေနဲ့ပတ်သက်လို့ ယခင်သမိုင်း ကြောင်းလေးတွေကို ပြန်ပြောင်းလေ့လာပြီး ပြောပြချင် ပါသေးတယ်။ ယခင် ၂၀၁၁ ခုနှစ်က တစ်ဧကကို စိုက်ပျိုး စရိတ် ကျပ်ငါးသောင်း စထုတ်ချေးပေးရာကနေ တစ်နှစ် ထက်တစ်နှစ် ပြောင်းလဲလာတဲ့ ကုန်ဈေးနှုန်းတွေ၊ ထွန်ယက်ရိတ်သိမ်းခတွေ၊ မြေဩဇာဈေးတွေအပေါ် လိုက်ပါပြောင်းလဲပြီး တစ်ဧကကို ပြီးခဲ့တဲ့နှစ်ကအထိ တစ်သိန်း ထုတ်ချေးပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း အချို့တောင်သူ အတော်များများအနေနဲ့ ပေးကားပေး၏ မရဆိုသလို နိုင်ငံတော်ရဲ့ဘတ်ဂျက်လ စတင်တဲ့ ယခုလို ဧပြီလလောက်ကတည်းက ထုတ်ချေးပေးသင့်ကြတဲ့ ချေးငွေဟာ နေရာအတော်များများမှာ စိုက်ပျိုးချိန်ဖြစ်တဲ့ ဇူလိုင်-ဩဂုတ် ရောက်မှသာ ရခဲ့ကြပါတယ်။ အချို့ကွင်း တွေမှာဆိုရင် အောက်တိုဘာလလောက်အထိ၊ လယ် အထဲမှာ စပါးတွေရင့်မှည့်နေသည်အထိ မရကြသေး တာကိုလည်း အမှန်အတိုင်းပဲ လေ့လာတွေ့ရှိကြရမှာပါ။

စိုက်ပျိုးစရိတ်ထုတ်ချေးတဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တာဝန်ရှိသူတွေရဲ့ အဆိုအရ ယခင်နှစ်က ချေးငွေကျန်သူတွေရှိနေတာက တစ်ကြောင်း၊ ထုတ်ချေးပေးဖို့ တောင်သူတစ်ဦးချင်း အတွက် ပြုလုပ်ရတဲ့ စာချုပ်စာတမ်းနဲ့ စာရင်းဇယားတွေ ပြုလုပ်တဲ့နေရာမှာ ကြန့်ကြာတာကတစ်ကြောင်း ဒါကြောင့် နောက်ကျပြီးမှ ထုတ်ချေးပေးကြရတာလို့ ဆိုခဲ့ကြပါတယ်။ ဒီချေးငွေနဲ့ပတ်သက်လို့ ခေတ်စနစ်အဟောင်းက ဘယ်လို တွေ လုပ်ပေးခဲ့ကြသလဲဆိုတာကို ပြန်ပြောင်းလေ့လာ ကြည့်တဲ့အခါ ၁၉၉၀ ပြည့်နှစ်က နယက ဥပဒေအမှတ် (၃)နဲ့ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ အရ ဆက်လက်ရေးဆွဲခဲ့တဲ့ နည်းဥပဒေအရဆိုရင် ကျေးရွာ ဘဏ်စနစ်ဟာ ယနေ့ထက်ထိ အာဏာသက်ရောက်ကာ အသက်ဝင်နေဆဲ ဖြစ်ပါတယ်။

သို့သော်လည်း ယနေ့ တောင်သူလယ်သမားတွေကို ငွေထုတ်ချေးပေးနေတဲ့စနစ်ကတော့ မြို့နယ်မှာရှိတဲ့ တောင်သူလယ်သမားစိုက်ဘဏ်ကိုသာလာပြီး တိုက်ရိုက် ငွေထုတ်ယူနေကြရတဲ့ စနစ်ဖြစ်နေပါတယ်။ ဒီအတွက် တောင်သူလယ်သမားတွေအနေနဲ့ ဥပမာ-လယ် ငါးဧက ရှိတဲ့လယ်သမားတစ်ဦး ကျပ် ငါးသိန်းရတယ်ဆိုပါစို့၊ သူနေတဲ့ ကျေးရွာဇနပုဒ်ကနေ မြို့ပေါ်အထိ အသွားအပြန် ကုန်ကျတဲ့ ခရီးစရိတ်၊ စားစရိတ်အပြင် အလုပ်ပျက် အကိုင်ပျက်ဖြစ်ကြရတဲ့အပြင် မြို့ပေါ်ရောက်တုန်း စိုက်ပျိုး စရိတ်ချေးငွေလေးအထဲက အိမ်မှာလိုအပ်တဲ့ လူ့အသုံး အဆောင်အတော်များများကို တစ်လက်စတည်း ဝယ်ယူ သွားလိုက်တာ လယ်ယာမြေထဲကို ထောက်ပံ့ငွေအပြည့် မရောက်ခဲ့သလို ခုတ်ရာတခြား ရှရာတလွဲဆိုသလို ဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် မြို့ပေါ်ရောက်တုန်းရောက်ခိုက်၊ အပေါင်းအသင်းကလည်းစုံနေတာမို့ အသောက်အစား၊ အပျော်အပါးကြားမှာ လောင်းကစားလေးပါ ဖက်လိုက် မိကြတဲ့အခါ “ပါလာတာလေးလည်းကုန်” သီချင်းဆိုရ မလိုပါပဲ။ အချို့ တောင်သူတွေဆို လက်ဗလာနဲ့သာ မျက်နှာငယ်ငယ်နဲ့ အိမ်အပြန်ခရီးကို နောင်တတစ်လုံး ကိုသာပိုက်လို့ ပြန်သွားကြရတယ်လို့လည်း ပြောကြတာကို ကြားသိခဲ့ရပါသေးတယ်။

ဒီလိုအဖြစ်သနစ်တွေနဲ့ ပတ်သက်လို့ သင်ခန်းစာ ဖော်ထုတ်ရမယ့် အချက်အနေနဲ့ကတော့ ယခုနောက်ပိုင်း စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်နေတဲ့ မြို့နယ်မှာရှိတဲ့ စိုက်ဘဏ်မှာတင် ငွေထုတ်ချေးတဲ့စနစ်အစား ယခင် ဥပဒေထဲမှာလည်းရှိပြီးသားဖြစ်တဲ့ တောင်သူလယ်သမား တွေ နေထိုင်ရာကျေးရွာတွေအထိ သွားရောက်ပြီး ငွေထုတ် ပေးတဲ့ ကျေးရွာဘဏ်စနစ်ကို အကောင်အထည်ပြန်ဖော် ပေးရမယ်ဆိုတဲ့ အချက်ပါ။ ဒါမှသာ တောင်သူလယ် သမားတွေကို ထုတ်ပေးတဲ့ လယ်ယာမြေအတွက်ချေးငွေ ဟာ လယ်ယာအတွက်ဖြစ်စေပြီး လယ်သမားအတွက် အမှန်တကယ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာပါ။ နိုင်ငံ့ ဝန်ထမ်းတွေအနေနဲ့ ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေတွေ အတိုင်း အကောင်အထည်ဖော်လို့ ပြည်သူတွေကို ဝန်ဆောင်မှုပေးဖို့ လိုအပ်လာပါပြီ။

ယခင် အမူအကျင့်တွေကိုပြင်လို့ အရှိကိုအရှိအတိုင်း လက်ခံပေးတတ်ဖို့လည်း လိုလာတဲ့အချိန်ကာလကို ရောက် နေခဲ့ပါပြီ။ အစိုးရအသစ်ရဲ့ တာဝန်ယူလာတဲ့ဝန်ကြီးတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေဆိုတာ ဒါတွေကို ထိုပုဂ္ဂိုလ်တွေရဲ့ များပြားတဲ့ အလုပ်တာဝန်တွေကြားမှာ တိတိကျကျ သိနိုင်ဖို့ ခက်ခဲလှပါတယ်။ အစိုးရကို လူထုထောက်ခံမှု၊ ယုံကြည်မှုရရှိဖို့ လုပ်ဆောင်ပေးကြရမယ်ဆိုရင် နိုင်ငံ့ ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ အရေးပါလာတော့မှာ ဖြစ်ပါတယ်။

နောက်တောင်သူလယ်သမားတွေနဲ့ ပတ်သက်လို့ ကြားရတဲ့ သတင်းတစ်ပုဒ်ကလည်း ရှိပါသေးတယ်။ စိုက်ပျိုးစရိတ်အတွက် လယ်သမားလိုသလောက်ကို လိုတဲ့အချိန်မှာ မရခဲ့ကြဘူးဆိုတဲ့ အချက်တစ်ချက်ပါ။ ဒါကို ရှင်းလင်းတဲ့ ဥပမာနဲ့ပြောရမယ်ဆိုရင် လယ် ၁၅ ဧကရှိတဲ့ လယ်သမားတစ်ဦးအနေနဲ့ လယ် ၁၀ ဧက အတွက်သာ နိုင်ငံတော်က ချေးငွေချေးပေးနိုင်တယ်ဆိုတဲ့ အချက်ပါ။ နောက်လိုတဲ့အချိန်မှာ မရဘူးဆိုတာကတော့ အထက်မှာ တင်ပြခဲ့ပြီးဖြစ်တဲ့အတွက် ထပ်မဖော်ပြ လိုတော့ပါ။ တောင်သူလယ်သမား လိုသလောက် နိုင်ငံတော်က ဘာလို့မချေးပေးနိုင်ရတာလဲဆိုတဲ့အချက် ဟာ ယခုဆောင်းပါးရဲ့ အစပိုင်းမှာ ကျွန်တော်တင်ပြခဲ့သလို နိုင်ငံတော်အနေနဲ့ အခြားအခြားသောစက်မှုလုပ်ငန်းတွေ၊ စီမံကိန်းတွေအပေါ်မှာ ကျပ်သန်း ဘီလီယံနဲ့ချီပြီး ရင်းနှီး မြှုပ်နှံကြပေမယ့် ဒီလိုနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွေအပေါ်မှာတော့ အဘယ်ကြောင့် မစို့မပို့ရင်းနှီး မြှုပ်နှံပေးပြီး အမျိုးမျိုးသော စစ်ဆေးမှုတွေအကြားမှာ နှောင့်နှေးအောင် ပြုနေကြရသလဲဆိုတဲ့အချက်ပါ။

လယ်သမားတွေ ချေးငွေရယူကြရတဲ့နေရာမှာ စာချုပ် ချုပ်ဆိုကြရာမှာလည်း သူတို့ပိုင်ဆိုင်တဲ့ ပုံစံ (၇)တွေကို သက်ဆိုင်ရာ စိုက်ဘဏ်တွေမှာ အပေါင်သဘောမျိုး အပ်နှံ ထားခဲ့ကြရတယ်ဆိုတဲ့ အသံတွေလည်း ကြားခဲ့ရပါသေး တယ်။ နောက် ဒါနဲ့ တစ်ဆက်တည်း တင်ပြလိုတဲ့အချက် ကတော့ ချေးငွေပမာဏပါ။ ယခင်နှစ်အထိတော့ တစ်ဧကကို ငွေကျပ် တစ်သိန်းချေးပေးပါတယ်။ ယခုနှစ်မှာ တော့ ကျပ် တစ်သိန်းခွဲ (သို့မဟုတ်) ကျပ် နှစ်သိန်း ချေးပေးဖို့နဲ့၊ အတိုးနှုန်းကိုလည်း ယခင် ၈ ရာခိုင်နှုန်းကို ပြင်ဆင်မလား၊ ယခုအတိုင်း ဆက်ချေးပေးမလားဆိုတာ တာဝန်ရှိသူတွေက အစိုးရအဖွဲ့ကို တင်ပြထားတယ်လို့ လည်း ကြားသိနေရပါတယ်။

အချုပ်အားဖြင့် အပေါ်မှာကျွန်တော့်အနေနဲ့ ရှည်ရှည် ဝေးဝေးတင်ပြခဲ့တဲ့ အကြောင်းတွေအပေါ် ကောက်ချက် ဆွဲလိုက်တဲ့အခါ နိုင်ငံတော်ရဲ့ ပင်မအသက်သွေးကြော ဖြစ်တဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ဘယ်သူတွေက တာဝန်ယူပြီး ပြဋ္ဌာန်း ဥပဒေရှိရင် ရှိတဲ့အတိုင်း ဘယ်လိုအကောင်အထည်ဖော် ပေးမှာလဲဆိုတာရယ်၊ နောက်လယ်သမားတွေရဲ့ လယ်ယာ လုပ်ငန်းတွေအတွက်ဆိုရင် အခြားသောစက်မှုလုပ်ငန်း တွေမှာ ရင်းနှီးမြှုပ်နှံတဲ့ ငွေကြေးထက်ပိုသင့်သလား၊ မစို့မပို့နည်းနေသင့်သလား ဆိုတာရယ်၊ နောက်အချိန် အခါမီ ရုံးဝန်ထမ်းတွေက အားစိုက်လုပ်ပေးကြဖို့သင့်၊ မသင့် ဆိုတာရယ်၊ ကျေးလက်ဘဏ်စနစ်ကို ပြန်လည် အကောင်အထည်ဖော်ပေးဖို့ရယ်၊ တောင်သူလယ်သမား တွေရှိရင် ရှိတဲ့လယ်ဧကအတိုင်း ချေးငွေထုတ်ချေး ပေးသင့်တယ်ဆိုတဲ့ အချက်တွေကို တွေ့ရှိကြရမယ်လို့ ထင်ပါတယ်။

ဒါကြောင့် နောက်ဆုံးနိဂုံးချုပ် အကြံပြုတင်ပြလိုတဲ့ အချက်ကတော့ အစိုးရအသစ်အနေနဲ့လည်း ယခုလို တက်လာစ ရက်ပိုင်းလေးမှာပဲ ယခုတင်ပြပါ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်း လူဦးရေရှိသော တောင်သူလယ်သမား ကျေးလက်နေလူတန်းစားတွေရဲ့ အကျိုးစီးပွားကို ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေအပေါ်မူတည်ပြီး တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေအတိုင်း စိတ်ဝင်တစား ဦးစားပေးအကောင်အထည်ဖော်ပေးမယ်။ လုပ်ဆောင် ပေးမယ်။ အောက်ခြေမှာ အမှန်တကယ်အကောင်အထည် ဖော်ပေးနေရတဲ့ နိုင်ငံ့ဝန်ထမ်းငယ်တွေကို တွန်းအားပေး၊ ဖိအားပါပေးမယ်ဆိုရင် အစိုးရအသစ်အတွက် မရှိ ဆင်းရဲသားတောင်သူလယ်သမားတွေက ပေးလာမယ့် “ယုံကြည်အားကိုး”ဆိုတဲ့ ဆုလာဘ်ကို နှစ်သစ်အကူးမှာ အရင်ဦးဆုံးရယူ သိမ်းပိုက်သွားနိုင်မယ့် အခွင့်အရေး အမှန်ပင်ရှိနေမည်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာ ရှေ့ထားလို့ အစိုးရအတွက်ရော၊ လယ်သမားတွေအတွက် ပါ ရေးသားတင်ပြလိုက်ရပါတယ်ခင်ဗျား။ ။



# ကြေးမုံနှင့်မောင်မိုးသူ

**မောင်မိုးသူ**

ကြေးမုံသတင်းစာဟာ ၅၉ နှစ် ပြည့်ပြီတဲ့။ မောင်မိုးသူက ၇၉ နှစ်ပြည့်မှာမို့ မောင်မိုးသူက ကြေးမုံထက် အနှစ် ၂၀ ကြီးပြီး အသက် (၂၀) မှာ စာရေးနေပြီဖြစ်လို့ ကြေးမုံ ပြန်ပေါ်လာပုံကို အသေအချာ မှတ်မိနေပါတယ်။ ကြေးမုံကို တည်ထောင်သူက ဦးသောင်း (အောင်ဗလ) ဖြစ်ပါတယ်။ ဦးသောင်း (အောင်ဗလ)နှင့် မောင်မိုးသူ သိပ်မရင်းနှီးလှပေမယ့် သူ့ဇနီး မြမြစိန်ကတော့ မောင်မိုးသူနှင့် ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ပါတယ်။ မြမြစိန်ဟာ မောင်မိုးသူထက် နှစ်နှစ်ကြီးပါတယ်။ မောင်မိုးသူရဲ့ အစ်မ မမစိန်ထက် နှစ်နှစ်ငယ်ပါတယ်။ မြမြစိန်က ပုလိုင်းမှာနေတာ။ မမစိန်၊ မြမြစိန်၊ မောင်မိုးသူတို့ မောင်နှမ သုံးယောက် စက်ဘီးနှင့် တိုင်းချစ်ကျောင်းကို ကျောင်းသွားတက်ရတာ ဖြစ်ပါတယ်။ တိုင်းချစ်ကျောင်းကို ရောက်သွားရတာက မောင်တင်ဦး၊ ဇော်ဝမ်းတို့အဖေ ဦးသိန်းဖေနှင့် မောင်မိုးသူအဖေတို့က နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ ဖြစ်ပါတယ်။ စစ်ပြီးခေတ် ဆရာကြီး ဦးရာဇတ်ရဲ့ နေရှင်နယ်ကျောင်းမှာ ဖေဖေက မောင်မိုးသူတို့မောင်နှမကို ထားပါတယ်။ တစ်နှစ်လောက် အကြာမှာ ဦးသိန်းဖေက တိုင်းချစ်ကျောင်း ထောင်တော့ ဖေဖေ့ သားသမီး နှစ်ယောက်၊ သူ့ကျောင်းပြောင်းထားရမယ်ဆိုလို့မောင်မိုးသူတို့ မောင်နှမ တိုင်းချစ်ကျောင်းပြောင်းရတာပါ။ အရပ်ချင်းနီးတဲ့ မြမြစိန်နှင့် မောင်မိုးသူတို့မောင်နှမ တိုင်းချစ်ကျောင်းကို သွားရတာပေါ့။ မြမြစိန်က မိုးကုတ်ဆက် ဖြစ်ပါတယ်။ မန္တလေးဈေးချိုတိုက်တန်းကြီးမှာ အောင်ချမ်းသာဆိုင်ဖွင့်ပါတယ်။ ဦးသောင်းနှင့် မြမြစိန် ဘယ်လိုတွေ့ဆုံ အိမ်ထောင်ကျတာ မောင်မိုးသူ မသိပါ။ ကျောက်မြောင်းဈေးထိပ်က ကြေးမုံသတင်းစာတိုက်ဖွင့်တော့ မောင်မိုးသူ အဲဒီတိုက်ကိုရောက်ပါပြီ။ ကြေးမုံတိုက်နံဘေးမှာ အောင်ချမ်းသာလုပ်ငန်း ရှိပါတယ်။ မြမြစိန်ဟာ မိုးကုတ်သူ ဖြစ်ပြီး ရှုမဝထောင်ဆု စာပေကလောင်ရှင် ဖြစ်ပါတယ်။ "အညွှန့်ပန်း" ဝတ္ထုရေးပြီး ရှုမဝထောင်ဆု ရခဲ့တာပါ။

ဦးသောင်း (အောင်ဗလ) ဟာ ဦးအုန်းခင်ရဲ့ ဗမာ့ခေတ်မှာ လုပ်ခဲ့တာပါ။ သူကိုယ်တိုင် ကြေးမုံတိုက်ကိုထောင်တော့ မြန်မာပြည်မှာ ပထမဆုံး ပတ်လည်စက် စက္ကူလိပ်နဲ့ရိုက်တဲ့ စက်ကို တင်သွင်းရိုက်နှိပ်ခဲ့တာဖြစ်လို့ ထိုင်းနိုင်ငံက သတင်းစာ ဆရာများ ကြေးမုံတိုက်ကို လာပြီးတော့ လေ့လာရတယ်လို့ ကြားဖူးပါတယ်။ ကြေးမုံက ပိုင်းလော့ဂျာနယ် စထုတ်ပါတယ်။ အဲဒီဂျာနယ်အဖုံးဟာ အာကာသကို သွားတဲ့ ဒုံးပျံပုံနဲ့လို့ မောင်မိုးသူထင်တာပါပဲ။ အမှတ်- ၁ ကြေးမုံသတင်းစာထွက်တော့ မောင်မိုးသူက တက္ကသိုလ်က သတင်းတွေ ပေးနေပါပြီ။ဦးသောင်းဟာ စီမံခန့်ခွဲမှု အလွန်ကောင်းပါတယ်။ သတင်းစာဆရာကြီး ဆရာဇဝနကို အယ်ဒီတာချုပ်အဖြစ် ခန့်အပ်ပြီး လက်စောင်းထက် ကလောင်သွက်လှတဲ့ စိန်ခင်မောင်ရီကို အယ်ဒီတာအဖြစ် ခန့်ခဲ့တာ ဖြစ်ပါတယ်။ ကြေးမုံမှာ ကာတွန်း ဦးဖေသိန်းရဲ့ နီတိတို့၊ ကာတွန်း အောင်ရှိန်ရဲ့ ခင်တို့ စပြီး ပါခဲ့တာပါ။ ကြေးမုံသတင်းစာမှာ ပတ်စာခွာ ဖျာသိမ်း လုပ်နိုင်စွမ်းရှိတဲ့ ဦးဝင်းတင်ကို ခေါ်ခဲ့သလို ဦးသော်ကိုလည်း မန်နေဂျာ ခန့်ခဲ့ပါတယ်။ အဲဒီဦးသော်ဟာ ယခု မောင်မိုးသူနဲ့ အတူ ဦးဝင်းတင် ဖောင်ဒေးရှင်းမှာ နာယကလုပ်ရသူ ဖြစ်ပါတယ်။ ကြေးမုံမှာ ငွေဥဒေါင်းလည်း လုပ်ပါတယ်။ ငွေဥဒေါင်းကလောင်နာမည်က ကြီးမောင်ဆိုပြီး စာကြေးမုံကဏ္ဍကိုင်ရသူ ဖြစ်ပါတယ်။ မောင်မိုးသူ မှတ်မိသမျှက ကြေးမုံမှာ မန်နေဂျာလုပ်သူက ကိုကြည်မြင့်လို့ မှတ်မိတာပါပဲ။ ကြေးမုံမှာ မောင်မိုးသူတို့က သတင်းအတိုအထွာတွေ ရေးနေရာက ကြေးမုံက "သောကြာ" ဆိုတဲ့ ၁ ကျပ်တန် ရယ်စရာ စာစောင် ထုတ်လာပါတယ်။ ဆရာဇဝန ဦးစီးတာပါ။ မောင်မိုးသူတို့တစ်တွေကို ရယ်စရာ ရေးဖို့ တောင်းပါတယ်။ မရေးတတ်ဘူးပြောလို့ အင်္ဂလိပ်ဘာသာ ဟာသစာအုပ်တွေ ပို့ပေးပြီး မောင်မိုးသူတို့က ဂါဝန်ချွတ် ထဘီဝတ် ဟာသဝတ္ထုများ ရေးရပါတယ်။ တစ်ပုဒ်ကို ၁၅ ကျပ်ရပါတယ်။ တစ်လ တစ်ပုဒ်ကနေ နှစ်ပုဒ်ထိ ရေးပါတယ်။ အဲဒီတုန်းက မန္တလေးမှာနေတဲ့ ကိုကိုကြီး (အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး၊ ကဗျာဆရာ ဒွာရာဝတီဘုန်းလူ) က ဘူကိုးလံဆိုတဲ့ နာမည်နဲ့ ရေးပါတယ်။ မောင်မိုးသူ ဘာသာပြန် ဝတ္ထုတွေ ရေးတဲ့အချိန်မှာ ဘာသာပြန် ဝတ္ထုတွေ ရေးတဲ့ မောင်မြင့်ကြွယ်ကလည်း သောကြာမှာ မောင်ညစ်ကျယ်ဆိုတဲ့နာမည်နဲ့ ရေးပါတယ်။ မောင်မိုးသူ သောကြာမှာရေးတဲ့ ကလောင်နာမည်က "အစ်ကိုဆွေ" ဖြစ်ပါတယ်။ သောကြာမှာ ပင်တိုင်ရေးပြီး အထက်ပါ ဗမာနိုင်ငံ စာရေးဆရာအသင်းရဲ့ အမှုဆောင်လည်းဖြစ်တော့ ရန်ကုန်ရောက်တိုင်း ကြေးမုံကို ဝင်ဖြစ်ပါတယ်။ အဲဒီမှာ စိန်ခင်မောင်ရီ၊ ဦးဝင်းတင်တို့၊ ကိုတင်ထွေးတို့နဲ့ရင်းနှီးရတာပါ။ ကြေးမုံက သောကြာစာစောင်ကို မလုပ်တော့ဘဲ ဦးမောင်လေးကို လွှဲပေးလိုက်တော့မှ မောင်မိုးသူတို့ မရေးဖြစ်တော့တာ ဖြစ်ပါတယ်။ ကြေးမုံကို ပြည်သူပိုင်သိမ်းပြီးနောက် ကြေးမုံအုပ်လည်း ခေါင်းကွဲသွားပါတယ်။ မန္တလေးက မန်းခေတ် သတင်းစာကိုဦးလှရွှေက "မန်းခေတ်" သတင်းစာထုတ်ပါတယ်။ ဒါပေမယ့် တကယ်လာလုပ်ပေးတဲ့ ပုဂ္ဂိုလ်ကတော့ စိန်ခင်မောင်ရီ ဖြစ်ပါတယ်။ စိန်ခင်မောင်ရီ ရန်ကုန်ပြန်ပြောင်းသွားတော့ ကိုတင်ထွေး မန်းခေတ်ရောက်လာပါတယ်။ ကိုတင်ထွေး ရှိစဉ်မှာပဲ ညအယ်ဒီတာအဖြစ် ကျောင်းသားခေါင်းဆောင်လုပ်နေတဲ့ ကိုသာနိုးကို ညအယ်ဒီတာ ခန့်ပါတယ်။ ကိုသာနိုးက ကျောင်းသား နိုင်ငံရေး တာဝန်တွေနဲ့မအားလို့ မောင်မိုးသူကို သူ့နေရာဖြစ်တဲ့ ညအယ်ဒီတာအဖြစ် မန်းခေတ်မှာ တာဝန်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ မောင်မိုးသူရဲ့ သတင်းစာသမားဘဝဟာ မန်းခေတ်မှာ စတာဖြစ်ပါတယ်။ မန်းခေတ် သတင်းစာ ရပ်သွားပြီးတဲ့ နောက် ကိုသာနိုးနဲ့ မောင်မိုးသူ "ခေတ် ဂျာနယ်" လုပ်ကြပါသေးတယ်။ ခေတ်ဂျာနယ်ရဲ့ ပင်တိုင်ကာတွန်း ဆရာက ဝင်းဖေ ဖြစ်ပါတယ်။ ခေတ်ဂျာနယ် ရပ်သွားမှ ဝင်းဖေက လူထုကိုရောက်သွားတာဖြစ်ပါတယ်။ ဒီတော့ မောင်မိုးသူရဲ့ သတင်းစာဆရာဘဝ အစဟာ ကြေးမုံလို့ ပြောရမယ် ထင်ပါတယ်။ ကြေးမုံကတော့ မောင်မိုးသူ ရန်ကုန်ရောက်ရင် မဝင်မဖြစ်တဲ့ တိုက်ပါ။ မဟာဗန္ဓုလလမ်း နဲ့ ၅၂ လမ်းထိပ် ကြေးမုံတိုက်သစ်ခေတ်အထိလောက်ပါပါတယ်။ ဦးဝင်းတင်က အဲဒီအချိန်ထိ ကြေးမုံမှာ ရှိတုန်းပါပဲ။ မောင်မိုးသူက သတင်းစာဆရာ၊ စာရေးဆရာ၊ စာအုပ်ထုတ်ဝေသူ ဘဝကနေ သူငယ်ချင်း တက္ကသိုလ် ကိုကိုလေးကို အကြောင်းပြုပြီး ရုပ်ရှင်လောကကို ရောက်သွားပါတယ်။ မြမြစိန်ကတော့ မောင်မိုးသူကို စာရေးဆရာဘဝမှာရော ရုပ်ရှင်ဒါရိုက်တာဘဝမှာပါ သူငယ်ချင်းဆိုပြီး အဆက်အဆံ ရှိခဲ့ပါတယ်။

ကြေးမုံမှာ ဆုံခဲ့ရတဲ့ ဦးဝင်းတင်တို့၊ ကိုတင်ထွေးတို့နဲ့ မန္တလေး "ဟံသာဝတီ" ပြောင်းလာတော့လည်း တွေ့ရဆုံရတာပါပဲ။ မောင်မိုးသူဟာ ဦးဝင်းတင် ဟံသာဝတီ လာထုတ်တော့ မောင်မိုးသူက ရန်ကုန် ရောက်နေပါပြီ။ ဟံသာဝတီမှာ မောင်မိုးသူ မှတ်မှတ်ရရ ဆောင်းပါးတစ်ပုဒ်ပဲ ရေးဖြစ်ပါတယ်။ ဦးဝင်းတင်နဲ့ကတော့ ရှစ်လေးလုံးမှာ အတူတူ၊ NLD မှာအတူတူ၊ ထောင်ထဲမှာအတူတူ၊ ဦးဝင်းတင်ဖောင်ဒေးရှင်း တည်ထောင်တော့ မောင်မိုးသူ နာယက လုပ်ခဲ့ပါတယ်။ ဧပြီ ၂၁ ရက်ဆိုရင် ဦးဝင်းတင် ကွယ်လွန်တာ နှစ်နှစ်ပြည့်ပြီပဲ။ ရန်ကုန် တော်ဝင်နှင်းဆီမှာ နှစ်နှစ်ပြည့် လုပ်ဆောင်မှာ ဖြစ်သလို ပြင်သစ်နိုင်ငံ ပါရီမှာ ပြုလုပ်တဲ့ ပွဲအတွက်လည်း မောင်မိုးသူ သဝဏ်လွှာ ပို့ပေးခဲ့ရပါတယ်။ ကြေးမုံမှာစခဲ့ရတဲ့ ခရီးကြီးက မဆုံးနိုင် လို့ အခု "ပြောင်းလဲချိန်တန်ပြီ" ကြေးမုံမှာလည်း မောင်မိုးသူ ရေးနေရပြန်ပါပြီ။

ကြေးမုံနှင့်မောင်မိုးသူပါ။

■

## ■ ပြည်သူ့ကျန်းမာရေးမှ

"ပြည်ပကဝင်လာပြီးဈေးကွက်လုမှုတွေကြောင့် ကြက်ဈေးကွက်ကလက်ရှိအချိန်မှာ အတက်အကျ သိပ်မြန်တယ်။ ဒါတွေကို မထိန်းချုပ်နိုင်ရင် တိုးတက်စရာမရှိဘူး။ကျွန်တော်တို့နိုင်ငံမှာ လူသုံးကုန်ပစ္စည်းနဲ့ပတ်သက်ရင် အပ်ကနေလေယာဉ်အထိ ပြည်ပကနေ ဒေါ်လာနဲ့ဝယ်နေရလို့ အသားကိုတောင် ပြည်ပကနေဝယ်စားရမယ်ဆိုရင် နိုင်ငံခြားငွေကို ဖြုန်းတီးရာရောက်ပါတယ်။ ပြည်တွင်းကိုသွင်းမယ်ဆိုရင်လည်း သက်ဆိုင်ရာဌာနတွေနဲ့ညှိနှိုင်းပြီး တရားဝင်သွင်းပေါ့။ ဒါပေမယ့် ထုတ်လုပ်မှုပမာဏအရ ပြည်တွင်းထုတ်လုပ်မှုနဲ့လုံလောက်နေပါတယ်။ အမှတ်တကယ်လိုအပ်နေတာက နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုပါ။ ပံ့ပိုးကူညီပေးမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ယုံတယ်"ဟုဂင်းက သုံးသပ်ပြောကြားသည်။

ထို့ပြင် ပြည်တွင်းစားသုံးမှု လုံလောက်သည် ဆိုသော်လည်း ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရန်အတွက် ပြည်ပအေးခဲကြက်သားများ ဝင်လာခြင်းကြောင့် စွန့်စားထုတ်လုပ်မည့်သူမရှိသလောက် နည်းပါးနေပြီး နည်းပညာအခက်အခဲကြောင့်လည်း လုပ်ငန်းရှင်များ ချင့်ချိန်လုပ်ကိုင်နေသည့် အနေအထားဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံက ကြက်စာကုန်ကြမ်းဖြစ်တဲ့ ပြောင်း၊ ဖွဲတွေက တရုတ်ပြည်ကိုထွက်သွားပြီး ကြက်စာအဖြစ် ပြန်ဝင်လာတဲ့အခါ ဈေးကြီးပေးပြီးပြန်ဝယ်ရတယ်။ နောက်တစ်ခုက နည်းပညာအခက်အခဲပဲ။ လက်ရှိအခြေအနေအရ အပူချိန်အရမ်းမြင့်နေတယ်။ အပူချိန် ၄၄-၄၅ဆိုတော့ ကြက်တွေအပူဒဏ်မခံနိုင်ဘဲ ၅ ရာခိုင်နှုန်းကနေ၁၀ရာခိုင်နှုန်းအထိသေဆုံးမှုတွေရှိနေတယ်။ အပူချိန်လျှော့ချဖို့ မလုပ်နိုင်သေးဘူး။ သမားရိုးကျ ရေဖျန်းတာလောက်ပဲ လုပ်နိုင်သေးတယ်။ နည်းပညာပံ့ပိုးမှု လိုအပ်နေပါတယ်" ဟုဆိုသည်။

မွေးမြူရေးသမားများအတွက် အဓိကအခက်အခဲအနေဖြင့် မွေးမြူရန် မြေနေရာအခက်အခဲကြောင့် ကျီးလန့်စာစားလုပ်ကိုင်နေရပြီး နိုင်ငံတော်အတွက် လုပ်ကိုင်နေရသည့် မွေးမြူရေးသမားများအတွက်ခိုင်မာသည့်မြေနေရာရရှိရန်လိုအပ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**




## ✱ လူမှုကွန်ရက်မှ

သန့်စင်ခန်းကလည်း သုံးလုံးပဲရှိတာဖြစ်ပြီး လုံလောက်မှုမရှိတာတွေကိုတွေ့ရပါတယ်။ အမှိုက်ပုံးတွေဆိုလည်း အမြဲပြည့်နေပါတယ်။ သန့်ရှင်းရေးဝန်ထမ်းကလည်း တစ်ဆောင်ကို နေ့ နှစ်ဦး၊ ည နှစ်ဦးပေါင်းမှ လေးဦးပဲရှိတာပါ ။တစ်ဆောင်ကို အမှိုက်ပုံးအကြီး နှစ်ပုံး၊ အသေးခြောက်ပုံးထားပေးထားပါတယ်။ အမှိုက်တွေကို နေ့ပိုင်းတာဝန်ကျသန့်ရှင်းရေးသမားက လုပ်ရမှာ။ တစ်ရက်နှစ်ရက်လောက်မပစ်မိတော့ အခုလို အမှိုက်တွေကပုံပြီး အနံ့ဆိုးတွေပါထွက်လာတာပါ။ အခုလည်း သန့်ရှင်းရေးဝန်ထမ်းတွေကို အရေးယူနိုင်ရေးအတွက် စစ်ဆေးနေပါပြီ"ဟု ပြောသည်။

ထပ်မံ၍ ၎င်းက"ဒီပြဿနာတွေကိုဖြေရှင်းဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ရပ်မိရပ်ဖတွေ၊ တိုင်းဒေသကြီး ကျန်းမာရေးဝန်ထမ်းတွေဟာ ဧပြီ ၂၀ ရက်က လာရောက်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။ လက်ရှိ သန့်ရှင်းရေးဝန်ထမ်းအင်အားတွေထပ်တိုးဖို့နဲ့ ရှိရင်း ဆေးရုံလုံခြုံရေးဝန်ထမ်းတွေကိုပါ သန့်ရှင်းရေးဝန်ထမ်းအဖြစ် ပြောင်းလဲတာဝန်ပေးဖို့ ဆောင်ရွက်ထားပါတယ်။ ဆေးရုံက လုံခြုံရေးဝန်ထမ်းတွေကိုတော့ လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းတွေအဖြစ် ပြောင်းလဲခန့်အပ်သွားဖို့အတွက် လျာထားပါတယ်။ ဒါမှလည်း လိုအပ်နေတဲ့ ဆေးရုံသန့်ရှင်းရေးနဲ့ လုံခြုံရေးကို ကောင်းစွာထိန်းသိမ်းနိုင်မှာပါ။ လူနာနဲ့ လူနာစောင့်တွေက ပုံမှန်လျာထားချက်ထက် များပြားသလို ဆေးရုံတက်လူနာကလည်း တစ်ဆောင်ကို၅၀တောင်မလောက်လို့ ကြားခုတင်ထိုးပြီး ကုသနေတာတွေကလည်းရှိနေပါသေးတယ် ။ လူနာနဲ လူနာစောင့် အင်အားကများတော့ သန့်ရှင်းရေးနဲ့ ဆေးရုံလုံခြုံရေး အပိုင်းတွေက တာဝန်ကြီးလေးတာပါပဲ" ဟု ပြောသည်။

အဆိုပါဆေးရုံ၌ အမျိုးသား/အမျိုးသမီး လူနာခွဲစိတ်ဆောင် နှစ်ဆောင်၊ ဖျားနာဆောင် နှစ်ဆောင်၊ ကလေးကုသဆောင် နှစ်ဆောင်၊ အရိုးရောဂါကုသဆောင် တစ်ဆောင်၊ သားဖွားမီးယပ် ကုသဆောင် နှစ်ဆောင်နှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ကုသဆောင် တစ်ဆောင်တို့ဖြင့် စုစုပေါင်း ကုသဆောင် ၁၀ ခု ရှိကြောင်းသိရသည်။ သန့်ရှင်းရေးဝန်ထမ်းအင်အားမှာလည်း တစ်ဆောင်လျှင်နေ့/ည လေးဦးသာ ရှိသောကြောင့် ဝန်ထမ်းအင်အားလောက်ငမှုမရှိကြောင်း၊ တစ်ဆောင်လျှင်သန့်စင်ခန်း သုံးလုံးသာရှိ၍ မလောက်ငကြောင်း ဆေးရုံအုပ်ကြီးရုံးမှ သိရသည်။ယခုအခါထပ်မံ၍ သန့်စင်ခန်းများ တိုးချဲ့ဆောက်လုပ်ရန် လျာထားပြီး လက်ရှိ ဆောက်လက်စ တိုးချဲ့ဆေးရုံသစ်ကြီးပြီးစီးသွားလျှင် ရှိရင်းလူနာများ ချောင်လည်စွာဖြင့် ဆေးကုသခံမှုယူနိုင်ကြမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ (စိုးဝင်း-MLA)**



# မွေးဖွားခြင်းမှ သက်ကြီးရွယ်အိုဘဝအထိ လူမှုဘဝလုံခြုံအောင် ဆောင်ရွက်သွားမည်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

တွေ့ဆုံမေးမြန်း – သူရဇော်၊ သန့်ဇင်ဝင်း
ဓာတ်ပုံ – အေးသန်း(သတင်းစဉ်)

ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို ပိုမိုဖန်တီးပေးနိုင်ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူတို့ကယုံကြည်ကိုးစားရသော ဝန်ကြီးဌာနဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၏ ပြောကြားမှုများအပါအဝင် တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်၍ ဖော်ပြလိုက်ပါသည် -

**မေး။ ။ ဆရာရဲ့ ဖြတ်သန်းခဲ့ရတဲ့အတွေ့အကြုံကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော် ၁၉၈၀ ခုနှစ်မှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်ကနေ ဆေးဘက်ဆိုင်ရာဆရာဝန်ဘွဲ့ရရှိခဲ့ပြီး ပါရဂူဘွဲ့လွန်အထိရရှိခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်ကနေ ၂၀၁၅ ဇွန်လအထိ နိုင်ငံတာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဆေးတက္ကသိုလ် (မကွေး)မှာ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း ဝန်ထမ်းတွေ၊ ဆရာဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဆေးပညာသင်ကြားမှုကို ခေတ်နဲ့အညီ သင်ကြားသင်ယူမှုနည်းစနစ်တွေ၊ ပြုပြင်ပြောင်းလဲရေးနဲ့ခံယူချက်တွေပြောင်းလဲရေးအတွက် Student Service Center ထူထောင်ပြီး ကျောင်းတွင်းဒီမိုကရေစီစနစ်ကို လေ့ကျင့်ပေးခဲ့ပါတယ်။

ဒါ့အပြင် မကွေးတိုင်းဒေသကြီးက ကျေးလက်နေပြည်သူတွေရဲ့ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးတိုးတက်ဖို့အတွက် ကမ်းဆင့်လက်များ ပရဟိတအဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့တဲ့အပြင် နာရေးကူညီမှုအသင်း(မကွေး)ရဲ့ ကရုဏာရှင် အခမဲ့ဆေးကုခန်းမှာ တာဝန်ခံဆရာဝန်အဖြစ် ၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပါတယ်။

အခြားအသင်းအဖွဲ့တွေအနေနဲ့ မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီရဲ့ ကျန်းမာရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ရဲ့ စီမံခန့်ခွဲရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းဖြစ်မြောက်ရေး လုပ်ငန်းကော်မတီဝင်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေး အာမခံဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးပညာအသင်းမှာ ရာသက်ပန်အသင်းဝင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှာ ဗဟိုကော်မတီဝင်နဲ့ ပညာရေးရာ ကော်မတီဥက္ကဋ္ဌတာဝန်တွေကို ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ လက်ရှိချမှတ်ထားတဲ့မူဝါဒတွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ လူတွေဘေးကင်းလုံခြုံဖို့နဲ့ ဝန်ကြီးဌာနကို ပြည်သူတွေကနေ ကိုးစားယုံကြည်လာအောင် ဆောင်ရွက်ရမယ့် အပိုင်းတွေက အဓိကအရေးကြီးပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုတွေမှာ ပြည်သူတွေပါဝင်ဖို့ လိုပါတယ်။ ပြည်သူတွေရဲ့ဘဝ လုံခြုံတိုးတက်ဖို့၊ ဘေးကင်းစိတ်ချရဖို့၊ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ အသိတရားကလည်း ပြည်သူတွေမှာ ရှိဖို့လိုပါတယ်။ ပြည်သူတွေပါဝင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့လည်း ပြည်သူတွေပါဝင်လာနိုင်တဲ့ နည်းလမ်းတွေကို ဖော်ဆောင်ထားဖို့လိုတဲ့အတွက် ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေနဲ့ နီးစပ်အောင်နေမယ်။ ဒါမှ ပြည်သူတွေပူးပေါင်းပါဝင်မှုက ပိုပြီးထိရောက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒါကျွန်တော်တို့ရဲ့ အဓိကမူဝါဒနဲ့ တကယ်ဆောင်ရွက်မယ့်ကိစ္စဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်အကောင်အထည်ဖော်သွားမယ့်လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့လုပ်ငန်းတွေကို ထိထိရောက်ရောက် လုပ်နိုင်ဖို့ချမှတ်ထားတဲ့ရက် ၁၀၀ စီမံချက်ဆိုတာရှိပါတယ်။ ဒါကကျွန်တော်တို့ဆောင်ရွက်ချက်တွေမှာ အဂတိလိုက်စားမှု ကင်းရမယ်၊ ထိရောက်ရမယ်၊ ထိရောက်တယ်ဆိုတာ စွမ်းဆောင်ရည်မြင့်မားရမယ့်သဘောကိုပြောတာပါ။

စွမ်းဆောင်ရည်မြင့်မားဖို့ အဂတိလိုက်စားမှု ကင်းရှင်းဖို့ လုပ်ဆောင်ရမယ့် အလုပ်တိုင်းမှာသတိထားရမယ့် ကိစ္စတွေဖြစ်ပါတယ်။ အဂတိလိုက်စားမှု ကင်းရှင်းဖို့ကို ထိရောက်စွာအရေးယူမယ်ဆိုရင် ပပျောက်မယ်။

နောက်တစ်ခုက ထိရောက်စွာဆောင်ရွက်နိုင်ဖို့၊ စွမ်းဆောင်ရည်မြင့်မားဖို့အတွက် ကျွန်တော်အပါအဝင် ဝန်ထမ်းအားလုံးက မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားနေရပါမယ်။ ဝန်ထမ်းတွေ၊ ပါဝင်ဆောင်ရွက်ရမယ့်လူတွေ အကုန်လုံး စွမ်းဆောင်ရည်မြင့်မားဖို့ကို သူတို့ကြိုးစားနိုင်အောင် ပံ့ပိုးကူညီပါ့မယ်။ ဒီလိုနည်းတွေနဲ့ အဓိကသွားမယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖြစ်တဲ့အတွက်ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ကိစ္စတွေ ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ ကယ်ဆယ်တယ်၊ ပြန်လည်နေရာချထားတယ်ပေါ့။

ဒါပေမယ့် အဓိကလုပ်ရမှာက သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်တဲ့လုပ်ငန်းကို အစိုးရအဖွဲ့သစ်အနေနဲ့ ပိုပြီးအားထည့်လုပ်ဆောင်နေပါတယ်။ ကြိုတင်ကာကွယ်မှုအပိုင်းကို ပိုပြီးအားထည့်လုပ်ဆောင်မယ့်အပိုင်းပါ။ ဖြစ်ရင်ထိထိရောက်ရောက်ကယ်နိုင်ဖို့၊ အလျင်အမြန်တုံ့ပြန်ပြီး ပြည်သူ့အကျိုးဆောင်ရွက်နိုင်ဖို့ ကြိုးစားအားထည့်သွားပါ့မယ်။

နောက်တစ်ချက်က ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စနစ်ကျဖို့လိုတယ်။ စနစ်တကျ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်မယ်။ ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို ပြန်ချုံ့ပြီးပြောရရင် လူမှုဘဝလုံခြုံစိတ်ချရဖို့၊ လူမှုရေးရာကိစ္စအဖြာဖြာဖြစ်တဲ့ ဟိုးမွေးကင်းစကနေပြီး သက်ကြီးရွယ်အိုအထိ လူမှုဘဝတိုးတက်ဖွံ့ဖြိုးဖို့ ကျွန်တော်တို့ဆောင်ရွက်ရမယ့် အပိုင်းတွေကို အားဖြည့်ဆောင်ရွက်သွားပါမယ်။




**မေး။ ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မယ်ဆိုတဲ့အပိုင်းကို ရှင်းပြပေးပါ။**

ဖြေ။ ။ တကယ်လို့ သဘာဝဘေးအန္တရာယ်တွေဖြစ်ရင် ထိထိရောက်ရောက် ကျွန်တော်တို့ ကယ်ဆယ်ဆောင်ရွက်မယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်မယ်။ အဲဒီမှာ ဘေးအန္တရာယ်နဲ့ ပတ်သက်လို့ ကြိုတင်ကာကွယ်မှုအပိုင်းတွေကို အားစိုက်နေတာရှိပါတယ်။ အားစိုက်နေတဲ့ ကြိုတင်ကာကွယ်မှုအပိုင်းက ဘာလဲဆိုတော့ ပြည်သူတွေ အသိရှိဖို့လိုပါတယ်။

သဘာဝဘေးအန္တရာယ်ဆိုတာ အချိန်မရွေးကျရောက်နိုင်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ကျရောက်နိုင်ပါတယ်။ တချို့က ကြိုတင်သိတာရှိသလို တချို့ကကြိုတင်မသိတဲ့ သဘာဝဘေးအန္တရာယ်တွေရှိပါတယ်။ ကြိုတင်သိတာပဲဖြစ်ဖြစ်၊ ကြိုတင်မသိတာပဲဖြစ်ဖြစ် သဘာဝဘေးအန္တရာယ် ကျရောက်လာရင် ပြည်သူလူထုအနေနဲ့ ဘယ်လိုလိုက်ပါဆောင်ရွက်ရမလဲဆိုတဲ့အသိရှိနေဖို့ကို ဆောင်ရွက်နေတာရှိပါတယ်။

ကြိုတင်ပြင်ဆင်မှုအပိုင်းအနေနဲ့ ပြီးခဲ့တဲ့ သဘာဝဘေးအန္တရာယ်ရဲ့ အတွေ့အကြုံတွေအပေါ် မူတည်ပြီး ပြည်သူလူထုကို ကြိုတင်သတိပေးတဲ့စနစ်ကို ခေတ်မီနည်းပညာစနစ်တွေနဲ့ ဆောင်ရွက်နေတဲ့အပြင် အရေးပေါ်တုံ့ပြန်မှုအဖွဲ့ကို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ၊ ခရိုင်တွေမှာ ဖွဲ့နေပါတယ်။ ဒီနေရာမှာတစ်ခုပြောရရင် ကျွန်တော်တို့ဝန်ကြီးဌာနက တစ်နိုင်ငံလုံးမှာ ဝန်ထမ်းအင်အား ၂၀၀၀ ကျော်ပဲရှိတဲ့အတွက် ပြည်သူလူထုကို ပြန်ပြီးအားကိုးရပါမယ်။ လူမှုအဖွဲ့အစည်းတွေ၊ တက်ကြွတဲ့ လူငယ်တွေကို အားကိုးရမယ်။

နောက်တစ်ခု အလွန်အားကိုးစရာကောင်းတာက မီးသတ်တပ်ဖွဲ့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြို့နယ်အထိ သူတို့ရဲ့အင်အားတွေရှိပြီး နေရာတိုင်းမှာ ပြည်သူနဲ့လည်းနီးစပ်ပါတယ်။ အဲဒီလိုနည်းနဲ့ လူမှုအဖွဲ့အစည်းတွေ၊ မီးသတ်တွေ၊ လူငယ်အဖွဲ့အစည်းတွေ၊ စိတ်ပါဝင်စားတဲ့ စေတနာရှင်မိဘပြည်သူတွေပါဝင်မှု ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ အရေးပေါ်တုံ့ပြန်မှုအဖွဲ့က အလုပ်လုပ်နိုင်မယ်။

နောက်တစ်ခုက အရေးပေါ်စီမံခန့်ခွဲဖို့ဆိုပြီး အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန တစ်ခုရှိပါတယ်။ ဒီဌာနကို ထပ်ပြီး တိုးချဲ့ဖွင့်လှစ်ဖို့လိုပါတယ်။ ဗဟိုဌာနမှာလုပ်နေတဲ့ အလုပ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ အဆင့်မြှင့်တင်သွားဖို့ ဆောင်ရွက်နေပါတယ်။ ဒီလိုမြှင့်တင်ရာမှာ တစ်ကမ္ဘာလုံးက သတင်းအချက်အလက်တွေ၊ မိုးလေဝသနဲ့ဇလဗေဒဆိုင်ရာကိစ္စတွေ၊ လတ်တလောအရေးပေါ်ဖြစ်ပျက်လာနိုင်တဲ့ကိစ္စတွေ၊ သူများနိုင်ငံမှာဖြစ်နေပြီး ကိုယ့်နိုင်ငံမှာ ဘယ်တော့ဖြစ်မလဲ စတဲ့သတင်းအချက်အလက်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ရယူရပါမယ်။ နောက်ပြီးဖြစ်လာရင် ပြည်သူလူထုပါဝင်မှုရမယ်ဆိုတော့ ပြည်သူလူထုက တကယ့်အသိတော့ရှိနေပြီ။ တကယ့်လက်တွေ့ကျရင် သိထားတဲ့အသိကို အသုံးချနိုင်ပါ့မလား ဆိုတဲ့ကိစ္စက အလွန်အရေးကြီးပါတယ်။

ပြည်သူလူထုကိုယ်တိုင်ပါဝင်ပြီး တကယ်ဖြစ်လာတဲ့အခါမှာ သွေးရူးသွေးတန်းဖြစ်မယ့်အစား ကိုယ်လေ့ကျင့်ထားတဲ့အသိနဲ့ လေ့ကျင့်မှုက တကယ်တမ်းထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့် လေ့ကျင့်ဇာတ်တိုက်တာတွေ လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဥပမာ ငလျင်လှုပ်ရင် ဘာလုပ်မလဲ၊ ရေကြီးရင် ဘယ်လိုလုပ်မလဲ၊ မိုးသည်းထန်စွာရွာပြီး လေပြင်းမုန်တိုင်းတိုက်ရင် ဘယ်လိုဆောင်ရွက်မလဲ၊ ဒါမျိုးကိစ္စတွေမှာ ဘယ်လိုမျိုးနေထိုင်ရမလဲဆိုတာကို အားလုံးသိထားဖို့လိုတယ်လို့ ယူဆပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဝန်ထမ်းအင်အားကနည်းတဲ့အတွက် စေတနာ့ဝန်ထမ်းလူငယ်တွေကို အားကိုးတယ်။ စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့တွေကို ခိုင်ခိုင်မာမာဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ ပုံစံမျိုးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ လူငယ်တွေအတွက် လူငယ်ရေးရာမူဝါဒကို လူမှု/ကယ်ဆယ်ဝန်ကြီးဌာနနဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ လူထုအခြေပြု အဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရေးဆွဲနေတဲ့အပြင် လမ်းပေါ်နေ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေကို ခွဲခြားနှိမ့်ချဆက်ဆံခြင်းကင်းရှင်းပြီး ဥပဒေနဲ့အညီ အခြားသူများနည်းတူ အခွင့်အရေးရရှိစေရေးကိုလည်း ဆောင်ရွက်နေပါတယ်။



**မေး။ ။ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ အယ်နီညိုကြောင့် ရေရှားပါးမှုပြဿနာတွေနဲ့ပတ်သက်ပြီး ရေဖြန့်ဝေခြင်းနဲ့ တာပေါ်လင်အသုံးပြု ယာယီရေသိုလှောင်ကန်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့အပြင် သောက်သုံးရေ အလွန်ခက်ခဲတဲ့ဒေသတွေမှာ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးနဲ့ ရေမသန့်မှုကြောင့် ဖြစ်ပွားလာနိုင်တဲ့ ရောဂါတွေကို ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ချင်းပြည်နယ်က မြေပြိုဆည်နဲ့ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်မှုစီမံချက်ကို ရေးဆွဲနေတဲ့အပြင် အရေးပေါ်ရွှေ့ပြောင်းရေးနဲ့ ထောက်ပံ့ရေး အစီအမံတွေကို ဆက်စပ်ဝန်ကြီးဌာနတွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင်ဆောက်ရွက်နေပါတယ်။

ပြည်တွင်းနေရပ်စွန့်ခွာ ဒုက္ခသည်စခန်းတွေရှိတဲ့ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့တွေ ပံ့ပိုးပေးခြင်း၊ ကလေးပျော်နေရာတွေ စီစဉ်ပေးခြင်း၊ အမျိုးသမီးသက်မွေးပညာ သင်ကြားပေးခြင်းနဲ့ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေပေးဖို့အတွက် ဆောင်ရွက် နေပါတယ်။

ဒါ့အပြင်လူမှုဝန်ထမ်းဝန်ဆောင်မှုဆိုင်ရာ Help Line Center ကို နေပြည်တော်ရုံးချုပ်နဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေနဲ့ပတ်သက်ပြီး မမှန်သတင်းတွေရှိရင်လည်း ပြန်လည်ဖြေရှင်းနိုင်ဖို့ ပြည်သူ့လူမှုဆက်ဆံရေးဌာနတစ်ခုကို ရန်ကုန်မှာဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။

လူမှုဝန်ထမ်းဌာနအနေနဲ့ မွေးဖွားတာကစပြီး သက်ကြီးရွယ်အိုအထိ လုံခြုံစိတ်ချရဖို့နဲ့ တိုးတက်ဖို့ စောင့်ရှောက်ရတဲ့ အခန်းကဏ္ဍရှိပါတယ်။ ဒါကြောင့် Early Childhood Development ဆိုပြီး မွေးကင်းစကလေးငယ်တွေကို အသက် (၃)နှစ်အထိ ရက် ၁၀၀၀ ကာလအတွင်းမှာ ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအကောင်းဆုံး ဖြစ်စေရေးအတွက် စီမံချက်ချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် သက်ကြီးရွယ်အိုအရေအတွက်ကလည်း ကမ္ဘာမှာ တဖြည်းဖြည်းနဲ့ တိုးလာသလို မြန်မာနိုင်ငံမှာလည်း သက်ကြီးရွယ်အိုအရေအတွက် တိုးလာနေပါတယ်။ ကမ္ဘာအနှံ့မှာလည်း သက်ကြီးရွယ်အိုတွေအတွက် စောင့်ရှောက်ခံရမှုက နည်းသွားတာကို တွေ့ရပါတယ်။ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး စီမံချက်တွေ ရေးဆွဲဆောင်ရွက်နေပါတယ်။

ဒီလိုစီမံချက်တွေ ဆောင်ရွက်ရင်းနဲ့ အမြတ်တစ်ခုထွက်တာက စီမံချက်တွေကို အကောင်အထည်ဖော်တဲ့နေရာတိုင်းမှာ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဥပမာ သက်ကြီးရွယ်အိုစောင့်ရှောက်မှုအတွက် သက်ကြီးရွယ်အိုစောင့်ရှောက်မယ့် သင်တန်းတွေပေးရင် ရပ်ရွာက သင်တန်းတက်တဲ့သူတွေ အလုပ်ရရှိသွားမှာဖြစ်ပါတယ်။

နောက်ဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ စီမံချက်ထဲမှာ ချက်ချင်းဆောင်ရွက်ရမယ့်ကိစ္စက ဝန်ထမ်းအင်အား တိုးချဲ့တာပါ။ ဝန်ထမ်းအင်အား အလွန်နည်းတဲ့အတွက် မြို့နယ်အဆင့်အထိ တိုးချဲ့သွားမှာဖြစ်ပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ။

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei AI-Emadi အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Alberto Cerezo Sobrino အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jaroslav Dolecek အား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း**(ယာပုံ)** နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံများအား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Levan Machavariani အား**(ဝဲပုံ)** ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ စပိန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Alberto Cerezo Sobrino အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ခါတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာ တင်သွင်းရောင်းချခြင်းကိစ္စ သတိပေးနှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သုံးစွဲနေသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေသြဇာဥပဒေ ပုဒ်မ(၃၁)အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ ပုဒ်မ(၃၄) အရလည်းကောင်း၊ တောင်သူလယ်သမားများ နားလည်လွယ်သော မြန်မာစာ စာသားများဖြင့် ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

၂။ သို့သော် အချို့ကုမ္ပဏီများမှာ မြေသြဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ပြီး ဖြစ်သော်လည်း တင်သွင်းနေသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများတွင် မူရင်းနိုင်ငံခြားဘာသာစကားများ အတိုင်းသာ ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ထို့အပြင် အချို့သောကုမ္ပဏီများမှ တင်သွင်းရောင်းချနေသော ဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးများသည် မြေသြဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည်ကိုလည်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာ စာသားဖြင့် ရေးသားဖော်ပြထားခြင်းမရှိသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်း ဖျက်သိမ်းမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသေးသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများအား တင်သွင်းရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ဓာတ်မြေသြဇာ ဥပဒေအမှတ် (၃၆)အရ လည်းကောင်း၊ ပိုးသတ်ဆေးဥပဒေအမှတ် (၄၃)အရလည်းကောင်း တင်သွင်းရောင်းချသူအားလုံးကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သတင်းဖြစ်ပေါ်လျက်ရှိသော ကော်ဖီမစ်ထုပ်ထဲတွင် အုန်းခွံမှုန့်၊ ဆီအုန်းကြိတ်ဖတ်မှုန့်များ ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိ

**နေပြည်တော် မေ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဈေးကွက်အတွင်းရှိ ကော်ဖီမစ်များနှင့်စပ်လျဉ်း၍ ထွက်ပေါ်နေသော သတင်းများအား စိစစ်အတည်ပြုနိုင်ရန် ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ကော်ဖီမစ်ထုတ်လုပ်သောစက်ရုံများသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း၊ ကုန်ကြမ်း၊ ကုန်ချောနမူနာများ ရယူစစ်ဆေးခြင်း၊ ဈေးကွက်အတွင်းရှိ ပြည်တွင်းပြည်ပမှ ထုတ်လုပ်သောကော်ဖီမစ်များ နမူနာကောက်ယူစစ်ဆေးခြင်းကို တစ်ပြိုင်နက်တည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းပစ္စည်းနမူနာ ၅၂ မျိုး၊ ကုန်ချောနမူနာ ၃၇ မျိုးတို့အား ဓာတ်ခွဲစစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ သတင်းဖြစ်ပေါ်လျက်ရှိသောအုန်းခွံမှုန့်၊ ဆီအုန်းကြိတ်ဖတ်မှုန့်များ ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။ သို့သော်စစ်ဆေးပြီးသော အမှတ်တံဆိပ်ပါကော်ဖီမစ်များတွင် ပါဝင်သောပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ ထုပ်ပိုးခွံတွင် ဖော်ပြရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ဈေးကွက်တွင် ဖြစ်ပေါ်နေသောသတင်းများ မှန်ကန်မှုမရှိကြောင်းနှင့် ကော်ဖီမစ်ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးသောလုပ်ငန်းများအား ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေ ၂၀ ရက်အထိ မီးမဆင်မခြင်ပေါ့ဆစွာသုံးစွဲမှုကြောင့် မီးလောင်မှုအများဆုံးဖြစ်ပွား

**နေပြည်တော် မေ ၂၂**

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေ ၂၀ ရက်အထိ နိုင်ငံတော်တစ်ဝန်းလုံး၌ မီးလောင်မှု ၈၇၂ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၄၂၇ ကြိမ်လောင်ကျွမ်းခဲ့သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာသုံးစွဲမှုကြောင့် မီးလောင်မှုအများဆုံးဖြစ်ပွားသည်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်ဖြစ်ပွားသည့် မီးလောင်မှုများတွင် မီးဖိုမီးပေါ့ဆမီး ၄၂၇ ကြိမ်၊ တောမီး ၁၈၂ ကြိမ်၊ လျှပ်စစ်မီး ၁၆၈ ကြိမ်၊ မသမာသူရှို့မီး အကြိမ် ၇၀၊ အလိုအလျောက် မီး ၂၁ ကြိမ်နှင့် စုံစမ်းဆဲ လေးကြိမ် အပါအဝင် စုစုပေါင်း မီးလောင်မှု ၈၇၂ ကြိမ်ဖြစ်ပွား၍ အိမ်ခြေအဆောက်အအုံ ၄၂၀၈ လုံး၊ စက်ရုံ/အလုပ်ရုံ ခုနစ်လုံးနှင့် ဂိုဒေါင် ၃၁ လုံးမီးလောင်ခံရပြီး ငွေကျပ် ၃၉၃၈၃ ဒသမ ၈၆ သန်းဆုံးရှုံးခဲ့သည်။ မီးဘေးကြောင့် အိုးမဲ့အိမ်မဲ့ ၈၂၄၄ ဦးရှိခဲ့ပြီး လူ ၂၃ ဦးသေဆုံး၍ ၅၀ ဒဏ်ရာရရှိခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် မီးလောင်မှုများအနက် ရှမ်းပြည်နယ်တွင် အများဆုံးဖြစ်ပွားခဲ့ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒုတိယအများဆုံးဖြစ်ပွားခဲ့၍ မီးလောင်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများပြားခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်တစ်ဝန်းကျေးရွာများတွင် မီးလောင်မှု ၄၀၂ ကြိမ်ဖြစ်ပွားခဲ့သဖြင့် ကျေးရွာမီးလောင်မှုသည် ၄၆ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး မီးလောင်ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၅၉၆ ဒသမ ၄၁ သန်းခန့်ရှိရာ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သောဆုံးရှုံးမှုတန်ဖိုး၏ ၁ ဒသမ ၅၁ ရာခိုင်နှုန်းခန့် ပါဝင်သည်ကိုလည်း တွေ့ရှိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူအများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်လုပ်ငန်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်းမီးသုံးစွဲမှုများစစ်ဆေးခြင်းများဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြောင်းကိုလည်း ဖော်ပြထားသည်။ ယခုအခါ ကျေးရွာများတွင် မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၂၀၁၆ခုနှစ် ဇန်နဝါရီလမှ မေလ(၂၀)ရက်နေ့အထိ လအလိုက် မီးလောင်မှုဇယား**

| စဉ် | လအလိုက် | မီးလောင်မှုအကြိမ်ရေ | ဆုံးရှုံးမှုတန်ဖိုး (ငွေကျပ်သန်း) |
|---|---|---|---|
| ၁။ | ဇန်နဝါရီလ | ၁၇၈ | ၃၆၂၇၀. ၄၉ |
| ၂။ | ဖေဖော်ဝါရီလ | ၂၃၀ | ၁၅၃၇. ၈၂ |
| ၃။ | မတ်လ | ၂၈၄ | ၁၃၁၀. ၁၃ |
| ၄။ | မေလ(၂၀)ရက်ထိ | ၁၈၀ | ၂၆၅. ၄၂ |
| | **စုစုပေါင်း** | **၈၇၂** | **၃၉၃၈၃. ၈၆** |

**(ထက်ဦးလျှမ်)**

# ရဝမ်ယဉ်ကျေးမှုပွဲတော် မနောအကများဖြင့် ပျော်ရွှင်စွာဆင်နွှဲ

**ပူတာအို မေ ၂၂**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆) စတုတ္ထနေ့ကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီခြံဝင်း မနောကွင်း၌ ကျင်းပသည်။

မနောပွဲတွင် မြစ်ကြီးနားမြို့နယ်ကိုယ်စားပြု မနောအကအဖွဲ့ကလည်းကောင်း၊ ခေါင်လန်ဖူးမြို့နယ်ကိုယ်စားပြု မနောအကအဖွဲ့ကလည်းကောင်း၊ နောင်မွန်မြို့နယ်ကိုယ်စားပြု မနောအကအဖွဲ့က လည်းကောင်း၊ ဖားကန့်တနိုင်း၊ မိုးညှင်းမြို့နယ်ကိုယ်စားပြု မနောအကအဖွဲ့က လည်းကောင်း၊ မချမ်းဘောမြို့နယ်ကိုယ်စားပြု မနောအကအဖွဲ့ကလည်းကောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်နှင့် ရပ်ဝေးနေ ရဝမ်အမျိုးသားများက မနောအကများဖြင့် ကပြအပြီးတွင် စုပေါင်းမနောအကဖြင့် ပျော်ရွှင်စွာဆင်နွှဲကာ မနောအကအစီအစဉ်ကိုရပ်ဆိုင်းခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် ရဝမ်တိုင်းရင်းသား တိုင်းရင်းသူ စတီရီယိုတေးသံရှင်များက ည ၁၀ နာရီအထိ ဖျော်ဖြေတင်ဆက်ကြပြီး ဖက်ရှင်ပြိုင်ပွဲလည်း ဆက်လက်ကျင်းပကြကာ မေ ၂၃ ရက်ညပိုင်းတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ခင်ဦး၊ ရေဦးမြို့များ၌ လေပြင်းတိုက်ခတ်မှုကြောင့် စေတီတော်များ၏ထီးတော် မြေခ၊ မိုးသီးကျကာ မိုးရွာ



**ရွှေဘို မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်နှင့် ရေဦးမြို့နယ်များ၌ ယနေ့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ထိ အပူရှိန်ပြင်းထန်နေစဉ် မွန်းလွဲပိုင်း၌ လေပြင်းတိုက်ခတ်၍ မိုးသီးကျကာ မိုးရွာသွန်းကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်၍ မိုးသီးကျကာ မိုးရွာသွန်းမှုကြောင့် ယင်းမြို့နယ်ရှိ ကလုံကျေးရွာရှိ မဟာထူပါရုံစေတီတော်ကြီး၏ ရွှေထီးတော်မြေသို့ခကြောင်း၊ ထိုနည်းတူ ပင်တင်းကျေးရွာ၌လည်း စေတီတော်များ၏ထီးတော်များ မြေခသည့်အပြင် လူနေအိမ်ခေါင်မိုးရှိ သွပ်အမိုးများလည်း လွင့်ထွက်ခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး မဟာဓာတ်အားလိုင်းချွတ်ယွင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယင်းမြို့နယ်များတွင် လျှပ်စစ်မီးများ ပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း သိရသည်။

ရေဦးမြို့တွင် နှစ်ပေါင်း ၅၀ အတွင်း မိုးသီးများ အများဆုံးကျခဲ့ရာတွင် လေတိုက်မိုးရွာခြင်းနှင့်အတူ သစ်ကိုင်းများကျိုးကျခြင်း၊ မိုးသီးမှန်မှုကြောင့် ကျေးငှက်များသေခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိုးသီးမှာ လောက်စာလုံးအရွယ်ခန့်ဖြစ်ကြောင်း၊ ယင်းမြို့နယ်ရှိ သံသည်ရွာ၊ ပုဏ္ဏကားရွာ၊ အင်တောရွာနှင့် ခင်ဦးမြို့နယ် မုံလှရွာတို့တွင် လေပြင်းတိုက်ခိုက်မှုကြောင့် အိမ်များခေါင်မိုးလန်ခြင်း၊ သစ်ပင်များလဲခြင်း၊ သစ်ကိုင်းများကျိုးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီပဲယင်းမြို့အနီးတွင် သစ်ပင်များလဲ၍ ရေဦး-မုံရွာလမ်းပိတ်ဆို့ခဲ့ကြောင်း၊ ရေဦးမြို့နယ်ရှိ ရေမျက်၊ ဇီးကုန်းစသည့်ကျေးရွာများမှ အခြေခံပညာကျောင်းများမှ သွပ်မိုးများလန်ခြင်း၊ အထက(၂) မူလတန်းကျောင်းဆောင် သစ်ပင်ကျိုးပိခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ လျှပ်စစ်မီးကြိုးများပေါ်တွင် သစ်ကိုင်းပြတ်များတင်နေခြင်း၊ ဖုန်းကြိုးများပြတ်ခြင်း၊ လေတိုက်မှုကြောင့် ဂြိုဟ်တုစလောင်းများ ကြည့်ရှုမရဖြစ်နေကြောင်း သိရသည်။

သို့သော်လည်း အဆိုပါလေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် စပါးနှင့် အခြားသီးနှံဖြစ်သော ပဲတီစိမ်း၊ နှမ်း စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအတွက် မြေအစိုဓာတ်ရရှိသွားသည့်အတွက် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**(ရောင်နီတင်ဝင်း)**

■



## တပ်မြေသိမ်းဆည်းခဲ့ရာတွင် ပါဝင်သောနှစ်ရှည်သီးနှံပင်များအတွက် လျော်ကြေးငွေများပေးအပ်

**ငရုတ်ကောင်း မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ အုန်းကျွန်းကြီး ကျွန်းစခန်းကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းရယူခဲ့ရာ ဒေသခံတောင်သူများ စိုက်ပျိုးထားသော နှစ်ရှည်သီးနှံပင်တို့အတွက် လျော်ကြေးငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ငရုတ်ကောင်းမြို့ ပန်းမော်ကျေးရွာ အောင်မြင်ရတနာ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ငရုတ်ကောင်းမြို့ရှိ အုန်းကျွန်းကြီး ကျွန်းစခန်းကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းရယူခဲ့ရာ ဒေသခံတောင်သူများ စိုက်ပျိုးထားသော အုန်းပင် ၇၀၄၃ ပင်နှင့် သီဟိုဠ်ပင် ၇၅ ပင်တို့အတွက် လျော်ကြေးငွေကျပ် ၅၄၀၇၃၀၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင်စိုးက ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းနှစ်ရှည်သီးနှံပင်စိုက်ပျိုးထားသော ဒေသခံတောင်သူ ၁၄ ဦးက လွှဲပြောင်းပေးအပ်သော လျော်ကြေးငွေများကို လက်ခံရယူကြသည်။

နှစ်ရှည်သီးနှံပင်စိုက်ပျိုးထားသော တောင်သူတစ်ဦးဖြစ်သူ ဦးမြဝင်းက တောင်သူများကိုယ်စား လျော်ကြေးငွေများပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

## ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ခရီးစဉ်၌ မြန်မာတောင်တက်သမားသုံးဦး တောင်တက်စခန်း(၁)သို့ ခြေချတက်ရောက်နိုင်ခဲ့

**ရန်ကုန် မေ ၂၂**
ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ခရီးစဉ်မှ မြန်မာတောင်တက်အဖွဲ့သားသုံးဦးမှာ မေ ၂၁ ရက်တွင် တောင်တက်စခန်း(၁) (Camp-1) သို့ ခြေချတက်ရောက်နိုင်ခဲ့ပြီး ညပိုင်းတွင် ထိုနေရာ၌ စခန်းချအိပ်စက်ခဲ့ကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ မြန်မာတောင်တက်အဖွဲ့ဝင် သုံးဦးဖြစ်သော ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကိုညီညီအောင်တို့မှာ ပြီးခဲ့သည့် မတ် ၂၉ ရက်က ဧဝရက်တောင်သို့ စတင်တက်ရောက်ခဲ့ကြပြီး ဧပြီ ၁၁ ရက်တွင် အမြင့်ပေ ၁၇၅၀၀ ရှိသော တောင်ခြေစခန်း(Base Camp) သို့ တက်ရောက်နိုင်ခဲ့ကြသည်။ အဆိုပါနေ့က မြန်မာတောင်တက်အဖွဲ့သည် ရောက်ရှိနေသော တောင်ပေါ်ရာသီဥတု နေ့အပူချိန် ၇ ဒီဂရီစင်တီဂရိတ်၊ ညအပူချိန် ၅ ဒီဂရီစင်တီဂရိတ်၌ ဧဝရက်တောင်ကြီးကို ထင်ရှားစွာတွေ့မြင်ခဲ့ရကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်သို့ ၎င်းတို့သုံးဦးက ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရသည်။

ထို့နောက် မြန်မာတောင်တက်အဖွဲ့သား သုံးဦးသည် ဧပြီ ၁၂ ရက်တွင် မြန်မာနှစ်သစ်ကူးအကြို ဆန္ဒပြုဆုတောင်းပွဲများ တောင်ခြေတွင်ပြုလုပ်ခဲ့ကြပြီး အနီးရှိ တောင်တက်စခန်းများဆီသို့ ဆင်းသက်ခြင်းနှင့် တက်ရောက်ခြင်းဖြင့် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ တောင်ခြေတွင် တောင်တက်စခန်းများ တည်ဆောက်ခြင်းနှင့် တောင်တက်သမားများအတွက် အမြင့်ပေပိုမိုများပြားလာသည်နှင့်အမျှ ကျဆင်းလာသည့်လေဖိအားကို အလိုက်သင့် အဆင်ပြေစေရန် အချိန်ယူရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာတောင်တက်အဖွဲ့ဝင်သုံးဦးသည် မေ ၁၅ ရက်တွင် ဧဝရက်တောင်ခြေစခန်း၌ ဒေသခံရိုးရာယဉ်ကျေးမှုနှင့် တိဘက်တို့၏ ယုံကြည်မှုအတိုင်း ကွယ်လွန်သွားခဲ့လေပြီးသော တောင်တက်သမားကြီးများအား လွမ်းဆွတ်အောက်မေ့ဖွယ်ရာ ဆုတောင်းပွဲများကို ပြုလုပ်ခဲ့ကြသည်။ "ကျွန်တော်တို့အနေနဲ့ ခက်ခဲကြမ်းတမ်းတဲ့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို ဇွဲလုံ့လအပြည့်နဲ့ ကြိုးစားတက်ရောက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အဖြစ် မြန်မာနိုင်ငံတော်အလံကို စိုက်ထူသွားမှာပါ။ ဒီခရီးစဉ်အတွက် အဘက်ဘက်ကနေ လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးတဲ့ ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်နာယက ဦးတေဇကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု မြန်မာတောင်တက်အဖွဲ့သားများက ပြောကြားခဲ့သည်။

မြန်မာတောင်တက်အဖွဲ့သုံးဦးသည် ဧပြီ ၁၇ ရက်တွင် (Base Camp)မှ အမြင့် ၅၈၀၀ မီတာအထိ တက်ရောက်နိုင်ခဲ့ကြပြီး ဧပြီ ၁၈ ရက်မှ ၂၀ ရက်ထိ တောင်ခြေတွင် စခန်းများတည်ဆောက်ကာ ညအိပ်စက်ခဲ့ကြကြောင်း သိရကာ မေ ၂၁ ရက်တွင် တောင်တက်စခန်း(၁) (Camp-1) သို့ ရောက်ရှိအိပ်စက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မေ ၂၂ ရက်တွင် တောင်တက်စခန်း(၂) (Camp-2) သို့ တက်ရောက်ပြီး ထိုမှတစ်ဆင့် တောင်တက်စခန်း(၁)သို့ ပြန်လည်ဆင်းသက်ကာ ညအိပ်မည်ဖြစ်ပြီး မေ ၂၃ ရက်တွင် တောင်ခြေစခန်းသို့ ပြန်လည်ဆင်းသက်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

**(စိုးဝင်း-MLA)**



စစ်ကိုင်းမြို့တွင် မေ ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မိုးသက်လေပြင်းများကျရောက်ခဲ့ရာ မြို့ပေါ်ရပ်ကွက်တချို့တွင် မိုးသီးအနည်းငယ်သာကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုမရှိခဲ့သော်လည်း ရွှေမင်းဝံ၊ ပါရမီ၊ နန်းဦးမြို့သစ်ရပ်ကွက်တို့တွင် ထူးကဲစွာဖြင့် မိုးသီးများအဆမတန်ကျရောက်ခဲ့ပြီး သစ်ကိုင်းကျိုးကျခြင်း၊ နေအိမ်သွပ်မိုးလန်ခြင်းတို့ရှိခဲ့သည်ဟု သိရသည်။ (၅၃၁)

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ထုံးမကြီးကျေးရွာနေအိမ်များ ပြောင်းရွှေ့



**မင်းဘူး မေ ၂၂**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းကျိုးကျေးရွာအုပ်စု ထုံးမကြီးကျေးရွာမှ လူနေအိမ်များ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ နေအိမ်များဖျက်သိမ်းကာ ကုန်းမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့လျက်ရှိသည်။**(အောက်ပုံ)**

ထုံးမကြီးကျေးရွာသည် ၂၀၁၅ ခုနှစ် ဇူလိုင်လ၌ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာ၏အရှေ့ဘက် ပေ ၁၅၀၀ ခန့် အကွာရှိ စိုက်ပျိုးမြေများ ကမ်းပါးပြိုကျပျက်စီးခဲ့ရသည်။ ကျေးရွာအတွင်းရှိ နေအိမ် ၁၇လုံး အမြန်ဖျက်သိမ်းခဲ့ရကာ အိမ်ဝိုင်းမြေများ ကမ်းပါးပြိုကျရာတွင် ပါရှိခဲ့ရသည်။

ဩဂုတ်လတွင် မြစ်ရေထပ်မံကြီးမှုကြောင့် ကျေးရွာအတွင်းထိ ငါးပေခန့် မြစ်ရေများ ဝင်ရောက်လာပြီး နေအိမ် ၁၃၁ လုံး ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည်။

ထုံးမကြီးကျေးရွာတွင် အိမ်ခြေ ၁၈၅ လုံး လူဦးရေ ၈၅၆ ဦး နေထိုင်ကြပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ ကိုင်းမြေနှင့် မြေနုကျွန်းများတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသောတောင်သူများ ဖြစ်သည်။ ယခင်မြစ်ရေကြီးမှုများကြောင့် စိုက်ပျိုးမြေဧက ၂၀၀ ခန့် ဆုံးရှုံးခဲ့ရပြီး လက်ရှိတွင် ဧရာဝတီမြစ်အလယ်ရှိ မြေနုကျွန်းတွင် စိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက်ရှိရာ မေ ၁၆ ရက်မှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး ကမ်းပါးများ စတင်ပြိုကျနေသဖြင့် လူနေအိမ် ၁၉ လုံး ချက်ချင်းဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည်။

မေ ၁၉ ရက် ည ၈ နာရီခန့်တွင် ကမ်းပါးပြိုကျမှုများ ပိုမိုဆိုးရွားလာသဖြင့် ကျေးရွာ(ခွဲ) အုပ်ချုပ်ရေးမှူးဦးဆောင်သော ကျေးရွာနေပြည်သူများမှ ကမ်းပါးနှင့်အလွန်နီးကပ်လျက်ရှိသည့် လူနေအိမ်လေးလုံးကို အမြန်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ရသည်။



ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ ကျေးရွာအတွင်းရှိ ဓမ္မာရုံ၊ ကျန်းမာရေးဆေးပေးခန်း၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများပါ ဖျက်သိမ်း၍ ပြောင်းရွှေ့ထားရှိပြီး မြေနေရာများ ကမ်းပါးပြိုကျရာတွင် ပါသွားခဲ့ရသည်။

ထုံးမကြီးကျေးရွာ(ခွဲ) အုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်က "ကျေးရွာတစ်ရွာလုံး ပြောင်းရွှေ့ရတယ်။ ကျန်တာ ကိုးအိမ်လောက်ရှိတယ်။ အခု ဖျက်နေပြီ။ ရွာထဲရှိလူငယ်တွေ လုပ်အားနဲ့ပဲ ဝိုင်းဝန်းဆောင်ရွက်နေတာပါ။ မြို့နယ်က စီစဉ်ပေးတဲ့ ကျေးရွာအသစ်တည်မယ့် မြေနေရာကို အိမ်ထောင်စု ၁၀၀ကျော်လောက် ပြောင်းရွှေ့တည်ဆောက်ဖို့ စီစဉ်နေပါပြီ။

"အခုလက်ရှိက အိမ်မဆောက်နိုင်သေးဘူး။ ဖျက်သိမ်းထားတဲ့ သစ်ဝါးတွေစုပုံထားရတယ်။ သောက်သုံးရေကတော့ ရွာဟောင်းက လက်နှိပ်တုံကင်တွင်းက ရပါသေးတယ်။ အချို့လည်း မြစ်ရေခပ်သုံးရတာရှိတယ်။ စိုက်ပျိုးမြေတွေပါသွားတော့ ဧရာဝတီမြစ်လယ်က မြေနုကျွန်းကိုပဲ အားကိုးစိုက်ပျိုးရတော့မယ်" ဟုပြောသည်။

မင်းဘူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ မေ ၂၁ ရက်တွင် ထုံးမကြီးကျေးရွာသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ ဧရာဝတီမြစ်ကမ်းပါးနှင့် ပေ ၇၀၀၀ ခန့်ဝေးကွာသော မန်းကျိုးကျေးရွာ၏ အရှေ့မြောက်ဘက် ကွင်းအမှတ် ၁၂၁၅၊ ၁၂၁၆ ရှိ ကိုင်းမြေတို့တွင် ကျေးရွာအသစ်တည်ရန် မြေနေရာချထားဆောင်ရွက်ပေးခဲ့သည်။

ချထားပေးသော ကျေးရွာအသစ်မြေနေရာသို့ အိမ်ထောင်စု ၁၀၀ ကျော်ခန့် ပြောင်းရွှေ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့အိမ်ထောင်စု ၅၀ ကျော်ခန့်မှာ ဧရာဝတီမြစ်ရေနှင့် ကင်းလွတ်ရာ မန်းရေနံမြေအတွင်းရှိ မန်းကျိုးဘားတိုက်(ခေါ်)မန်းရေနံမြေဝန်ထမ်းအိမ်ရာ၏ အနောက်ဘက်သို့ ယာယီတဲများထိုးကာ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# သုံးခွမြို့ရှိ ၃၁ ဧကရေကန်ကြီး ပြန်လည်တူးဖော်

**ရန်ကုန် မေ ၂၂**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ၃၁ ဧကကျယ်ဝန်းသော မြေသားမိုးရေလှောင်ကန်ကြီးအား လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က တူးဖော်၍ အသုံးပြုခဲ့သည်။

အဆိုပါ ရေကန်ကြီးသည် မြို့ပေါ်ရပ်ကွက်များသို့ အများပြည်သူ သောက်သုံးရေအတွက် ရေတိုင်ငုတ်များဖြင့် ရေဖြန့်ဝေပေးနေသော ရေကန်ကြီးလည်းဖြစ်သည်။ အဆိုပါ ရေကန်ကြီးသည် နှစ်ကြာလာသည်နှင့်အမျှ နုန်းမြေများပို့ချမှုကြောင့် တိမ်ကောလာခြင်း၊ ကန်အတွင်းရှိ မြက်ပင်၊ ဒိုက်ပင်များအတွင်း ရေဘဲများ အများအပြား နေထိုင်ကျက်စားလာခြင်းကြောင့် ရေမသန့်ရှင်းမှုဖြစ်ပေါ်လာနိုင်စေသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် စိန်သဟာကုမ္ပဏီမှ တာဝန်ယူ၍ စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် မိုးမကျမီ ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**



အဆိုပါ ရေကန်ကြီးတူးဖော်ပြီးစီးပါက နောင်နှစ်များတွင် ရေကန်ကြီး သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့် ညီညွတ်သော၊ သန့်ရှင်းသော သောက်သုံးရေများ ပိုမိုသိုလှောင်နိုင်မည်ဟု သိရသည်။ **ကိုကျော်(သုံးခွ)**

# သကြၤန်အပြီးကာလတွင် ရွှေဈေး ကျပ်တစ်သောင်းခန့်ကျဆင်း

**ရန်ကုန် မေ ၂၂**
ရန်ကုန်ရွှေဈေးကွက်တွင် ယခုသကြၤန်အပြီးကာလ၌ ရွှေဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး သကြၤန်မတိုင်ခင်ကာလထက် ကျပ် ၁၀၀၀၀ ခန့် ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

"လာမယ့်ကာလတိုကို ခန့်မှန်းကြည့်ရင် အခုဖြစ်နေတဲ့ ဈေးနှုန်းထက်တော့ ဆက်မတက်နိုင်တော့ဘူး" ဟု တိတ်ရှိန်ရွှေဆိုင်ပိုင်ရှင် ဦးမိုးအောင်က ပြောသည်။ သကြၤန်မတိုင်မီကာလအောက်သို့ ကျပ် ၁၀၀၀၀ ခန့် ဈေးလျော့နေခြင်းမှာလည်း ဒေါ်လာငွေလဲနှုန်း အပြောင်းအလဲတွင် ဈေးကျဆင်းမှုများကြောင့်ဖြစ်သလို ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့်လည်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့အတွင်းတွင်ရှိသော ရွှေဆိုင်များတွင် ယခုလက်ရှိကာလတွင် အရောင်းအဝယ်များရှိလာခဲ့ပြီး ရောင်းသူနှင့်ဝယ်သူမျှခြေဖြစ်သော ဈေးကွက်အနေထားမျိုးဖြစ်နေကြောင်း သိရသည်။

"ဆိုင်မှာလာဝယ်တဲ့သူတွေများသလို ပြန်လာရောင်းတဲ့သူတွေလည်း များပါတယ်။ မနှစ်တုန်းက အခုလို သကြၤန်အပြီးကာလနဲ့ယှဉ်ကြည့်ရင် ဈေးကွက်အနေအထားက ကောင်းတယ်လို့ ပြောလို့ရတယ်"ဟု ၎င်းကရှင်းပြသည်။

ရန်ကုန်မြို့ ရွှေဘုံသာလမ်းအတွင်း ရွှေအရောင်းအဝယ်ပွဲစားလုပ်နေသူတစ်ဦးကလည်း "အခု အစိုးရသစ်လက်ထက်မှာ ဒေါ်လာငွေလဲလှယ်နှုန်းကို ကျဆင်းအောင်လုပ်ဆောင်ပေးမယ့်သတင်းတွေ ထွက်ပေါ်တာရယ်၊ လက်ရှိ ဖြစ်နေတဲ့ ဒေါ်လာငွေလဲနှုန်းကျဆင်းလာတာတွေကြောင့်လည်း ဈေးကအကျဘက်ကိုပဲများနိုင်ပါတယ်။ အရောင်းအဝယ်အခြေအနေကတော့ သိပ်အကောင်းကြီးလည်းမဟုတ်ဘူး။ ပုံမှန်အနေအထားတစ်ခုပါပဲ"ဟု ပြောသည်။

ယခု ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းကာလတွင် ရွှေဈေးနှုန်းများမှာ မြင့်တက်ခဲ့ပြီး ယခင်က ကျပ်ရှစ်သိန်းလောက်အထိ စံချိန်တင် မြင့်တက်ခဲ့ဖူးသော အခြေအနေမှ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလအတွင်း ဈေးကွက်လေ့လာစောင့်ကြည့်မှုများရှိခဲ့ကာ အရောင်းအဝယ်အခြေအနေလည်း ပြောင်းလဲခဲ့ပြီး ဈေးနှုန်းများမှာ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

နန်းရွှေရည်ရွှေဆိုင်ပိုင်ရှင် ဦဘကြည်ကလည်း "ဒီနှစ်အတွင်းမှာ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ အခုလည်း အရောင်းအဝယ်က ပုံမှန်လေးတော့ရှိတယ်။ ရှေ့ဆက်ပြီး ခန့်မှန်းကြည့်ရင် ဈေးကျဖို့ပဲရှိမှာပါ။ ဘယ်လောက်အထိကျမလဲဆိုတာကတော့ ဒေါ်လာငွေလဲလှယ်နှုန်းအခြေအနေတွေ၊ ကမ္ဘာ့ရွှေဈေးအခြေအနေ တွေပေါ်မှာ မူတည်နေတာပေါ့"ဟု ရှင်းပြခဲ့သည်။

သကြၤန်ပွဲတော်ရက်များအပြီး မေ ၂၀ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၅၄ ဒေါ်လာမှ ၁၂၄၉ ဒေါ်လာသို့ကျဆင်းခဲ့သလို မေ ၂၁ ရက်တွင် ၁၂၄၈ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။ ရန်ကုန်ဈေးကွက်တွင်လည်း မေ ၂၁ ရက်တွင် အကယ်ဒမီအခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၇၇၇၀၀၀ နှင့် ၁၅ ပဲရည်ရွှေမှာ ကျပ် ၇၃၁၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြသည်။

**(စနိုး)**

■

# တာပွန်မြို့တွင် ရိုးရာအစဉ်အလာမပျက် နွားအလှပြိုင်ပွဲ ပြန်လည်ဖော်ထုတ်ကျင်းပ

**နတ်တလင်း မေ ၂၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ ဗောဓိမာန်အောင်ငါးထပ်ကြီးဘုရား၏ (၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပရာ နှစ်ပေါင်းအတန်ကြာ ထည့်သွင်းကျင်းပခြင်းမရှိခဲ့သည့် နွားအလှပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဘုရားပွဲတော်ကို တစ်နှစ်တစ်ခါနှစ်စဉ် ကျင်းပလာတာပါ။ ကျွန်တော်တို့ ဒေသမှာ စပါးသိမ်းပြီး၊ ပဲလည်း သိမ်းပြီးပြီမို့ တောင်သူလယ်သမားတွေ ငွေရွှင်တဲ့ အချိန်ဖြစ်တယ်။ ဒီနှစ်မှာထူးခြားတာက နှစ်ပေါင်းတော်တော်ကြာ မပြုလုပ်ခဲ့တဲ့ နွားအလှပြိုင်ပွဲထည့်ပေးထားတော့ နေ့ရောညပါ ပိုစည်ကားတယ်။ နွားအလှပြိုင်တယ်။ နွားဒုန်းပြိုင်တယ်။ နွားနင်း နွားပြေးပြိုင်တယ်။ မြန်မာ့ရိုးရာအစဉ်အလာမပျက်အောင် ပြန်လည်ဖော်ထုတ်ပေးထားတာပါ။ ထုံးစံအတိုင်းကတော့ ပိုက်ကျော်ခြင်း၊ ဘော်လီဘောစတဲ့ အားကစားပြိုင်ပွဲတွေ လည်းပါတယ်။ ပြိုင်ပွဲမှာ ဆုရကြတဲ့သူတွေကို မေ ၂၃ ရက်မှာ ပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့က ဆုချီးမြှင့်ပေးမှာပါ"ဟု ဂေါပကလူကြီး ဦးလှငွေက ပြောသည်။

**(ဝ၇၁)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



# ယခုနွေရာသီအတွင်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမယ့် မက်ဟန်ထရိန်နာ

တေးဂီတဝက်ဘ်ဆိုက်တွေမှာ ထိပ်တန်းနေရာကို ပိုင်ဆိုင်နိုင်ခဲ့တဲ့ "All About That Bass" တေးသီချင်းရဲ့အဆိုတော် မက်ဟန်ထရိန်နာဟာ ယခုနှစ်နွေရာသီအတွင်းမှာ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်တွေ ကျင်းပသွားဖို့ စီစဉ်ထားကြောင်း အေ့စ်ရှိုးဘေ့ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါနယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေဟာ မြောက်အမေရိကန်မှာရှိတဲ့ မြို့ကြီးတွေမှာ ယခုနှစ် ဇူလိုင်လအတွင်းက စတင်ကျင်းပသွားမှာဖြစ်ပြီး အဆိုပါနယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ဟာ မက်ဟန်ထရိန်နာရဲ့ တေးအယ်လ်ဘမ်သစ် "Thank You"အတွက် ရည်ရွယ်ပြုလုပ်တဲ့ဖျော်ဖြေပွဲလည်းဖြစ်ပါတယ်။ မက်ဟန်ထရိန်နာနဲ့အတူ ဟောလိဝုဒ်ကြယ်ပွင့်မင်းသမီး ဟေးလီစတိန်းဖီးလ်ကလည်း ဖျော်ဖြေပွဲတွေမှာ ပါဝင်တင်ဆက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ဂရမ်မီဆုရှင်မက်ဟန်ထရိန်နာက သူ့ရဲ့ ဒုတိယမြောက်စတူဒီယိုတေးအယ်လ်ဘမ် "Thank You"အတွက် အရောင်းမြှင့်တင်ဖို့ ရည်ရွယ်ပြုလုပ်တဲ့ ယင်းနယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်ကို လာမယ့်ဇူလိုင် ၁၄ ရက်မှာ စတင်ပြုလုပ်သွားမှာဖြစ်ပြီး ယင်းခရီးစဉ်တွေကို စက်တင်ဘာ ၂၄ ရက်မှာ ဘော်စတွန်မြို့မှာ အဆုံးသတ်ဖျော်ဖြေသွားမှာဖြစ်တယ်လို့ သိရပါတယ်။ သုံးလခန့်ကြာမြင့်မယ့် အဆိုပါဖျော်ဖြေရေးခရီးစဉ်အတွင်း မက်ဟန်ထရိန်နာဟာ နေရာပေါင်း ၂၂ နေရာကို သွားရောက်ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

# တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းစာရင်းကို ထုတ်ပြန်လိုက်တဲ့ "April"



တောင်ကိုရီးယားအမျိုးသမီး ပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "April" ဟာ အဖွဲ့ရဲ့ ဒုတိယမြောက် မီနီတေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့ အမည်တွေနဲ့ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်သီဆိုထားကြတဲ့ အဖွဲ့ဝင်တွေရဲ့ဓာတ်ပုံတွေကို မေ ၂၁ရက်က ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒ့ါအပြင် အဖွဲ့ဝင်တစ်ဦးချင်းဆီက သူတို့သီဆိုထားတဲ့ တေးသီချင်းရဲ့ တစ်စိတ်တစ်ပိုင်းကို သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ထုတ်လွှင့်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းမီနီ တေးအယ်လ်ဘမ်ကို "Spring" လို့ အမည်ပေးထားပြီး ယင်းတေးအယ်လ်ဘမ်မှာ တေးသီချင်းစုစုပေါင်း ခြောက်ပုဒ်ပါဝင်မှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့် မေ ၂၇ ရက်မှာ အပြီးသတ်ထုတ်လွှင့်သွားနိုင်ဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းကလည်း အဖွဲ့ရဲ့ ဆောင်းရာသီ အထူးတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Snowman" ကိုလည်း ပရိသတ်ရှေ့မှောက်အရောက် ပို့ပေးခဲ့ပါတယ်။

ယခုတစ်ကြိမ် ထုတ်လွှင့်မယ့် မေပြီလအတွင်း ထွက်ရှိမယ့် ယင်းတေးအယ်လ်ဘမ်ဟာ မေ ၂၅ ရက်မှာ ထုတ်လွှင့်သွားမယ့် "TWICE"၊ "Lovelyz"နဲ့ "SEVENTEEN" တို့ရဲ့ တေးအယ်လ်ဘမ်တွေနဲ့အပြိုင် ထုတ်လွှင့်သွားမှာဖြစ်လို့ ယင်းတေးအယ်လ်ဘမ်တွေထဲမှာ ဘယ်တေးအယ်လ်ဘမ်က ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံးဖြစ်လာမလဲဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



# အမ်မာစတုန်းရဲ့ ရုပ်ရှင်သစ် "Women In Business"

ပင့်ကူလူသားရုပ်ရှင်တွေနဲ့ ပရိသတ်ရင်ထဲဝင်ရောက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်မင်းသမီးအမ်မာစတုန်းဟာ ရုပ်ရှင်သစ် "Women In Business"မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ကို ရိုက်ကူးထုတ်လုပ်သွားမယ့် တွမ်တိစန်ကျူရီရုပ်ရှင်ကုမ္ပဏီက အတည်ပြုပြောကြားခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ အဓိကဇာတ်ဆောင်များအဖြစ် အမ်မာစတုန်းနဲ့အတူ နာမည်ကျော်တွေဖြစ်ကြတဲ့ ကိတ်မက်ကင်နန်နဲ့ ဂျေလီယမ်ဘဲလ်တို့လည်း တွဲဖက်ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်ဟာ ကနေဒါနိုင်ငံသို့ သွားရောက်ခဲ့ကြတဲ့ စီပွားရေးခရီးတစ်ခုအတွင်း အပြိုင်အဆိုင် ယှဉ်ပြိုင်ခဲ့ကြတဲ့ အမျိုးသမီးနှစ်ဦးရဲ့အကြောင်းကို ပုံဖော်ထားတဲ့ရုပ်ရှင်လည်း ဖြစ်ပါတယ်။

အမ်မာစတုန်းဟာ လတ်တလောမှာ "Battle of the Sexes" ရုပ်ရှင်ကိုလည်း လက်ခံရိုက်ကူးပေးလျက်ရှိပြီး ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်မယ့်ရုပ်ရှင် "Cruella" မှာလည်း ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းရေးသားသည်။**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၄ -၂၀၁၆ (စနေနေ့)]

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ကံဆိုးတိုင်းလည်း မိုးမမှောင်ပါ" တရားတော် [ဆရာတော်ဒေါက်တာ အရှင်မာဃိန္ဒ (ဓမ္မဒူတ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၀)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (KMD Fresher Welcome)
၉း၁၀ Drive It
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၈)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် (အသက်မွေးမှုအကြိုသင်တန်းကျောင်း သင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုပေးပွဲ အခမ်းအနား)
၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၆၅+၆၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [အကြွေး (အပိုင်း-၂)]
၄း၄၅ အံ့မောဖွယ်ရာ ပြည်မြန်မာ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၁)
၇း၁၅ Let's Talk
၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [အကြွေး (အပိုင်း-၃)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၉)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း- ၆၇+၆၈)
၁၀း၄၅ Forever Music Tribute Water Party ရေ Party (အပိုင်း-၃)
၁၁း၂၀ MRTV-4 Stage
၁၁း၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် ("S" ဒီဇိုင်းပုံစံ ပန်းအလှဆင်နည်း)
၄း၀၅ World of Knowledge (Nazi Megastructure Super Tank)
၄း၅၀ ကြည်ညိုဖွယ်ရာ ဥယျာဉ်ဝ-ပေါ်တော်မူသတ္တဌာနဘုရားများ

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ The Farmer
၉း၃၅ Milinda Library
၉း၅၀ Colour of ASEAN (4)
၁၀း၃၅ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၅)
၁း၃၀ ဝတ်စားဆင်ယင်မှုပြပွဲ "မင်္ဂလာဝတ်စုံ"
၁း၅၀ "အဖေနဲ့သား"
၂း၄၅ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တေးသံစုံ
၃း၃၅ Hyper Sports
၄း၁၅ "ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်"
၄း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၅း၁၅ "လွတ်လပ်သောဒဏ္ဍာရီဘဝနှင့် သက်ဝင်ယဉ်ကျေးမှု"
၅း၃၅ ကဗျာရိပ်မြုံ "ပွဲလယ်တင့်မယ့်သူ"
၅း၄၅ စက်ရုပ်များရဲ့ကမ္ဘာ "စက်ရုပ်များနှင့် အသိဉာဏ်အတု"
၆း၂၀ Graphic Info (Stock Exchange)
၆း၃၅ Business News
၇း၁၅ ရင်တွင်းရေးပြဿနာ (အပိုင်း-၅) (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး)
၈း၀၀ ပြည်တွင်းသတင်း၊ ၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -ဂီတသမား၊ ဂီတစကား

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၄၀ ဗဟုသုတဖြန့်ဝေပေးတဲ့ လမ်းဘေးဈေးသည်လေး
၇း၂၀ ကက်ဆက်ဇာတ်လမ်း "မတည့်အတူနေ"
၈း၃၀ တေးဂီတအစီအစဉ်
၈း၅၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၀၀ မြန်မာ့ရိုးရာတူရိယာ "နှဲ"
၉း၂၀ တေးဂီတအစီအစဉ်
၉း၃၀ မြန်မာရုပ်ရှင် "ပြိုင်ကား"
၁၂း၀၀ အစီအစဉ်ပြီး၏။

**ည (၈း၃၀) - Live "AFC BOURNEMOUTH Vs CHELSEA" တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## mitv

07:27 Great Shwedagon- The Historic Bells
07:39 Life of Sea Urchin Diver
07:50 Philatelic Pleasure
08:26 Myanmar Traditional Festival
09:26 Myanmar Game Changer (Episode - III)
09:52 Kindhearted Pet Lovers
10:27 The Caves
10:43 Gardener: King Orange Plantation
10:56 [Doctor][Painter]

**Prime Time**

07:27 "Snow Flakes…Scenic Confluence…To Kachin State
07:48 "Today Myanmar: EL NIÑO PHENOMENON & FIRE PREVENTION

# ကန်တိုနာရဲ့ ဘဝမှာ နောင်တအရဆုံးဖြစ်ရပ်က ဘာလဲ

မန်ယူအသင်းနဲ့ အောင်မြင်မှုတွေ အလီလီရယူခဲ့တဲ့ တိုက်စစ်မှူးဟောင်း ကန်တိုနာကို မန်ယူအသင်းရဲ့ အမာခံ ပရိသတ်တွေက မေ့နိုင်ဦးမှာ မဟုတ်ပါဘူး။ ကန်တိုနာဟာ ပြင်သစ်လက်ရွေးစင်အသင်းရဲ့ အသင်းခေါင်းဆောင် ဖြစ်သလို မန်ယူရွှေရောင်နေ့ရက်များရဲ့ အသင်းခေါင်းဆောင် တစ်ယောက်လည်းဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ကွင်းတွင်း၊ ကွင်းပြင်ပမှာ မကြာခဏဆိုသလို မထင်မှတ်တာတွေ လုပ်ပြလေ့ရှိပြီး သူ့ရဲ့ စရိုက်လက္ခဏာ ရပ်က အားကစားလောကမှာ ရှားပါးတဲ့ ပုံစံမျိုးဖြစ်နေတာမို့ သူ့ကို တချို့ကလည်း "ဘောလုံးလူဆိုး" လို့ သတ်မှတ်ကြပါတယ်။

သူဟာ ဘောလုံးလောကကနေ အနားယူတာ ဆယ်စုနှစ်နှစ်ခုနီးပါး ကြာမြင့်နေပြီဖြစ်ပေမယ့် သူ့ရဲ့ တစ်မူထူးခြားတဲ့ ပုံစံကြောင့် အားကစားမီဒီယာတွေရဲ့ သားကောင်အဖြစ် အခုထိရှိနေဆဲပါ။ ကန်တိုနာဟာ အားကစားလောကကနေ အနားယူပြီးနောက် အခြားနာမည်ကျော်ကစားသမားတွေလို အားကစားနဲ့ သက်ဆိုင်တဲ့လုပ်ငန်းနဲ့သာ အသက်မွေးဝမ်းကျောင်းမှု ဆက်လက်မလုပ်ကိုင်ဘဲ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်ခဲ့သူပါ။ ဒီလောက်ဆို ကန်တိုနာဟာ ဘာကြောင့် တခြားသူတွေနဲ့ မတူတာလည်းဆိုတာ သူ့ကိုမေ့နေတဲ့ ပရိသတ်တွေလည်း ပြန်ပြီးခန့်မှန်းနိုင်မယ်လို့ ထင်ပါတယ်။

ဒါကြောင့် ဘောလုံးလောကနဲ့ ဝေးကွာနေတဲ့ ကန်တိုနာကို ၄-၄-၂အားကစားသတင်းဌာနက ချိတ်ဆက်ပြီး ပရိသတ်တွေနဲ့ တိုက်ရိုက်အမေး၊ အဖြေကဏ္ဍ ပြုလုပ်ခဲ့ရာမှာ ပရိသတ်တွေကလည်း မန်ယူနဲ့ အတူ ရရှိခဲ့တဲ့ သူ့ရဲ့အောင်မြင်မှုတွေထက် ၁၉၉၅ ခုနှစ်က ခရစ္စတယ်ပဲလေ့စ် ပရိသတ် မက်သယူးဆီမွန်စ်ကို ကွန်ဖူး ကန်ချက်နဲ့ ကန်ခဲ့လို့ ကာလကြာရှည် ပွဲပယ်ပြစ်ဒဏ် ကျခံရတဲ့ ဖြစ်စဉ်အပေါ်သာ ပိုပြီးအာရုံစိုက်ကာ မေးမြန်းခဲ့ပါတယ်။

ဒီအချိန်မှာ ကန်တိုနာက သူ့ဘဝရဲ့နောင်တ အရဆုံးဖြစ်ရပ်ထဲက တစ်ခုက "ခင်ဗျားတို့ သိချင်တာက ကျွန်တော်သူ့ကို ကမ္ဘာကျော်ကန်ချက်နဲ့ ကန်ခဲ့တဲ့ ကိစ္စ မဟုတ်လား။ ကျွန်တော် သူ့ကို ကန်ဖို့သွားခဲ့သလို တကယ်လည်း ကန်ခဲ့တယ်။ ဒါပေမယ့် ကန်ချက်ဟာ ထိထိမိမိ သိပ်မရှိခဲ့ဘူး။ ကျွန်တော့်ဘဝမှာ နောင်တအရဆုံးဖြစ်ရပ်က သူ့ကို ဒီ့ထက်ပိုပြီးနာအောင် ထိထိမိမိ မကန်ခဲ့မိတဲ့ ဖြစ်ရပ်ပါ"လို့ အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကန်တိုနာမှာ မက်သယူးဆီမွန်စ်အား ကွန်ဖူး ကန်ချက်ဖြင့် ကန်ခဲ့သဖြင့် ရှစ်လတာ ပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရပေမယ့် ယင်းဖြစ်ရပ်ကို တစ်ကြိမ်တစ်ခါမျှ နောင်တရခြင်းမရှိကြောင်း ပြောကြားခဲ့သလို ယခုလည်း ပိုမိုအားပြင်းတဲ့ ကန်ချက်နဲ့ မကန်ခဲ့မိခြင်းကသာ သူ့ရဲ့ နောင်တအရဆုံး ဖြစ်စဉ်တွေထဲက တစ်ခုလို့ ပြောကြားခဲ့ပါတယ်။



၁၉၉၅ ခုနှစ်တွင် မန်ယူအသင်းခေါင်းဆောင် ကန်တိုနာက ခရစ္စတယ်ပဲလေ့စ်ပရိသတ် မက်သယူးဆီမွန်စ်အား ကမ္ဘာကျော်ကွန်ဖူးကန်ချက်ဖြင့် ကန်ခဲ့စဉ်။

# မန်ယူသို့ ပြောင်းရွှေ့ရန် ခဏတာ စဉ်းစားခဲ့ခြင်းဖြစ်သည်ဟု ရာမို့စ်ဖွင့်ဟ

ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်က သူ့အနေဖြင့် ပြီးခဲ့သည့်နွေ ဈေးကွက်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သေးသော်လည်း ယင်းကိစ္စရပ်မှာ ခဏတာ စဉ်းစားမိသော အတွေးဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။ ရာမို့စ်က ရီးယဲလ်အသင်းသည် မန်ယူဂိုးသမား ဒီဂီယာကိုခေါ်ယူဖို့ ကြိုးပမ်းရာတွင် မန်ယူအသင်းဘက်မှ ဒီဂီယာအား ခေါ်ယူလိုလျှင် ရာမို့စ်အား ပြန်လည်ရောင်းချပေးရလိမ့်မည်ဟု တောင်းဆိုခဲ့သောကြောင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားမိခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖွင့်ဟချလိုက်သည်။

ရာမို့စ်မှာ ယင်းကာလ၌ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကာလကြာရှည် စာချုပ် ချုပ်ဆိုချင်ခဲ့သော်လည်း ကလပ်အသင်းဘက်မှ နှောင့်နှေးနေခဲ့သောကြောင့် ရာမို့စ်က သူ့အား ကာလကြာရှည်စာချုပ် ချုပ်ဆိုရန် ပြင်ဆင်နေသည့် ကလပ်အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့တော့မည်ဟု ပြန်လည်ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စရပ်အား မန်ယူအသင်းဘက်မှ အခွင့်အရေးယူကာ ရာမို့စ်အား မရောင်းချလျှင် ဒီဂီယာကိုလည်း ရရန်မမျှော်လင့်သင့်ဟု ရီးယဲလ် တာဝန်ရှိသူများအား အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရီးယဲလ် တာဝန်ရှိသူများက အသင်းခေါင်းဆောင် ကားဆီးလက်စ်ကိုသာ ပေါ်တိုသို့ ရောင်းချခဲ့ပြီး ရာမို့စ်အား ဆက်ထိန်းရန် ကြိုးပမ်းခဲ့ပြီးနောက် ရာမို့စ်နှင့် မန်ယူတို့၏ အပြောင်းအရွှေ့ဇာတ်လမ်းမှာ တစ်ခန်းရပ်သွားခဲ့သည်။



ရာမို့စ်က မန်ယူသို့ ပြောင်းရွှေ့ရန် ပြန်လည်ဆွေးနွေးခဲ့ခြင်းမှာ တစ်ဒင်္ဂ စိတ်ကူးဖြစ်ပြီး နှစ်ပေါင်းများစွာ ကစားလာသည့် ကလပ်အသင်းပေါ် သစ္စာရှိရေးကိုသာ အဓိကဦးစားပေး စဉ်းစားခဲ့ကြောင်း၊ ငွေရေးကြေးရေး အကျိုးအမြတ်အတွက်မူ ဘယ်အခါမှ စဉ်းစားမိခဲ့ခြင်း မရှိကြောင်း၊ ချယ်လ်ဆီးအသင်းကလည်း ၎င်းအား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟူသော သတင်းများထွက်ခဲ့သော်လည်း အဆိုပါဖြစ်စဉ်ကို သိရှိခဲ့ခြင်း မရှိကြောင်း COPEနှင့် အင်တာဗျူး ပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့သည်။

# အာဆင်နယ်မှ ထွက်ခွာရန် စဉ်းစားထားခြင်းမရှိဟု ဆန်းချက်ဇ် ပြောကြား

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က လက်ရှိကလပ်အသင်းတွင်သာ ပျော်ရွှင်လျက်ရှိပြီး အခြားအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဆန်းချက်ဇ်အား အာဆင်နယ်မှ စာချုပ်သက်တမ်း ထပ်တိုးကမ်းလှမ်းခဲ့သော်လည်း အပြီးသတ်သဘောတူညီမှုမရရှိသေးရာ ဆန်းချက်ဇ်၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အာဆင်နယ်ပရိသတ်များက စိုးရိမ်မှုများ မြင့်တက်လာခဲ့ရခြင်းဖြစ်သည်။



ဆန်းချက်ဇ်သည် ၂၀၁၄ ခုနှစ်တွင် ဘာစီလိုနာမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ထိုက်တန်သော ခြေစွမ်းတစ်ရပ်ပြသနိုင်မှုကြောင့် ဥရောပ၏ အကောင်းဆုံးကစားသမားအပြောင်းအရွှေ့နံပါတ် (၁)နေရာတွင် ရပ်တည်နေသော ပြောင်းရွှေ့မှုလည်းဖြစ်သည်။ သို့သော် အာဆင်နယ်၏ ဇန်နဝါရီလအတွင်း ရလဒ်ဆိုးများကြောင့် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့မှာ အသင်း၏ အခြေအနေကို စိတ်ပျက်ကာ အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေကြပြီဟု သတင်းများ ထွက်လာခဲ့သည်။

ဆန်းချက်ဇ်အား ဘိုင်ယန်မြူးနစ်နှင့် ဂျူဗင်တပ်တို့မှ ခေါ်ယူရန် ပြင်ဆင်နေကြပြီး ကစားသမားကိုယ်တိုင်က ချီလီအသင်းဖော် ဗီဒယ်လ်ရှိနေသည့် ဘိုင်ယန်သို့ ပြောင်းရွှေ့ရန် နီးစပ်နေပြီဟု အစောပိုင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ သို့သော် ဆန်းချက်ဇ်က ၎င်းမှာ အာဆင်နယ်ကစားသမားအဖြစ်သာရှိနေပြီး အသင်း၏ အနိမ့်အမြင့်၊ အတက်အကျများကို ရင်ဆိုင်ရန် အာဆင်နယ်သို့ မပြောင်းရွှေ့မီကပင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကောလာဟလများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းခဲ့ရာ အာဆင်နယ်ပရိသတ်များအား ခဏတာ စိတ်သက်သာရာ ရစေခဲ့သည်။

**မေလွဲသင်း - စုစည်းရေးသားသည်။**

## အားကစားလောက သတင်းတိုများ

- အကယ်၍ အဲဗာတန်အသင်းသည် အက်ဖ်အေဖလား ပြိုင်ပွဲမှထွက်ခဲ့ရလျှင် နည်းပြမာတီနက်ဇ်အား ထုတ်ပယ်ရန် ပြင်ဆင်နေပြီး ယင်းကိစ္စရပ်ကို အသင်းဥက္ကဋ္ဌ ဘီလ်ကန်ရိုက်ထက်စာလျှင် ရှယ်ယာအများဆုံးပိုင်ရှင် ဖာဟတ်မိုရှီရီကသာ အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ဖော်ပြသည်။
- ချယ်လ်ဆီးအသင်းသည် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအား ခေါ်ယူရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပြီး ယင်းအတွက် မန်စီးတီးအသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။
- ပရီမီယာလိဂ်အင်အားကြီးအသင်းများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် စပါးတို့သည် ဖူလ်ဟမ်တိုက်စစ်မှူး ဒမ်ဘီလီအား ခေါ်ယူရန် ချိတ်ဆက်လျက်ရှိနေပြီး အဆိုပါကစားသမား၏ ဖူလ်ဟမ်နှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ရာ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပင် ရရှိနိုင်မည်ဖြစ်သည်။
- ချယ်လ်ဆီးအသင်း၏ ယခုနှစ်နွေရာသီအဓိက ပစ်မှတ်ကစားသမားမှာ အက်သလက်တိုက်စစ်မှူး ဂရစ်ဇ်မန်းဖြစ်ပြီး ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမည့် ကွန်တီမှာ ၄-၂-၄ ကစားကွက်ကို အသုံးပြုသွားမည်ဟု စီစဉ်ထားရာ ဂရစ်ဇ်မန်းအပြင် ဘိုနူချီ၊ ပက်ထရော်နှင့် နိုင်ဂိုလန်တို့ကိုလည်း ခေါ်ယူနိုင်ရန် ချိတ်ဆက်မှုများ တစ်ပြိုင်နက်တည်း ပြုလုပ်နေပြီဖြစ်သည်။
- ဆယ်လ်တစ်အသင်းသည် မန်ယူလက်ထောက်နည်းပြ ရိုင်ယန်ဂစ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- နယူးကာဆယ်အသင်း တာဝန်ရှိသူများသည် အကယ်၍ နယူးကာဆယ်အသင်း တန်းဆင်းသွားလျှင်လည်း နည်းပြသစ် ဘင်နီတက်ဇ်အား ကလပ် အသင်းနှင့် ဆက်လက်ပူးပေါင်းရန် တောင်းဆိုခဲ့ကြောင်း တယ်လီဂရပ်ဖ် သတင်းဌာနက ဖော်ပြသည်။ ဘင်နီတက်ဇ်သည် နယူးကာဆယ်အသင်းနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်တွင် ကလပ်အသင်း တန်းဆင်းသွားခဲ့လျှင် အသင်းမှ ထွက်ခွာမည်ဟူသောအချက်ကို ထည့်သွင်းချုပ်ဆိုထားသူဖြစ်သည်။

## အင်တာမီလန်မှ ထွက်ခွာရန် အသင့်ရှိနေပြီဖြစ်တဲ့အစ်ကာဒီ

အင်တာမီလန် တိုက်စစ်မှူး အစ်ကာဒီက ယခုနှစ်နွေဈေးကွက်အတွင်း စီးရီးအေကလပ်မှထွက်ခွာ၍ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့အခြေချရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။ အစ်ကာဒီအား မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့မှ ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိနေခဲ့ပြီး အစ်ကာဒီသည် မူလက အင်တာတွင်သာ ဆက်ရှိနေရန် စဉ်းစားခဲ့သော်လည်း ယခုအခါ အင်တာ၏ ချန်ပီယံလိဂ်ဝင်ခွင့် ရ၊ မရဆိုသည့် ကိစ္စရပ်အပေါ်မူတည်၍ အနာဂတ်အရေး ဆုံးဖြတ်ချက်ချမှတ်သွားရန် စဉ်းစားနေကြောင်း တုံ့ပြန်လိုက်သည်။

အစ်ကာဒီက "အင်တာအသင်း ရာသီကုန်မှာ ချန်ပီယံလိဂ်ဝင်ခွင့် ရ၊ မရဆိုတာ အခုထိအဖြေမထွက်သေးပါဘူး။ ကျွန်တော့်ကို ကလပ်အသင်းအတော်များများက ကမ်းလှမ်းနေပေမယ့် အင်တာမီလန်အသင်းနဲ့အတူ အောင်မြင်မှုတွေရယူချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ချန်ပီယံလိဂ်ကစားချင်တဲ့သူဆိုတော့ အင်တာအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ရင်တော့ အသင်းပြောင်းရွှေ့နိုင်ပါတယ်"ဟု မီဒီယာဆက်သို့ ပြောကြားခဲ့သည်။

အစ်ကာဒီမှာ ၂၀၁၃ ခုနှစ်တွင် စီးရီးအေကလပ် ဆမ်ဒိုးရီးယားမှ အင်တာမီလန်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်အထိဖြစ်သည်။

## ဘုတလင်မြို့နယ်၌ လေပြင်းများတိုက်ခတ်သဖြင့် လိုက်ထရပ်ယာဉ်တစ်စီး ထနောင်းကိုင်းပိမိ၍ ပျက်စီး

**ဘုတလင် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း ဧပြီ ၂၁ ရက် ညနေ ၆ နာရီခန့်က လေပြင်းများ ရုတ်တရက်တိုက်ခတ်ခဲ့ပြီး မိုးနှင့်အတူ ဆီးဖြူသီးခန့်ရှိ မိုးသီးများပါရွာသွန်းခဲ့ကာ မုံရွာ-ဘုတလင်လမ်းပေါ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်တစ်စီး သစ်ကိုင်းပိမိ၍ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ ဒေါနခြံရပ်မှ ဦးအေးမင်းသည် မုံရွာမြို့မှ လိုက်ထရပ်ယာဉ်ဖြင့် တစ်ဦးတည်းမောင်းနှင်ပြီး မောင်းထောင်ရွာသို့အသွား မုံရွာ-ဘုတလင်လမ်းမကြီးပေါ် ထိန်ပင်ကန်တစ်ဖက်ရပ်ဆည် ရေလွှဲတံခါးအနီးအရောက်တွင် လေပြင်းများတိုက်ခတ်မှုကြောင့် လမ်းဘေးထနောင်းပင်မှ သစ်ကိုင်းကြီးတစ်ကိုင်း ရုတ်တရက်ကျိုးကျပြီး မောင်းနှင်နေသည့်ယာဉ်ပေါ်သို့ ပိကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အဆိုပါ လိုက်ထရပ်ယာဉ်မှာ နောက်ပိုင်းကိုယ်ထည် ပျက်စီးပြီး ကားခေါင်းပိုင်းပိန်ရှုံ့ကာ ရှေ့ဘီးပေါက်ထွက်မှုဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်ကြောင့် လူအသေအပျောက်၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အဆိုပါဖြစ်ပွားရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကားပေါ်တွင်ပိနေသည့်သစ်ကိုင်းအား ဝိုင်းဝန်းကူညီဖယ်ရှားခဲ့ကြရာ ည ၇ နာရီခန့်တွင် မုံရွာ-ဘုတလင်လမ်းတွင် မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

## မသင်္ကာဖွယ်တွေ့ရှိရ၍ အမှုဖွင့်စစ်ဆေး

**နေပြည်တော် ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် မပေါ်ပေါက်သေးသည့်အမှုများအား ကူညီဖော်ထုတ်ရန် ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီခန့်က နယ်မြေအတွင်းသတင်းစုံစမ်းနေစဉ် ချမ်းမြသာစည်မြို့နယ် လမ်း(၆၀)နှင့် မနော်ဟရီလမ်းထောင့်အရောက် Honda Wave-110 ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၁၇၀၀၀၀ ဖြင့် လိုက်လံရောင်းချနေသူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မင်းရွာနေ ထိုက်သူစံ(ခ)ဝင်းငွေးကျော်(၁၈)နှစ်ဖြစ်ပြီး ၎င်းလိုက်လံရောင်းချနေသည့်ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်၌ မီးလောင်မှုဖြစ်

**စစ်ကိုင်း ဧပြီ ၂၂**

စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် (၂၄×၂၅)လမ်းကြား (၂၁)လမ်းရှိ ဦးစိန်ဝမ်း၏နေအိမ်၌ ဧပြီ ၂၂ ရက် နံနက်အစောပိုင်းက ရေခဲသေတ္တာ (Safe Guard) အပူလွန်ကဲပြီး ဝါယာကြိုးများမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီ ၇ မိနစ်ခန့်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးမတော်တဆမှုကြောင့် ရေခဲသေတ္တာတစ်လုံး၊ ကြောင်အိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**(သူရအောင်)**

## ဟဲဟိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက်က တောင်ကြီး-ဟဲဟိုး ကားလမ်း မိုင်တိုင်အမှတ် (၉၈) အနီးတွင် ရဲမင်းထွန်း မောင်းနှင်ပြီး မတင်နွယ်လင်း၊ ဖြိုးဝဏ္ဏကျော်နှင့် လှိုင်ဆွေဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၀ ကိုလည်းကောင်း၊ အလားတူ ဧပြီ ၂၀ ရက်က နမ့်ခမ်းမြို့ ရပ်ကွက်(၁)မန့်ခမ်းနေ ထွန်းမြတ်၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၂ ပြား တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




## တရားမဝင် သစ်စက်လုပ်ကိုင်သူများအား ဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကျောက်ဦးကျေးရွာအရှေ့တောင်ဘက်နှစ်မိုင်ခန့်အကွာရှိတောထဲ၌ တရားမဝင် သစ်စက်လုပ်ကိုင်နေကြောင်း သတင်းအရ နန်းတပ်ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့က ဧပြီ ၁၈ ရက် ညနေ ၄ နာရီခွဲခန့်တွင် သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာနေ သစ်ပိုင်ရှင် ဖိုးပြူး(၃၅)နှစ် သစ်စက်လုပ်သားများဖြစ်သည့် တစ်ရွာတည်းနေ ကျော်လွင်(၄၂)နှစ်နှင့် ရွာရှည်ကျေးရွာနေ အောင်မြင့်ထွန်း (၂၅)နှစ်တို့အား တရားမဝင် အင်သစ်ခွဲသားဆိုဒ်စုံ ၃၅၇ ချောင်း(၆ ဒသမ ၃၃၉၀ တန်)၊ အင်သစ်ခြောက်လုံး (၁ ဒသမ ၇၄၆ တန်)၊ တရားမဝင်သစ်စက်လုပ်ကိုင်ရာတွင်အသုံးပြုသည့် တရုတ်နိုင်ငံလုပ် ချန်ချိုင်းအမျိုးအစား (၃၂)ကောင်အင်ဂျင်တစ်လုံး၊ လေးပေလွှဝိုင်းတစ်ခုနှင့် ဆက်စပ်ပစ္စည်းများ၊ နံပါတ်မပါ ချက်ပလက်အမျိုးအစား ခြောက်ဘီးယာဉ်တစ်စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ သဖြင့် ဖိုးပြူးပါသုံးဦးအား ပင်လည်ဘူး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်(ရွှေဈေး) ၇၇၅၀၀၀ - ၇၇၅၀၀၀ မန္တလေး(ရွှေဈေး) ၇၇၄၅၀၀ - ၇၇၄၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၁. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၅၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၃၅၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၉. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၇၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၀၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၈. ၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရန်ကုန်စတော့အိပ်ချိန်း၏ နေ့စဉ်ရှယ်ယာအရောင်းအဝယ် (FMI ရှယ်ယာ)

| နေ့စွဲ | နံနက် ၁၁:၀၀ နာရီ | | နေ့လည် ၁:၀၀ နာရီ | | စုစုပေါင်း တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| | ဈေးနှုန်း | ရှယ်ယာ ပေါင်း | ဈေးနှုန်း | ရှယ်ယာ ပေါင်း | |
| ၂၀-၄-၂၀၁၆ | ၃၂၀၀၀ | ၄၃၃၇ | ၃၂၀၀၀ | ၇၁၀ | ၁၆၁. ၅၀၄ |
| ၂၂-၄-၂၀၁၆ | ၃၂၀၀၀ | ၈၂၉၅ | ၃၄၀၀၀ | ၅၆၀၃ | ၄၅၅. ၉၄၂ |












### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၆)လမ်း၊ အမှတ်(၄၉၇)ဟု ခေါ်တွင်သော အဆောက်အအုံ၏ ဒုတိယထပ်၊ အလျားပေ (၁၉)× အနံ(၅၅)ပေရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ငွေးငွေးလွင် [၁၁/တကန(နိုင်)၀၆၀၆၅၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသောင်းစိန်[၁၂/ဥကမ(နိုင်) ၁၃၅၆၂၉]၊ ဒေါ်မြမြစန်း[၁၂/ဥကမ(နိုင်) ၁၃၄၆၆၄]တို့က ၂၀၁၆ခုနှစ်၊ ဧပြီလ(၆)ရက်နေ့တွင် ရောင်းကြေးငွေ အပြီးပေးချေပြီး လက်ရောက်ရယူ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကိုကိုစံ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)
အခန်းအမှတ်(၁၁)၊ ဝေဟင်လမ်း၊
၂-ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၆၅၄၁၅

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.61 သင်္ဘောသည် ၂၄-၄-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာရိပ်သာလမ်း၊ အမှတ်(၆၄)နေ ကျွန်တော်ဦးမူနီယံဒီနှင့် ဒေါ်စန္ဒီတို့၏သားဖြစ်သူ မောင်သီဟ [၁၂/ရကန(နိုင်)၀၈၀၈၅၃]ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုများကို နားမထောင်သည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်လောက်အောင် ကိုယ်ထိလက်ရောက် ရိုင်းပျစော်ကားမှုများ အကြိမ်ကြိမ်ပြုလုပ်သဖြင့် ၎င်းအား ကျွန်တော်၊ ကျွန်မတို့၏ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမူနီယံဒီ [၁၂/သဃက(နိုင်)၁၄၃၉၉၅]
ဒေါ်စန္ဒီ [၁၂/ရကန(နိုင်)၀၆၁၆၄၉]

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆုဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**အားပြင်း ငလျင် လာလတ္တံ့ဆိုပဲ**

ငလျင်ပညာရှင်တွေက အလွန်အမင်း ပြင်းထန်လှတဲ့ ငလျင်တွေ လှုပ်တော့မယ်ဆိုပြီး သတိပေးထားတယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဧပြီလ ၁၅ ရက်နေ့စွဲနဲ့သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ၄၈ နာရီအတွင်း အာရှမှာ အဓိက ငလျင်ကြီးတွေ ငါးကြိမ်လှုပ်သွားခဲ့တာမို့ သည်လိုဟောကိန်းထုတ်ရတာလို့လည်း ဆိုပါတယ်။ (သတင်းအကျယ် ဖတ်ချင်ရင် http://goo.gl/8TUqvs)

အမေရိကန်နိုင်ငံ ခေါ်လရာဒို တက္ကသိုလ်က ထင်ရှားတဲ့ ငလျင်ပညာရှင်ရဲ့ ဟောကိန်းက ကြောက်စရာကြီးပါ။ လက်ရှိအခြေအနေများအရ ရစ်(ခ်ျ)ထာစခေး(လ်) ၈ ထက်ကျော်မယ့် ဧရာမငလျင်ကြီးတွေ အနည်းဆုံး လေးကြိမ် လှုပ်ကိန်း ရှိတယ်လို့ ပြောထားပါတယ်။ သူ့ခန့်မှန်းချက်သာ တိကျမှန်ကန်မယ်ဆိုရင် ကျွန်တော်တို့ ကမ္ဘာသူ ကမ္ဘာသားတွေ တစ်ခါဆို တစ်ခါဖူးမှ မကြုံဖူးသေးတဲ့ သဘာဝဘေးအန္တရာယ် လှိုင်းလုံးကြီးတွေ အသင့်စောင့်နေရာ ချောက်ကမ်းပါးပေါ် ရောက်နေပြီပေါ့။

၂၀၁၆ ခုနှစ် စလိုက်ကတည်းက တောင်အာရှနဲ့ ပစိဖိတ်ဒေသမှာ ငလျင်ကြီးတွေ လှုပ်ခဲ့တဲ့ နှုန်းထားဟာ ခါတိုင်း ပျမ်းမျှရဲ့ အထက်မှာ ရှိနေခဲ့တယ်။ ငလျင်လှုပ်တာ စိပ်လာတာနဲ့အမျှ လူ ရှစ်ထောင် သေဆုံးခဲ့ရတဲ့ ၂၀၁၅ ခုနှစ် နီပေါ ငလျင်လိုမျိုး ထပ်များကြုံရဦးလေမလားဆိုတာ သောကပွားစရာ ဖြစ်နေခဲ့ပါတယ်။ တကယ်လို့ သည်ပညာရှင်တွေ ဟောသလို ဧရာမငလျင်ကြီးတွေ ချက်ချင်းလက်ငင်း ထမလှုပ်သေးလို့လည်း စိတ်အေးနေလို့ မရပြန်ဘူး။ အဲသလို မလှုပ်သေးခြင်းကြောင့် မြေအောက်က တင်းအားတွေ ပိုပိုများလာပြီး လှုပ်ပြီဟေ့ဆိုတာနဲ့ အရှိန်က ပိုပြင်းနိုင်တယ်လို့လည်း ဆိုထားပါသေးတယ်။

**၂၀၁၆ ခုနှစ်အတွင်း လှုပ်ထားပြီးသား ငလျင်စာရင်း**

၄၈ နာရီအတွင်း အာရှမှာ လှုပ်သွားတဲ့ ငလျင် ငါးခုက ဂုဏ်ယူစရာတော့ ကောင်းမလား မသိဘူး။ မြန်မာနိုင်ငံက စတာမို့ပါ။ ဧပြီလ ၁၃ ရက်နေ့ မော်လိုက်မြို့အနီးက ပြင်းအား ၆. ၉ ရှိတဲ့ ငလျင်ရဲ့ အရှိန်ကို မြန်မာပြည်ထဲမှ သာမက အိန္ဒိယ၊ ဘင်္ဂလားဒေ့(ရှ်)၊ တရုတ်နိုင်ငံတို့မှာပါ နေရာအနှံ့အပြားသိရှိ ခံစားခဲ့ကြရပါတယ်။

နောက်တစ်ရက်မှာတော့ တောင်ပိုင်း ပစိဖိတ်သမုဒ္ဒရာထဲက ဗာနူအာထူး ကျွန်းကလေးမှာ အင်အား ၆. ၅ ရှိတဲ့ ငလျင်၊ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုမှာ အင်အား ၅. ၉ ရှိတဲ့ ငလျင်တွေ လှုပ်ခဲ့ပြန်တယ်။ နောက်တစ်ရက်မှာတော့ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်းများမှာ အင်အား ၆. ၅ နဲ့ ၆. ၄ အသီးသီးရှိလေတဲ့ ငလျင်နှစ်ခုက နာရီပိုင်းပဲ ခြားပြီး လှုပ်ခဲ့တယ်။

မော်လိုက် ငလျင်မတိုင်ခင် သုံးရက်၊ ဧပြီလ ၁၀ ရက်နေ့က ပါကစ္စတန်နိုင်ငံ ကဘူးမြို့ ငလျင်ရဲ့ အားက ၆. ၆ ရှိတယ်။ လူ ၆ ဦး သေဆုံးခဲ့တယ်။ အဲဒီ့မတိုင်ခင် နှစ်ရက် ဧပြီ ၈ ရက်မှာ ပြင်းအား ၄. ၂ ရှိတဲ့ ငလျင်က နီပေါမှာ လှုပ်ခဲ့သေးသလို သူ့ထက် ပြင်းတဲ့ ၅. ၅ ရှိ ငလျင်ကလည်း နီပေါမှာပဲ ဖေဖော်ဝါရီ ၂၂ ရက်မှာ လှုပ်ခဲ့ပါသေးတယ်။ အဲဒီ့မတိုင်ခင် တစ်လ ဇန္နဝါရီ ၂၀ ရက်နေ့မှာတော့ တရုတ်နိုင်ငံမှာ အင်အား ၆. ၁ ရှိတဲ့ ငလျင်လှုပ်ခဲ့တယ်။ သည်မတိုင်ခင် ၁၀ ရက် ဇန်နဝါရီ ၁၀ ရက်တုန်းက အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှာ လူ ၁၁ ဦး သေဆုံးခဲ့ရတဲ့ အင်အား ၆. ၇ ရှိ ငလျင်လှုပ်ခဲ့ပြန်တယ်။

လောလောဆယ်မှာ တစ်ကမ္ဘာလုံးမှာ ရှိနေတဲ့ မီးတောင်ပေါင်း ၃၈ လုံးကလည်း ပေါက်ကွဲလျက် ရှိနေပြန်သတဲ့။

(အာရှတလွှားမှာ လှုပ်နေတဲ့ ငလျင်တွေကို အချိန်နဲ့ တစ်ပြေးညီ သိချင်ရင် http://earthquaketrack.com/v/asia/recentမှာ သွားရောက်ကြည့်ရှုနိုင်ကြပါလိမ့်မယ်။)

**ဘယ်သူမှ အတတ်မဟောနိုင်**

ပြဿနာက ငလျင်နဲ့ ပတ်သက်လို့ ဟောကိန်းထုတ်မယ့်သာ ထုတ်နေကြတာ၊ ဖြစ်နိုင်ချေကို ပြောလို့သာ နေကြတာ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ လှုပ်မယ်ဆိုတာကိုကျ ဘယ်ပညာရှင်မှ တတ်အပ် မပြောနိုင်သေးပါဘူး။ အဲဒါက အဓိက ပြဿနာပါပဲ။

ပညာရှင်တွေ ပြောတဲ့အတိုင်းသာ အင်အား ၈ အထက် ငလျင်မျိုးဟာ လူနေထူထပ်ရာ နေရာကိုသာ ဗဟိုပြုပြီး လှုပ်လိုက်မယ်ဆိုရင် ပျက်စီးဆုံးရှုံးရမယ့် အခြေအနေတွေဟာ မတွေးရဲစရာဖြစ်သလို လူ့သမိုင်းတလျှောက် တစ်ခါဆို တစ်ခါမှ မကြုံဖူးသေးတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ကြုံရမှာပါ။

သေချာတဲ့ အချက်ကတော့ လှုပ်ပြီဟေ့ဆိုတာနဲ့ အငိုက်မိခံရတော့မယ်ဆိုတာပါပဲ။ ဘာမှ ပြင်ဆင်ချိန် မရလိုက်ဘဲ အုံးခနဲ၊ ကွိခနဲ ခံရတော့မှာပါ။ အထူးသဖြင့် ရန်ကုန်၊ မန္တလေးလို အထပ်မြင့် အဆောက်အအုံတွေများတဲ့ နေရာမှာဆိုရင် ခြေမဲ့လက်မဲ့နဲ့ ခံရဖို့ အလားအလာက ပိုများပါလိမ့်မယ်။

လှုပ်ပြီးတော့မှသာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ သွေးရူး သွေးတမ်း ပြေးကြလွှားကြရမယ့် အနေအထားဆိုတာကို သတိထားမိဖို့ လိုကြမယ် ထင်ပါတယ်။ နောက်ဆက်တွဲ ဆက်လှုပ်တာတွေကို မျှော်လင့်ပြင်ဆင်နိုင်ဖို့ အချိန်ရကောင်း ရနိုင်သွားမှာ ဖြစ်ပေမယ့် စစချင်း လှုပ်လိုက်တာက ဟောကိန်းများလို သိပ်ပြင်းတဲ့ ငလျင်သာ ဖြစ်လို့ကတော့ နောက်ဆက်တွဲတွေဆီအထိတောင် ရောက်လိုက်နိုင်တော့မှာ မဟုတ်တော့ပါဘူး။

**ဘာတွေ ပြင်ဆင်ထားကြမလဲ**

သည်တော့ကာ အခုကတည်းက ကိုယ်လုပ်နိုင်တာလေးတွေကို ကိုယ့်ဘက်က တတ်နိုင်သမျှ ပြင်ဆင်ထားကြဖို့ လိုကြပါလိမ့်မယ်။

ဘာတွေ ပြင်ဆင်ကြမလဲဆိုတာကိုတော့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတခုအတွက် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျွန်တော်ဘာသာပြန်ပေးခဲ့ရတဲ့ စာလေးကိုပဲ ပြန်လည် ကိုးကားပါ့မယ်။ အင်ထာနက်ထဲမှာတော့ သစ်ထူးလွင်ရဲ့ ဘလော့(ဂ်)မှာလည်းကောင်း၊ ဒီဗွီဘီစာမျက်နှာမှာလည်းကောင်း ဒါကို ကျွန်တော့်ဆီက ကူးယူ ဖော်ပြထားတာတွေ ရှိပါတယ်။

**ငလျင်မလှုပ်မီ အိမ်မှ အန္တရာယ်များကို စစ်ဆေးထားကြပါခင်ဗျား**

- စင်တွေအားလုံး နံရံမှာ ခိုင်ခိုင်မြဲမြဲ ရှိနေအောင် လုပ်ထားကြဖို့ လိုပါလိမ့်မယ်။
- ပစ္စည်းကြီးတွေ၊ လေးလံတဲ့ ပစ္စည်းတွေကို အမြင့်မှာ မထားသင့်ပါဘူး။ စင်ပေါ်မှာ ထားမယ်ဆိုရင်လည်း အနိမ့်မှာသာ ထားသင့်ပါတယ်။
- ပုလင်းတွေ၊ ဖန်ခွက်တွေ၊ ကြွေထည်တွေလို ကွဲလွယ်တာတွေကို နိမ့်လည်းနိမ့်၊ တံခါးချက်တွေလည်း ပါတဲ့ ကြောင်အိမ်တွေ၊ ဘီရိုတွေထဲမှာ ထားသင့်ပါတယ်။
- ဓာတ်ပုံဘောင်ကြီးတွေ၊ ပန်းချီကားကြီးတွေ၊ မှန်ကြီးတွေလို လေးလံတဲ့ ပစ္စည်းတွေကို အိပ်ရာ၊ ထိုင်ခုံများအပါအဝင် လူတွေ ရှိနေမယ့် နေရာတွေနဲ့ ခပ်ဝေးဝေးမှာ ထားသင့်ပါတယ်။
- မျက်နှာကြက်ပေါ်က မီးအိမ်၊ မီးဆိုင်းတွေကို မြဲမြဲမြံမြံ တပ်ဆင်ထားသင့်ပါတယ်။
- ပျက်စီးနေတဲ့ ဓာတ်ကြိုးတွေ လဲထားဖို့ လိုပါလိမ့်မယ်။ ငလျင်နဲ့တကွ ဖြစ်လာနိုင်တဲ့ မီးဘေးအန္တရာယ်ကို ကာကွယ်ဖို့ပါပဲ။
- မျက်နှာကြက်တွေ၊ အဆောက်အအုံအောက်ခြေတွေ နက်နက်နဲနဲ အက်ကွဲနေရင် ပြုပြင်သင့်ပါတယ်။အဲလိုအက်ကွဲနေတာဟာ အဆောက်အအုံကြီးတခုလုံးကို ထိခိုက်မယ့် ပုံပေါ်နေရင် ပညာရှင်တွေနဲ့ ဆွေးနွေးပြီး လုပ်သင့်တာ လုပ်ကြရမှာပါ။ (ပြောမယ့်သာ ပြောရတယ်။ အထပ်မြင့် အဆောက်အအုံကြီးတွေ၊ ကန်ထရိုက်တိုက်တွေက ဆောက်ကတည်းက ဟိုခို သည်ခိုနဲ့ ဆိုတော့ ပြောသာ ပြောရတယ်၊ အားက သိပ်မရှိလှဘူး ခင်ဗျ။)
- ပေါင်းသတ်ဆေးတွေ၊ ပိုးသတ်ဆေးတွေ၊ မီးလောင်လွယ်တဲ့ ပစ္စည်းတွေကို အလုံပိတ် ဘီရိုအောက်ဆင့်တွေထဲမှာ သိမ်းဆည်းထားသင့်ပါတယ်။

**ငလျင်လှုပ်ရင် ပုန်းခိုဖို့ အခန်းတိုင်းက ဘေးကင်းတဲ့ နေရာတွေကို ကြည့်ထားကြပါ ခင်ဗျား။**

- စာရေးစားပွဲကြီး၊ ဒါမှမဟုတ် စားပွဲကြီးတွေလို ခိုင်ခန့်တဲ့ ပရိဘောဂတွေ အောက်။ (ဒါလည်း ပြောမယ့်သာ ပြောရတယ်၊ လှုပ်ပြီဆိုတာနဲ့ ပြေးဖို့တောင် အချိန်မရလိုက်နိုင်တာလည်း ကြုံရနိုင်ပါတယ်။ သို့သော် နောက်ဆက်တွဲ ဆက်လှုပ်တာတွေအတွက်တော့ မိမိကိုယ်ကို ကာကွယ်နိုင်ပါလိမ့်မယ်။
- အတွင်းဘက် နံရံနဲ့ကပ်လျက်။ အတွင်းဘက် နံရံဆိုတာက နေအိမ်ဥပစာအတွင်းက အခန်းဖွဲ့ထားတဲ့ နံရံတွေကို ဆိုလိုပါတယ်။ အိမ်ပတ်လည်ကို ကာရံထားတဲ့ နံရံ မဟုတ်တာပေါ့။
- မှန်ကွဲစများ လွင့်စင်ကျလာနိုင်တဲ့ ပြတင်းတွေ၊ မှန်တွေ၊ ဓာတ်ပုံတွေ၊ လဲကျလာနိုင်တဲ့ စင်တွေနဲ့ ဝေးရာ။

**ငလျင်လှုပ်နေခိုက် အဆောက်အအုံထဲမှာ ရှိနေရင်**

- ခိုင်မာလေးလံသော အိမ်ထောင်ပရိဘောဂအောက်မှာဖြစ်ဖြစ်၊ အတွင်းဘက်နံရံမှာဖြစ်ဖြစ် ကပ်နေပြီး တစ်ခုခုကို ဆွဲကိုင်ကာ မိမိကိုယ်ကို မြဲနေအောင် ဆောင်ရွက်ထားသင့်ပါတယ်။
- နေအိမ်အဆောက်အအုံထဲမှာပဲ နေသင့်ပါတယ်။ သွေးရူး သွေးတမ်း မပြေးသင့်ပါဘူး။ပစ္စည်းတွေကျလာနိုင်တာမို့ ငလျင်လှုပ်နေတုန်း အဆောက်အအုံထဲက ထွက်ပြေးတာ အန္တရာယ်အကြီးဆုံးပါပဲ။

**ငလျင်လှုပ်နေခိုက်အပြင် ရောက်နေရင်**

- အဆောက်အအုံတွေ၊ ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေနဲ့ ဝေးရာ ကွင်းပြင်ကျယ်ကို အမြန်ဆုံးသွားသင့်ပါတယ်။
- ကွင်းပြင်ကို ရောက်တဲ့အခါ လှုပ်ခါနေတာတွေ လုံးလုံး ရပ်ဆိုင်းတဲ့အထိ အဲဒီမှာပဲ နေသင့်ပါတယ်။

**ငလျင်လှုပ်နေခိုက် သွားနေတဲ့ ကားပေါ်မှာ ရောက်နေရင်**

- ကားကို အမြန်ဆုံးရပ်ပြီး ကားထဲမှာပဲ နေသင့်ပါတယ်။ (အားပြင်းမှသာ သွားနေတဲ့ ကားပေါ်က ခံစားသိရှိ နိုင်မှာပါ။ တော်ရုံဆို လှုပ်မှန်းတောင် သိလိုက်မှာ မဟုတ်တာလည်း သေချာပါတယ်။)
- အဆောက်အအုံတွေ၊ သစ်ပင်တွေ၊ မိုးပျံတံတားတွေ၊ ဓာတ်ကြိုး၊ ဓာတ်တိုင်တွေနဲ့ ဝေးရာကို မောင်းသွားပြီး နောက်ဆက်တွဲ ငလျင်တွေ ရှိနေရင် အန္တရာယ်ရှောင်နိုင်ကြပါလိမ့်မယ်။
- ငလျင်မလှုပ်တော့ရင် ငလျင်ဒဏ်ကြောင့် ပျက်စီးနေနိုင်တဲ့ တံတားတွေ၊ ခုံးတွေ၊ ရေကျော်တွေကို ရှောင်ကွင်း၊ သတိထားပြီး ခရီးဆက်သင့်ပါတယ်။

**ကြိုတွေးထားမှ တန်ကာကျ**

ဘယ်အချိန်၊ ကိုယ်ဘယ်နား ရောက်နေတုန်းမှာ ထလှုပ်မယ်ဆိုတာ ဘယ်လိုမှ မသိနိုင်တာမို့ ဒါတွေ ပြောမယ့်သာ ပြောလိုက်ရပါတယ်၊ တကယ်ကြုံတဲ့အခါ ပြင်ဆင်ဖို့ အတော်ကြီး ခက်ခဲမှာပါ။ ဒါကြောင့် မလှုပ်ခင်ကတည်းက ကိုယ်နေနေကျ နေရာ၊ ကိုယ်ထိုင်နေကျနေရာတွေကို ဘေးကင်းအောင် အတတ်နိုင်ဆုံး လုပ်ဆောင်ထားတာ မမှားပါဘူး။

အိမ်ရှင်မတွေအနေနဲ့က ပိုလို့တောင် သတိထားသင့်ပါတယ်။ အများစုက မီးဖိုဆောင်ထဲမှာ ရှိနေနိုင်တယ်။ မြို့ပြအိမ်တွေရဲ့ မီးဖိုဆောင်ဆိုတာက နံရံကပ်ဘီရိုတွေ၊ စင်အမြင့်တွေနဲ့ ဖြစ်နေတတ်ပါတယ်။ အဲဒီ့ စင်တွေကို တတ်နိုင်သမျှ ခိုင်ခံ့မြဲမြံအောင် ကြိုတင် ဆောင်ရွက်ထားသင့်လှပါတယ်။

နောက်တစ်ချက်က အိပ်မောကျနေချိန်မှာလှုပ်ရင် ပိုလို့တောင် အကာအကွယ်မဲ့နိုင်ပါတယ်။ ဒါကြောင့် မိမိတို့အိပ်ရာဝန်းကျင်မှာ ကိုယ့်အပေါ် ပြုတ်ကျလာနိုင်မယ့် ပစ္စည်းကြီးတွေ၊ ကွဲရှနိုင်မယ့်မှန်တွေ ကင်းအောင် ကြိုတင်ဖန်တီးထားသင့်ပါတယ်။

**အရေးပေါ်အခြေအနေမှာ**

ဒါ့အပြင် ငလျင်အကြီးအကျယ် လှုပ်ပြီးသွားတဲ့အခါ လူအများအပြား ဒုက္ခတွေ့နေတော့မှာပါ။ သည်အခါ မိမိနဲ့ မိမိ မိသားစုအတွက် အရေးပေါ်အခြေအနေမှာ အသက်ရှင် ရပ်တည်နေနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုပါလိမ့်မယ်။ အောက်ပါတို့ဟာ အရေးပေါ်အခြေအနေအတွက် မဖြစ်မနေ ဆောင်ထားရမှာတွေပါ။

- လက်နှိပ်ဓာတ်မီးနဲ့ ဓာတ်ခဲအပိုတွေ
- (သတင်းပလင်းအတွက်)ဓာတ်ခဲသုံး ရေဒီယိုအသေးနဲ့ ဓာတ်ခဲအပိုတွေ (အင်ထာနက်တွေ၊ ဖုန်းတွေကို အားကိုးလို့ မရနိုင်တော့မှာကို တွေးထားသင့်ပါတယ်။ ငလျင်သာ ပြင်းရင် အဲဒီ့ဆက်သွယ်ရေး မျှော်စင်တွေလည်း မြေခကုန်တော့မှာကိုး။)
- ရှေးဦးသူနာပြုပစ္စည်းထုပ်။ သေတ္တာ၊ ရှေးဦးသူနာပြု လက်စွဲစာအုပ် (မရှိရင် ဆောင်ပါတော့။)
- အရေးပေါ် အစားအစာနဲ့ သောက်ရေ
- မရှိမဖြစ်လိုတဲ့ ဆေးဝါးတွေ
- ငွေကြေး
- ခိုင်ခန့်တဲ့ ဘိနပ်တွေ

ဒါတွေအပြင် အိမ်တိုင်းမှာ မီးသတ်ဆေးဘူး ဆောင်ထားတာမျိုးဟာလည်း ငလျင်ရဲ့ နောက်ဆက်တွဲ ပေါ်ပေါက်လာမယ့် မီးဘေးအတွက် အသုံးတည့်နိုင်ပါသေးတယ်။

တကယ့်တကယ်တော့ သဗ္ဗေသတ္တာ ကမ္မသကာ ဆိုတဲ့အတိုင်း သတ္တဝါမှန်သမျှဟာ မိမိတို့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများရဲ့ အကျိုးဆက်ကို ခံစားကြရမယ့်သူချည်း ဖြစ်ပါတယ်။ ကြိုတင်တွက်ဆလို့မရတဲ့ ငလျင်လို သဘာဝဘေးနဲ့ ကြုံတဲ့အခါမှာလည်း မနောကံတည်းဟူသော မိမိတို့ရဲ့ စိတ်အတွေးများနဲ့ ကြိုတင်ပြင်သင့်တာ ပြင်ထားနှင့်မယ်ဆိုရင်တော့ ဘေးဒုက္ခ ဒဏ်ခံရတာချင်းအတူတူ သက်များ သက်သာနိုင်လေမလားဆိုတဲ့အတွေးနဲ့ သည်တစ်ပတ်မှာ ဒါလေးကို ရေးပြလိုက်ပါတယ်။ အားလုံးတွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါစေခင်ဗျား။

"ပညာရှင်တွေ ပြောတဲ့အတိုင်းသာ အင်အား ၈ အထက် ငလျင်မျိုးဟာ လူနေထူထပ်ရာ နေရာကိုသာ ဗဟိုပြုပြီး လှုပ်လိုက်မယ်ဆိုရင် ပျက်စီးဆုံးရှုံးရမယ့် အခြေအနေတွေဟာ မတွေးရဲစရာဖြစ်သလို လူ့သမိုင်းတလျှောက် တစ်ခါဆို တစ်ခါမှ မကြုံဖူးသေးတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ကြုံရမှာပါ။"

ခရီးသွား ဆောင်းပါး



# ချောင်းသာကိုကယ်တင်ပါ ငွေဆောင်ကိုထိန်းသိမ်းပါ

**à ခင်မောင်ငွေး(ပညာရေး)**


၂၀၁၄ ခုနှစ်က ချောင်းသာကိုရောက်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မရောက်ဖြစ်ခဲ့။ ယခု ၂၀၁၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင် ချောင်းသာကမ်းခြေသို့ တစ်ခေါက်ရောက်ဖြစ်ပြန်သည်။ နှစ်နှစ်တာကာလအတွင်း ချောင်းသာက အတော်ပင်ပြောင်းလဲသွားချေပြီ။

၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း အတော်ပင်ဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုနိုင်သည်။ အကြောင်းမှာ မြန်မာပြည်သူပြည်သားများအနေဖြင့် ယခင်ကကဲ့သို့ လူသူအရောက်အပေါက်များသည့် ဒေသများသို့သာမက နောက်ထပ်ပေါ်ထွန်းလာသည့် နေရာဒေသအသစ်များဆီသို့ ခရီးဆန့်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ ကိုယ်ပိုင်ယာဉ်များ ဝယ်စီးလာနိုင်ခြင်းကြောင့်လည်း ခရီးတွင်လာကြတော့သည်။

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းအားဖြင့် မိုင်ပေါင်း သောင်းချီ၍ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ယင်းကမ်းခြေတွင် ငပလီသည် အထင်ကရကျော်ကြားသည်။ သို့သော်လည်း ဝေးကွာသောကြောင့် ပြည်တွင်းမှ အသွားအလာ နည်းသည်။ ပြည်ပခရီးသည်သာများသည်။ ယင်းနောက် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့ ပေါ်ထွန်းလာခဲ့သည်။ ပုသိမ်မြို့မှတစ်ဆင့် အလွယ်တကူ သွားရောက်နိုင်သည့် ကမ်းခြေဖြစ်သည့်အလျောက် နိုင်ငံတစ်ဝှမ်းမှ လာရောက်အပန်းဖြေသူများလှသည်။

ချောင်းသာကမ်းခြေကိုရောက်သည်နှင့် နှစ်လိုဖွယ်မြင်ကွင်းမဟုတ်သည်ကတော့ သေချာသွားသည်။ ခရီးသွားများက တစ်နှစ်ထက်တစ်နှစ် ပို၍တိုးလာနေသည်။ ချောင်းသာကမ်းခြေက တိုးတက်မှုမရှိဘဲ ယိုယွင်းပျက်စီးလာနေသည်။ တိုးတက်မှုအပိုင်းအဖြစ် ယင်းကမ်းခြေတစ်ဝိုက်တွင် ဟိုတယ်များ၊ တည်းခိုဆောင်များ၊ဆောက်လုပ်ဆဲအဆောက်အအုံများသာ တွေ့ရသည်။ အမှတ်တရပစ္စည်းအရောင်းဆိုင်များကလည်း မနည်းလှ။ ငါးခြောက်၊ ပုစွန်ခြောက် အရောင်းဆိုင်များ၊ ဒေသထွက် သရက်တောထိုးမုန့် အရောင်းဆိုင်များ အများအပြားတွေ့ရ၏။ ကမ်းခြေကို မှီတွယ်၍ အသက်မွေးဝမ်းကျောင်းပြုကြသူများလှစွာပင်။

ယမန်နှစ်ရောက်တုန်းက အုန်းရွက်မိုးတဲများစွာ တွေ့ရသည်။ ယခုနှစ်တွင် ယင်းသို့ဆောက်လုပ်ခွင့်ပြုမထား။ ပေါ့ပေါ့ပါးပါး ထီးရိပ်မိုးများသည်။ စိတ်ပျက်ဖွယ်အကောင်းဆုံးမှာ ချောင်းသာကမ်းခြေတစ်ခုလုံး အမှိုက်သရိုက်များ ပြန့်ကျဲစွာရှိနေခြင်းပင်ဖြစ်သည်။ ရေကျချိန်တွင် ကမ်းခြေက (ပေ ၁၀၀ ကျော်ခန့်အထိ) ကျယ်ကျယ်ပြန့်ပြန့်ရှိပါသည်။ သို့သော် ကမ်းခြေ၏အလှကား ရှာမရတော့။



ကမ်းခြေတွင် အမှိုက်မျိုးစုံ နေရာယူထားသည်။ အမှိုက်သရိုက်များပေါ်တွင် ဆိုင်အသီးသီး၏ ပလတ်စတစ်ထိုင်ခုံများ အစီအရီဖြန့်ခင်းထား၏။ သို့ဖြစ်၍ မြင်းအလှစီးသူ၊ လှည်းယာဉ်စီးသူများ နေရာပျောက်ကုန်၏။ စက်ဘီးစီးသူများ နေရာမရ။ ရေစပ်ထိချထားသည့်ထိုင်ခုံများကို ရှောင်ကွင်း၍သွားလာနေကြသည်။ (ဆိုင်ခန်းများကို ပေ ၅၀ ထိ ခွင့်ပြုထားလျှင် အဆင်ပြေနိုင်သော်လည်း သူ့ထက်ငါရှေ့တိုးနေကြသည်။)

သကြၤန်အတွင်း တည်းခိုခန်းခများ နှစ်ဆမြင့်သွားသည်။ အစားအသောက်ဈေးနှုန်းကလည်း ကြောက်ခမန်းလိလိ။ ကျောက်ပွင့်သုပ်တစ်ပွဲ ၄၀၀၀၊ ပြည်ကြီးငါးသုပ်တစ်ပွဲ ၅၀၀၀၊ လက်ဖက်သုပ်တစ်ပွဲ ၃၀၀၀၊ ငါးခြောက်မီးဖုတ် ဆီဆမ်းတစ်ပွဲ ၄၀၀၀၊ ဘီယာတစ်ပုလင်း ၃၀၀၀၊ ရေသန့်တစ်ဘူး ၅၀၀။ ဈေးကြီးမြင့်သော်လည်း ဝန်ဆောင်မှုက မကောင်း။ မလုံတလုံအမိုး၊ အမှိုက်ဗရပွရှိသည့် သဲသောင်ပေါ်က ပလတ်စတစ်စားပွဲမှာ။

ကျောက်မောင်နှမသို့ ဆိုင်ကယ်ကယ်ရီရှိသည်။ ဈေးတော့မသိခဲ့။ သဲဖြူကျွန်းသို့သွားလိုက သွားနိုင်သည်။ စပိဘုတ်နှင့်ဆိုလျှင် ၃၀၀၀၀ ကျပ် (တစ်ဦးငါးထောင်ကျပ်နှင့် ခြောက်ဦးသာ) သစ်သားစက်လှေက လူတစ်ဦးတစ်ထောင်ကျပ်။ လူများများစီးနိုင်သည်။ သို့သော် လှိုင်းလေကြီးလျှင် စိတ်မချရ။ ငါးမိနစ်သာမောင်းရသည့်ခရီးစဉ်အတွက် ဈေးကြီးမြင့်သည်ဟု ဆိုသူများရှိသည်။ အစိုးရပိုင်ရှိဟန်မတူ။ ဟိုတယ်ဇုန်ပိုင်များသာဖြစ်ဟန်ရှိသည်။ မည်သို့ပင်ဆိုစေ ကမ်းခြေကိုအမှီပြု၍ စီးပွားဖြစ်ကြသည်။ ဝင်ငွေပင်လမ်းဖြောင့်ကြသည်။ စီးပွားရေးအဆင်ပြေကြ၍ ဝမ်းသာစရာပင်။ သို့သော် ဤသို့ဝမ်းသာကြည်နူးမှု တာရှည်ခံစေလိုပါသည်။ နိုးတစ်ဝက် အိပ်တစ်ဝက်၏ တဒင်္ဂပျော်ရွှင်မှုမျိုး မဖြစ်စေချင်ပါ။

အုန်းသီးခွဲ၍ အုန်းရေသောက်ကြသည်။ သောက်ပြီးသည့်နေရာတွင် လွှင့်ပစ်လိုက်ရုံပင်။ ကမ်းခြေတွင် အုန်းခွံများအနံ့။ အချိုရည်နှင့် ဘီယာဘူးခွံမျိုးစုံလည်း ထိုနည်းအတိုင်းပင် ပြန့်ကျဲနေ၏။ ပြန်ရောင်းစား၍ရသော ရေသန့်ဘူးခွံနှင့် ဘီယာပုလင်းများကို လိုက်လံကောက်ယူသူရှိသည်။ ကျန်အမှိုက်သရိုက်အားလုံး ကမ်းခြေတွင် အတုံးအရုံး။ သဲဖြူသန့်သန့်ဟူ၍ မရှိတော့။ အမှိုက်များနှင့် ရောသမနေသည့်သဲပြင်။ အမှိုက်ဖုံးနေသည့် သဲပြင်ပေါ်တွင် ထိုင်ခုံချ၍ နားနေကြရ၏။ (ဩော်. . . ရန်ကုန်မှာ အုန်းသီးစိမ်းတစ်လုံး ၇၀၀၊ ဘယ်နေရာသောက်သောက်။ ချောင်းသာအမှိုက်ပုံကြားတွင် ၁၅၀၀ ပေး၍ သောက်ရသည့်အဖြစ်) အချို့အမှိုက်များ ရေအကျတွင် ပါသွား၏။ အချို့ ကမ်းပေါ်တွင်ကျန်ရစ်ဆဲ။ အမှိုက်သိမ်းသူ တစ်ဦးမျှမရှိ။ အမှိုက်ပုံးမရှိ။ ဟိုတယ်ဇုန် အမှိုက်သိမ်းယာဉ်နှစ်စီး သဲပြင်ပေါ်ဖြတ်မောင်းသွားသည်။ မည်သည့်အမှိုက်ကိုမျှ သိမ်းဆည်းသွားဟန်မတူ။

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

## ချောင်းသာကိုကယ်တင်ပါ ငွေဆောင်ကိုထိန်းသိမ်းပါ

ယင်းအမှိုက်များသည် တစ်ချိန်မဟုတ်တစ်ချိန်တွင် ပင်လယ်ထဲသို့ မျောပါသွားကြမည်သာဖြစ်၏။ သို့သော် ယင်းအမှိုက်များသည် လွယ်လွယ်နှင့် ကြေပျက်နိုင်မည် မဟုတ်။ ကမ်းခြေတစ်ခုတွင် အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ Campaige လေးတစ်ခု ပြုလုပ်ထားသည်ကို လူမှုကွန်ရက်တွင် တွေ့ရ၏။ ဂျာနယ်အဖုံးစာရွက်ပင် ပျက်စီးရန် ခြောက်လကြာ၏။ ဖိနပ်သည် ပျက်စီးရန် နှစ်ပေါင်း ၂၅-၄၀၊ ဖလင်နှစ် ၂၀ မှ ၃၀၊ ပလတ်စတစ်အမှိုက်၊ အချိုရည်ဘူး၊ ဘီယာဘူး နှစ် ၂၀၀ မှ ၅၀၀၊ ခေါက်ဆွဲခြောက်အိတ် နှစ် ၅၀၀ မှ ၁၀၀၀၊ Diaper နှစ် ၅၀၀ မှ ၈၀၀၊ ဖန်ပုလင်းနှင့် ဖော့ဘူးများ နှစ် ၁၀၀၀၀ စသည်ဖြင့်ဖော်ပြထားသည်ကို ကြည့်ခြင်းဖြင့် စွန့်ပစ်အမှိုက်များ၏အန္တရာယ်နှင့် ရေနေသတ္တဝါများအတွက် များစွာဒုက္ခဖြစ်စေနိုင်သည်ကို တွေ့မြင်ရ၏။

ချောင်းသာရပ်ကွက်တွင်းရှိ အသိမိတ်ဆွေတစ်ဦးအိမ်သို့ အပူဒဏ်ခိုရန် ရောက်ရှိသွား၏။ ချောင်းသာကမ်းခြေ၏ အခြေအနေတစ်စိတ်တစ်ပိုင်း သိခဲ့ရ၏။ ယခင်က အုန်းပင်ပေါကြောင်း၊ စားမည့်သောက်မည့်သူတောင် မရှိကြောင်း။ ယခုအခါ ဟိုတယ်များ၊ တည်းခိုခန်းများ တိုးချဲ့လာ၍ အုန်းပင်များကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲလာကြောင်း၊ ကမ်းခြေကိုကြည့်၍ စိုးရိမ်မိကြောင်း၊ လူအများအပြားလာသော်လည်း အမှိုက်သရိုက် သန့်ရှင်းမှုမရှိကြောင်း၊ ကူးစက်ရောဂါတစ်မျိုးမျိုးကျရောက်လျှင် ကမ်းခြေ၏အနာဂတ်ကို မတွေးဝံ့ကြောင်း ပြော၏။

ဈေးနှုန်းများကြီးမြင့်မှုနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ "လူတွေက လောဘဇောတက်လာကြတယ်၊ ရောင်းနိုင်တဲ့ဈေးထက် အဆမတန်တင်ကြတယ်။ ဒီရပ်ကွက်ထဲက ဈေးဆိုင်သွားဝယ်ကြည့် ပုံမှန်ဈေးပါပဲ။ (စာရေးသူတို့သွားဝယ်ရာ ရေသန့်တစ်ဘူး ၃၀၀၊ ကော်ဖီမစ်တစ်ထုပ် ၁၀၀ ကျပ်ပင်) ဟိုတယ်တွေ တည်းခိုဆောင်တွေလည်း ဒီလိုပါပဲ။ အထိန်းအကွပ်မရှိကြတော့ဘူး။ အဒေါ့်အိမ်က နှစ်ထပ်လေ။ အပေါ်ထပ်မှာ မိသားစုနှစ်စုလောက် အေးအေးဆေးဆေးတည်းခိုလို့ရတယ်။ တစ်ညမှ ခုနစ်သောင်းလောက်ပဲ။ ဒါပေမဲ့ သိပ်မတည်းကြဘူး။ ကမ်းခြေနားမှာပဲ ကြေးကြီးကြီးပေးပြီးတည်းကြတာ" ဟု ဆိုသည်။

မှန်သည်။ ချောင်းသာကမ်းခြေသည် သန့်ရှင်းသပ်ရပ်မှု မရှိ။ အစစအရာရာ ဈေးနှုန်းကြီးမြင့်နေသည်။ ပြည်တွင်းဈေးကွက်ကိုပင် ရေရှည်ထိန်းသိမ်းထားရန် မလွယ်လှဟု တွေးမိသည်။ ယခုဆိုလျှင် နိုင်ငံခြားသား အဝင်နည်းလာသည်။ ကားအငှားလုပ်ငန်း (Car Rental) ဖြင့် ခရီးသည်ပို့ဆောင်ပေးနေသူ အေးဂျင့်တစ်ဦးနှင့်တွေ့ရာ နိုင်ငံခြားသားများကို ငွေဆောင်ကမ်းခြေသို့သာ အပို့ရများကြောင်း သိရ၏။

ချောင်းသာမှတစ်ဆင့် ငွေဆောင်ကမ်းခြေသို့ ကူးကြပြန်သည်။ အများမှာ အပန်းဖြေသည့်ချစ်သူများကျွန်းအနီးရှိ ကမ်းခြေတွင် ရှည်လျားလှသည့် ဖြူလွလွသဲသောင်ကို တွေ့ရ၏။ လှိုင်းခေါင်းဖြူဖြူနှင့် စိမ်းလဲ့လဲ့ရေပြင်၊ စနစ်တကျဆောက်လုပ်ကာ ဆိုင်ချင်းကပ်၍ အမိုးများပြုလုပ်ထား၍ အေးမြလှသည်။ ဆိုင်ထဲတွင် အမှိုက်ပုံးတွေ့ရ၏။

သဲသောင်ပြင်တွင် အမှိုက်ပုံးမတွေ့ရ။ ထီးဝိုင်းရိပ် အနည်းငယ်သာ တွေ့ရ၏။ သို့သော် ပြည်တွင်းခရီးသည် အဝင်နည်း၏။ အကြောင်းမှာ ကမ်းခြေတစ်လျှောက် ဟိုတယ်များ၊ Restaurant များက နေရာယူထားသည်။ ကိုယ့်ဟိုတယ်နှင့် ကိုယ့်ကမ်းခြေလိုမျိုးဖြစ်နေ၏။ ဟိုတယ်အလိုက်လည်း လူပြန့်နေ၏။ သို့သော် ငွေဆောင်အလှနှင့် ဟိုတယ်များသည် နိုင်ငံခြားသားအကြိုက်ဖြစ်သည်။ ဆက်လက်၍ ထိန်းသိမ်းထားရပေမည်။

သို့ဖြစ်၍ သာယာလှပသည့် သဘာဝကမ်းခြေများ ပိုင်ဆိုင်ထားကြသူများသည် စီးပွားရေးအမြင်တစ်ခုတည်းဖြင့် မရပ်တည်ကြသင့်ပါ။ မိမိတို့စီးပွားရေး ရေရှည်ဖို့အတွက်ဆိုလျှင် ကမ်းခြေသာယာလှပရေးအတွက် တာဝန်ရှိနေကြပါသည်။ ကမ်းခြေ၏ ဖြူလွလွသဲပြင်၊ စိမ်းလဲ့လဲ့ရေကြည်ရေအေးတို့ကြောင့်သာ ခရီးသည်များ ဝင်ရောက်နေခြင်းဖြစ်သည်။

အမှိုက်တစ်စ ဘူးခွံတစ်လုံးမသိမ်းဘဲ ရာသီကုန်လို့ အိမ်ပြန်ကြသည်နှင့် ကမ်းခြေကြီးက သာယာလှပလာမည်မထင်။ ချောင်းသာကမ်းခြေအလှကို အမှန်ပင်ကယ်တင်ရန် လိုအပ်နေပေပြီ။ ငွေဆောင်ကမ်းခြေကတော့ လက်ရှိအခြေအနေအတိုင်း ထိန်းသိမ်းထားနိုင်ပါစေဟု၍သာ။ ။



## မိတ္ထီလာမြို့က သိမ်ကိုးသိမ် လှည့်လည်ဖူးမြော်ပူဇော်ပွဲကျင်းပ



**မိတ္ထီလာ မေ ၂၂**

မိတ္ထီလာမြို့၏ သမိုင်းဝင် ရှင်အရဟံရဟန္တာမထေရ်မြတ်သမုတ်တော်မူခဲ့သော သိမ်ကိုးသိမ်ကို ၂၀၁၂ ခုနှစ်က စတင်ပြီး ဘုရားဖူးပြည်သူများ လှည့်လည်ပူဇော်ပွဲကျင်းပရာ တစ်နှစ်ထက်တစ်နှစ် လူသိများပြားကာ စိတ်ဝင်တစားလာရောက်ဖူးမြော်ကြသဖြင့် ယခုဆိုလျှင် ပဉ္စမအကြိမ်ရှိနေပြီး ကားအစီးပေါင်း ၁၂၀ ကျော်၊ လူဦးရေ ပေါင်း ၁၀၀၀၀ ကျော်တို့က တပျော်တပါး ကုသိုလ်ယူ ဖူးမြော်ခဲ့ကြသည်။ သိမ်ကိုးသိမ်တွင်လည်း အသံမစဲမဟာပဋ္ဌာန်းတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထိုသိမ်ကိုးသိမ်ကို လက်ယာရစ်ပတ်မည်ဆိုလျှင် "ရှင်ပင်ကူ" သိမ်ကို စတင်တွေ့ရမည်ဖြစ်သည်။ ရှင်ပင်ကူသိမ်မှာ ရွာမအုပ်စုရှင်မြို့အနီးတွင် တည်ရှိသည်။ ဒုတိယတွေ့ရမည့်သိမ်မှာ "ပဲသိတာသိမ်" ဖြစ်သည်။ ပဲသိတာသိမ်မှာ အလည်ရွာနယ်မြေ မြင်းကန်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဆည်ကုန်းကျေးရွာအနီးတွင် တည်ရှိသည်။ တတိယတွေ့ရမည့်သိမ်မှာ "ကက္ကူကန်သိမ်" ဖြစ်သည်။ ကက္ကူကန်သိမ်မှာ မွေအုပ်စုတွင် ပါဝင်ပြီး အိုမတွေ့ကျေးရွာ သိမ်တော်ကုန်းတွင် တည်ရှိသည်။

စတုတ္ထတွေ့ရမည့်သိမ်မှာ "ဝက်ကျောက်သိမ်" ဖြစ်သည်။ ဝက်ကျောက်သိမ်မှာ ဝက်ကျောက်ရွာမြောက်ဘက်တွင် တည်ရှိသည်။

ပဉ္စမတွေ့ရမည့်သိမ်မှာ "သားဖန်းသိမ်" ဖြစ်သည်။ သားဖန်းသိမ်မှာ သားဖန်းတောင်ရွာ မြောက်ဘက်ကုန်းပေါ်တွင် တည်ရှိသည်။ သားဖန်းသိမ်၏ ထူးခြားချက်မှာ ရှေးလက်ရာအတိုင်း ဘုံငါးဆင့်နှင့် ရုပ်ပွားတော်မှာလည်း ရှေးပုဂံခေတ်လက်ရာအတိုင်း ဖူးမြော်ရခြင်းဖြစ်သည်။ ဆဋ္ဌမတွေ့ရမည့်သိမ်မှာ "ကလိန်ခြေသိမ်" ဖြစ်သည်။ ရှမ်းတဲနယ်မြေ ကျောင်းရွာအုပ်စု လေးထောင့်ကန်ကျေးရွာအနီးတွင် တည်ရှိသည်။

သတ္တမတွေ့ရမည့်သိမ်မှာ "ကူဖြူသိမ်" ဖြစ်သည်။ ကူဖြူသိမ်မှာ ကူဖြူရွာအနီးတွင် တည်ရှိသည်။ အဋ္ဌမတွေ့ရမည့်သိမ်မှာ "ကုန်းတောင်းသိမ်" ဖြစ်သည်။ ကုန်းတောင်းသိမ်မှာ သာစည်မြို့နယ် ကုန်းတောင်းရွာတွင် တည်ရှိသည်။ နဝမတွေ့ရမည့်သိမ်မှာ "ထီးသုံးဆင့်သိမ်" ဖြစ်သည်။ ထီးသုံးဆင့်သိမ်မှာ သီရိမင်္ဂလာရပ်ကွက် ရွှေမြင်မိစေတီတော်အတွင်းတွင် တည်ရှိသည်။ ထီးသုံးဆင့်သိမ်မှာ အလယ်သိမ်ဖြစ်သည်။

သမိုင်းဝင်သိမ်ကိုးသိမ်ကို ၂၀၁၂ ခုနှစ်က မြို့နယ်သံဃာ့နာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံကြီးကြပ်မှု၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ၁၄ ရပ်ကွက်တို့၏ ပူးပေါင်းမှုဖြင့် သိမ်ကိုးသိမ် ပထမအကြိမ် လှည့်လည်ပူဇော်ပွဲကျင်းပရန် ကော်မတီများ ဖွဲ့စည်းခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီး သိမ်တိုင်းတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုရန်၊ ဘုရားဖူးများအား နံနက်စာကျွေးမွေးရန်၊ ဘုရားဖူးများအား ကားများစီစဉ်ပေးရန်နှင့် သိမ်ကိုးသိမ်အား ကားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ သိမ်ကိုးသိမ်လှည့်လည်ပူဇော်ရန်အတွက် ရပ်ကွက် ၁၄ ရပ်ကွက်တွင် အလှူခံရာ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့သည်။

ပထမအကြိမ် သိမ်ကိုးသိမ် ဘုရားဖူးပြည်သူများ လှည့်လည်ပူဇော်ပွဲကို ၂၀၁၂ ခုနှစ် တပေါင်းလပြည့်နေ့ကကျင်းပရာ မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာလူထုပါ စိတ်ဝင်တစား လာရောက်ဖူးမြော်ကြ သဖြင့် ကားအစီးပေါင်း ၁၀၀ ကျော် လူပေါင်း ၅၀၀၀ ကျော်တို့ဖြင့် တပျော်တပါး သွားရောက်ဖူးမြော်ကြသည်။

မိတ္ထီလာမြို့တွင် သမိုင်းဝင် အဓိကရေကန်တော်ကြီးရှိသည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်က တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးရန် ရည်ရွယ်၍ ပြုပြင်ဆည်ဖို့ခဲ့သည်။ ထိုဆည်ဖို့ခဲ့သည့်မင်းများမှာ အာကာရဋ္ဌမင်း၊ ကုသမင်း၊ ဘိုးတော်အဋ္ဌန၊ အနာထပိဏ်သူဌေး၊ အဇာတသတ်၊ သိရိဓမ္မာသောကမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ သမုဒ္ဒရာမင်း၊ ပုပ္ပစောရဟန်း၊ အနော်ရထာမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ မင်းကြီးစွာစော်ကဲ၊ ဘိုးတော်မင်းတရားနှင့် မင်းတုန်းမင်းတရားကြီးတို့ဖြစ်သည်။

ထိုရှေးမြန်မာမင်း ၁၇ ဆက်တို့က မိတ္ထီလာကန်တော်ကြီး ဆည်ဖို့ရင်းကန်တော်တစ်ဝိုက်တွင် သမိုင်းဝင်ဘုရားစေတီ ၃၂ ဆူတည်ထားသော မင်းများမှာ သီရိဓမ္မာသောကမင်းကြီးသည်။ ရွှေမြင်တင်၊ ရွှေယင်မျှော်စေတီ၊ လုံးစေတီ အနော်ရထာမင်းကြီးသည် သိမ်ကိုးသိမ်၊ ဂူကိုးဂူ၊ အင်းကိုးအင်း၊ ကုန်းကိုးကုန်း သာသနာ့ဓဒ္ဒဇစေတီ၊ ရွှေစောလူးစေတီ၊ ရှင်ပင်ဇယစ်စေတီနှင့် ရွှေဂူလှ၊ ရွှေဂူကြီးစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် မြို့တွင်းဆုတောင်းပြည့်စေတီ၊ ဖောင်တော်ဦးစေတီ၊ ရွှေမြင်တင်၊ သားဖန်းဆုတောင်းပြည့်စေတီ၊ လောကထိပ်ပန်စေတီ၊ ရွှေလက်လှစေတီ၊ ရွှေဘုံစသာစေတီနှင့် အတွင်းရွှေကျောင်းစေတီ၊ အပြင်ရွှေကျောင်းစေတီ၊ ရွှေဂူ၊ ရွှေဂူပျောက်နှင့် ရွှေဂူရစေတီတော်သုံးပါးဂူစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သည်။ နရပတိစည်သူမင်းသည် နဂါးရုံစေတီ၊ သာထွန်းပုံစေတီ၊ ခြသေ့်လှစေတီ၊ အပြင်ဆုတောင်းပြည့်စေတီနှင့် မြစည်းခုံစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သည်။

ဝန်ဇင်းမင်းရာဇာ သည် ရွှေစည်းခုံစေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ဘိုးတော်မင်းတရားသည် လောကနထစေတီတော်နှင့် သားတော်မဟာဥပရာဇာမင်းကလေးသည် ရတနာသက်ျစ်စေတီတော်တို့ကိုတည်ထားသည်။ မင်းတုန်းမင်း တရားကြီးသည်ချမ်းသာရစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သဖြင့် မိတ္ထီလာကန်တော်တစ်ဝိုက်တွင် သမိုင်း ဝင်ဘုရားစေတီ ၃၂ ဆူ ရှိခဲ့သည်။

ရှေးမြန်မာမင်းများ သမိုင်းဝင်တည်ထားကိုးကွယ်ခဲ့သည့် ဘုရားစေတီများထဲမှ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော အတွင်းရွှေကျောင်းစေတီနှင့် အပြင်ရွှေကျောင်းစေတီတော်တို့မှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့သည်ဟု သိရသည်။

နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် သာထွန်းပုံစေတီနှင့် ခြသေ့်လှစေတီတို့မှာလည်း မရှိတော့သည့်အတွက် သမိုင်းဝင်ဘုရားစေတီနှင့် ၂၈ ဆူသာ ကျန်တော့သည်။

အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၄၁၄ ခုနှစ်တွင် နန်းတက်ပြီး မိတ္ထီလာကန်တော်ကြီးကို ဆည်ဖို့ရန် အမြဲဆည်းကပ်ကိုးကွယ်နေသော ရှင်အရဟံအမှူးပြု၍ မထေရ်ကြီး ၉ ပါးနှင့် ရဟန္တာထေရ် ၇၀၀ တို့ဖြင့် မိတ္ထီလာကန်တော်ကြီး ဆည်ဖို့ပြုပြင်ရင်း သိမ်ကိုးသိမ်ကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုသိမ်ကိုးသိမ်ကို ရှင်အရဟံအမှူးပြုသော မထေရ်ကြီး ၉ ပါးနှင့် ရဟန္တာထေရ်ငယ် ၁၆ ပါးတို့က တစ်နေ့တည်းတစ်ရက်တည်း သိမ်ကိုးသိမ်ကို တည်ထားကိုးကွယ်ခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကျန်စစ်သားမင်းကြီးသစ္စာပြုခဲ့သည့် စစ်ကိုင်းမြို့မှ သစ္စာစေတီ



**à** တိမ်တမန်

မြန်မာနိုင်ငံတွင် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်တန်းသည်ထင်ရှားလှသည်။ တေးပြုစာဆိုများကမူ တံတားညီနောင် မြစ်ညီမနှင့် နတ်ရေးတဲ့အလှ ပန်းချီဟုပင် တင်စားထားသည်။ ဧရာဝတီမြစ်ရစ်ခွေကာစီးဆင်းပြီး မြောက်မှ တောင် စီးဆင်းရာမှသည် အရှေ့၊ အနောက်စကိုင်းစီးဆင်းသည့်အတွက် စကိုင်းမှသည် စစ်ကိုင်း ဟုခေါ်ကြောင်း မှတ်သားသိရှိရသည်။

စစ်ကိုင်းမြို့ကို အသခ်ယာစောယွမ်းမှ သက္ကရာဇ်၆၇၇ တွင် အတုလဝတီမြို့ကို တည်ထောင်ခြင်းမှသည် စစ်ကိုင်းမြို့သမိုင်းကို အစပြုသည်ဆိုထားသည်။မြို့တည်ရာတစ်ပြိုင်တည်း တည်သောကိုးဌာနဖြစ်သည့် ရွှေနန်းတော်၊ ရွှေမြို့တော်၊ အရှေ့တံခါး၊ အနောက်တံခါး၊ တောင်တံခါး၊ မြောက်တံခါး၊ စေတီလှစည်းခုံဘုရား၊ သောတပန်နတ်ကွန်း၊ ဆင်ဖြူကန်များမှသည် ချောင်ကိုးချောင် တောင်ကိုးတောင်မှ စတင်ခဲ့သည်ဟု စာပေ ပညာရှင်များ၏ မှတ်တမ်းများအရ သိရသည်။

အနှစ် ၇၀၀ ပြည့်သွားပြီဖြစ်သော စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံတွင် ထင်ရှားသော ဒေသဘာသာသာသနာ ထွန်းကားရာဒေသအဖြစ် နိုင်ငံ့ဂုဏ်ကို ဆောင်နေသည်။ စေတီပုထိုးပေါင်း ၁၄၇၆ ဆူကျော်၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၉၂၄ ကျောင်းကျော်၊ သီလရှင် ကျောင်း ၄၅၉ ကျော်ဖြင့် တင့်တယ်စွာတည်ရှိကာ သာသာသနာထွန်းကားရာသမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေလျက်ရှိသည်။

ထိုစေတီများစွာထဲတွင် ဧရာဝတီတံတား(ရတနာပုံ)ပေါ်မှ ဖြတ်သွားရင်းကြည်ညိုဖွယ် ဖူးမြင်ရသော ထင်ရှားသည့် စေတီမှာ သစ္စာစေတီပင်ဖြစ်သည်။ ကြည်ညိုဖွယ်ကောင်းသော သစ္စာစေတီကို စစ်ကိုင်းမြို့ တကောင်းရပ် စစ်သားတောင်ကုန်းပေါ်တွင် ကြည်ညိုဖွယ်ဖူးမြင်နိုင်သည်။ စေတီတော်ကို သက္ကရာဇ် ၄၂၆ တွင် နန်းတက်သော ကျန်စစ်မင်းကတည်ထားခဲ့သည်ဟုဆိုထားသည်။ စာပေလာမှတ်တမ်းများတွင် ကျန်စစ်သားမင်းသစ္စာပြုခဲ့ရာ စေတီဟု ထင်ရှားသည်။

ကျန်စစ်သား မင်းမဖြစ်မီ ထွက်ပြေးတိမ်းရှောင်နေရစဉ်က ဤဘုရားရှိ ဂူအတွင်းခိုအောင်းနေထိုင်ခဲ့သည်။ခိုအောင်းနေစဉ်အတွင်း မင်းအဖြစ်ရပါစေကြောင်း သစ္စာပြုဆုတောင်းခဲ့သည်ဟု ဆိုထားသည်။ ဆုတောင်းသည့်အတိုင်း မင်းအဖြစ်ရသည့်အတွက် စေတီတည်ခဲ့ပြီး သစ္စာစေတီဟု ခေါ်တွင်ခဲ့သည်။ ရှေးအခါက သစ္စာစေတီပျက်စီးယိုယွင်းသည်ကို သက္ကရာဇ် ၈၀၅ တွင် ထူပါရုံ ဘုရားဒါယကာ နရပတိမင်းကြီးက ပြုပြင်ခဲ့သည်။ နောက်ပိုင်းတွင် စေတီတော်ကို တကောင်းရပ်ကွက်သူ၊ ရပ်ကွက်သားများက ပြုပြင်ထိန်းသိမ်းလာခဲ့ရာ လက်ရှိကာလအထိ ကြည်ညိုဖူးတွေ့နိုင်သည်။

ကြည်ညိုဖွယ် သစ္စာစေတီတော်မှာ ဉာဏ်တော်ပေ ၈၀ ခန့်ရှိပြီး ဧရာဝတီတံတား(ရတနာပုံ)မှ အနောက်ဘက်အဆင်းတွင် အဦးဆုံးသွားရောက်ဖူးမြော်နိုင်သည်။

## ပိတ်ဆို့ရေနုတ်မြောင်းများကြောင့် လူကိုဒုက္ခပေးစေသည့် အင်းဆက်များ ပေါက်ပွားနေ၍ ရေနုတ်မြောင်းများ ရှင်းလင်းပေးရန်ဒေသခံများတိုက်တွန်း

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက် ဝေပုလ္လလမ်းမကြီးနှင့်ထိစပ်လျက်ရှိသော ဝေပုလ္လလမ်းမကြီးအပါအဝင် ဝေပုလ္လလမ်းသွယ်(၁) လမ်းမှ (၆) လမ်းအတွင်းရှိ ရေနုတ်မြောင်းများမှာ ရေဆိုး၊ ရေညစ်များဖြင့် ပိတ်ဆို့နံစော်လျက်ရှိပြီး ခြင်၊ ယင်အစရှိသော လူကိုဒုက္ခပေးစေသည့် အင်းဆက်များ ပေါက်ပွားလျက်ရှိနေကြောင်း ဒေသခံများက ပြောသည်။

ယင်းကဲ့သို့ ရပ်ကွက်နေပြည်သူများအတွက် ကျန်းမာရေးထိခိုက်လာနိုင်သောကြောင့် ယင်းရေနုတ်မြောင်းများကို ရေစီး ရေလာကောင်းမွန်စေရန် ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ဝေပုလ္လလမ်းအတွင်း၌ နေထိုင်ကြသူများကို မလိုလားအပ်သည့် ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်သောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးရန်လိုအပ်ကြောင်း ဒေသခံများက ပြောသည်။

**လွှမ်းမိုးအောင်**

## ကျောက်တံခါးမြို့ မြို့မဈေးသူ၊ဈေးသားများမှ စုပေါင်းပြီး ပရဟိတလုပ်ငန်းများဆောင်ရွက်

**ကျောက်တံခါး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ မြို့မဈေးအတွင်းရှိ ဈေးသူ၊ ဈေးသားများ၏ဆန္ဒအရ မသီတာက ဦးဆောင်ပြီး ၈၉ မိုင် ၅ ဖာလုံ YGW ပရဟိတမိဘမဲ့ကျောင်းရှိသားငယ်၊ သမီးငယ် ၁၀၀ကျော်၏ စာရေး၊ သောက်ရေး အဆင်ပြေရန်အတွက် ဈေးသူ ဈေးသားများစုပေါင်းလှူဒါန်းသည့် အစားအသောက်များကို မေ ၂၀ ရက်တွင် ယင်းကျောင်းသို့ သွားရောက်ကာလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့ မြို့မဈေးကြီး အတွင်းရှိ ဈေးသူ၊ ဈေးသားများသည် လူဆင်းရဲကြသော်လည်း စေတနာသဒ္ဓါတရား မဆင်းရဲသော စေတနာရှင်များဖြစ်ကြရာ ၈၉ မိုင် ၅ ဖာလုံ YGW ပရဟိတ မိဘမဲ့ကျောင်းသို့ မိမိတို့နည်းတူ ကုသိုလ်ပါဝင်နိုင်ရန် အလှူရှင်များကို ဖိတ်ကြားပေးနေကြောင်းလည်း သိရသည်။

အဆိုပါ ၈၉ မိုင် ၅ ဖာခုံ YGW ပရဟိတမိဘမဲ့ကျောင်းသို့ လှူဒါန်းလိုပါက အရှင်ဇနာနန္ဒ (YGW) ၈၉ မိုင် ၅ ဖာလုံပရဟိတမိဘမဲ့ကျောင်း ဖုန်း ၀၉-၇၈၀၀၀၀၀၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**မျိုးဦး(ကျောက်တံခါး)**



## မြစ်ရေတင်ဒေသ နှမ်းစပါးစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စု အိုးတိန်းတောင်ကျေးရွာ မြစ်ရေတင်ဒေသများတွင် စိုက်ပျိုးထားသော သက်တမ်းတို ပုလဲသွယ်အထွက်ကောင်းစပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့ ကွင်းဆင်းစစ်ဆေးရာတွင် နှမ်းစပါးစိုက်ပျိုး တောင်သူများအား မြစ်ရေတင် ဒေသများသည်ရေသေချာသည့်အတွက် သက်တမ်းတိုအထွက် မျိုးကောင်းများ ရွေးချယ်စိုက်ပျိုးပြီး တောင်သူများအတွက် တွက်ခြေကိုက်သည့် တစ်နှစ်သုံးသီးစိုက် သီးနှံပုံစံဖြင့် ပြောင်းလဲစိုက်ပျိုးကြရန်မှာကြားခဲ့သည်။

ယင်းအပြင် သီးနှံအလိုက်မျိုးကောင်း မျိုးသန့်များသုံးစွဲခြင်း၊ နည်းစနစ်များလိုက်နာကျင့်သုံးပြီး စနစ်တကျ စိုက်ပျိုးခြင်းဖြင့်အရည်အသွေးနှင့် အထွက်ကောင်းပြီး ဈေးကွက်ပိုမိုရရှိစေရန် စိုက်ပျိုးရေများ စနစ်တကျသုံးစွဲပြီးတောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်၍ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၏ ၂၀၁၅-၂၀၁၆ ခုနှစ် နွေသီးနှံများ စိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးရန် ၆၃၅ ဧက လျာထားခဲ့ရာ ၈၉၁ ဧကစိုက်ပျိုးနိုင်ခဲ့သည်။ နွေနှမ်းစိုက်ပျိုးရန် ၁၉၉၀ ဧက လျာထားခဲ့ရာ ၁၂၀၁၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ နွေပဲတီစိမ်း ၁၅၇၀ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၂၉၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



# မြေအောက်ရေလျှံတွင်းများမှ ရေထွက်နေ၍ လယ်မြေသစ်များထပ်မံဖော်ထုတ်

**ပေါက် မေ ၂၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရှားပင်ရေကျေးရွာ အနီးတစ်ဝိုက်၌ မြေအောက်ရေလျှံတွင်းမှ ရေများ အဆက်မပြတ် ထွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေလျှံတွင်းများသည် အနက်ပေ ၂၄၀ ကျော်တူးရပြီး ၂ လက်မ × ၃ လက်မ × ၄ လက်မပိုက်တွင်းများဖြင့် မြေအောက်ရေများ အစဉ်မပြတ်ပန်းထွက်နေပြီး ယင်းရေများကို အမှီပြုကာ လယ်ယာမြေဧကများကို ခေတ်မီစက်ယန္တရားကြီးများဖြင့် ဧကသစ်များကို တိုးချဲ့ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

နွေစပါး၊ မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ရေအတွက်ကုန်ကျစရိတ်သက်သာပြီး အခြား မြေဆီ၊ မြေသြဇာများ ပိုမိုထည့်သွင်းစိုက်ပျိုးနိုင်သဖြင့် စပါးအထွက်နှုန်းမှာ ယခင်နှစ်များထက် အထွက်နှုန်းပိုလာနိုင်မည်ဖြစ်ကြောင်း ရှားပင်ရေကျေးရွာနေ ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ညဏ်တိုး(ပေါက်)**

# အခြေခံလူတန်းစားများအတွက် အိမ်ရာဆောက်လုပ်လျက်ရှိရာ ရွှေဘိုတွင် အားလုံးပြီးစီးနေပြီး၊ မုံရွာတွင် အမိုးများစတင်မိုးနေ

**မုံရွာ မေ ၂၂**

အခြေခံလူတန်းစားတို့အတွက် အိမ်ရာစီမံကိန်းကို မုံရွာမြို့နှင့် ရွှေဘိုမြို့တို့တွင် တည်ဆောက်လျက်ရှိရာရွှေဘိုတွင် အားလုံးပြီးစီးနေပြီဖြစ်ပြီး မုံရွာတွင်လည်း အမိုးမိုးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အိမ်ရာစီမံကိန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အခြေခံလူတန်းစားအိမ်ရာတွေကို မုံရွာနဲ့ ရွှေဘိုမြို့တို့မှာ တည်ဆောက်နေတာ ရွှေဘိုမှာ အကုန်ပြီးစီးနေပြီ၊ မုံရွာမှာအမိုးမိုးနေပါပြီ။ ဒီစီမံကိန်းကြောင့် ဒေသခံတွေ အလုပ်အကိုင်နဲ့ အခွင့်အလမ်းသစ်တွေရရှိစေသလို မိသားစုတိုင်း အိမ်ရှိစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာလည်းရောက်ပါတယ်။ အိမ်ရာစီမံကိန်းကို မြေဧရိယာဧက ၂၀ ပေါ်မှ ရှစ်ခန်းတွဲ ငါးထပ်အလုံး ၈၀ ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ အလျားပေ ၃၀၊ အနံပေ ၂၀ စတုရန်းပေ ၆၀၀ ရှိတဲ့ အခန်းပေါင်း ၂၅၆၀ ယူနစ် ရရှိမှာဖြစ်ပါတယ်" ဟု စီမံကိန်းတာဝန်ရှိသူက ပြောသည်။

အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် မြေဧက ၂၀ တွင် လုပ်သား ၃၆၀ လုပ်သားခေါင်း ၃၆ ဦး အငယ်တန်းအင်ဂျင်နီယာ လေးဦး ပေါင်း ၄၀၀ ကို အကြီးတန်းအင်ဂျင်နီယာတစ်ဦးမှ ဦးစီးတည်ဆောက်လျက်ရှိပြီး နေ့စားတစ်ဦးလျှင် အကြမ်း အလုပ်သမား ကျပ် ၅၀၀၀ နှုန်း၊ ကျွမ်းကျင်အလုပ်သမား ကျပ် ၇၀၀၀ နှုန်းနှင့် အငယ်တန်းအင်ဂျင်နီယာ ကျပ်ငါးသိန်း၊ အကြီးတန်း အင်ဂျင်နီယာ ကျပ်ခုနစ်သိန်းနှုန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း အိမ်ရာစီမံကိန်းအစီရင်ခံစာမှ သိရသည်။

အကျိုးအမြတ်ခွဲဝေမှုအနေဖြင့် မြေတစ်ဧကကျပ်သိန်း ၂၄၀၀၊ တစ်နှစ်လျှင် ကျပ်သိန်း ၈၀ နှုန်းဖြင့်နှစ် ၃၀ ပေးချေမှုစနစ် (သို့မဟုတ်) မြေ တစ်ဧကလျှင် အိမ်ခန်း ၂၅ ဒသမ ၆ နှုန်းဖြင့် လဲလှယ်သွားမည်ဖြစ်ပြီး မြေဧက၂၀ အတွက် ကျပ်သိန်း ၄၈၀၀၀ တစ်နှစ်လျှင် ကျပ်သိန်း ၁၆၀၀ နှုန်းဖြင့် နှစ် ၃၀ ပေးချေမှုစနစ် (သို့မဟုတ်) မြေဧက၂၀ အတွက် အိမ်ခန်း ၅၁၂ ခန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရာစီမံကိန်းတွင် လူနေအိမ်ခန်းများ၊ ကျောင်း၊ ဈေး၊ အိမ်တွင်းမှုအလုပ်ရုံ ရုံးခန်းများ၊ ကားပါကင်များ၊ ရဲကင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာရုံးခန်းများ၊ လမ်းရေမြောင်းစနစ်နှင့် မိလ္လာစနစ်များစသည့် လူနေဇုန်နှင့် စီးပွားရေးဇုန်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံအားလုံးသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး လိုအပ်မှုအပေါ် မူတည်၍ တိုက်ခန်း ၂၅၆၀ ခန်းပါ လူနေတိုက် လေးထပ်တိုက်ခန်း ၅၁၂၀ ခန်းပါ လူနေတိုက် ၁၀ ထပ်နှင့် တိုက်ခန်း ၇၆၈၀ ခန်းပါ လူနေတိုက် ၁၆ ထပ်တို့ကို ပြောင်းလဲ ဆောက်လုပ်သွားမည်ဖြစ်သည်။

ရောင်းချမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများကို ဦးစားပေးရောင်းချသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာမှ ဝန်ထမ်းအိမ်ရာများအဖြစ် အသုံးပြုဝယ်လိုပါက နှစ်ရှည်ငွေပေးသွင်းမှုဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ဝယ်ယူမည့်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားကတ်၊ လူမှုဖူလုံရေးကတ်တစ်ခုခု ရှိရမည်ဖြစ်ပြီး အမည်ပေါက်ဝယ်ယူထားသောအခန်းများအား လွှဲပြောင်းရောင်းချပါက ငွေအကြေပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။**မျိုးဝင်းထွန်း(မုံရွာ)**



## မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်း လက်တွေ့လေ့ကျင့်

**မင်းတပ် မေ ၂၂**

မင်းတပ်မြို့နယ် မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်း လက်တွေ့လေ့ကျင့်မှုကို မေ ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန် မီးငြိမ်းသတ်နည်း လက်တွေ့လေ့ကျင့်မှုများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ပြီး အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် လေ့ကျင့်မှုများကို အပတ်စဉ်အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် ဆောင်ရွက်လျက်ရှိကြောင်း မင်းတပ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကီးထန်းက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# မဟာသင်္ကြန်မတိုင်မီကာလအတွင်း ရထားစီးခရီးသည် ပုံမှန်လိုက်ပါစီးနင်းသူဦးရေထက် သုံးဆထိစံချိန်တင်မြင့်တက်ခဲ့

**ရန်ကုန် မေ ၂၂**

၁၃၇၇ ခုနှစ်မဟာသင်္ကြန်မတိုင်မီ ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၁၃ ရက်အတွင်း သင်္ကြန်အထူး ရထားစီးခရီးသည်ဦးရေမှာ ပုံမှန်လိုက်ပါစီးနင်းသူဦးရေထက် အဆပေါင်း သုံးဆထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတွဲဆိုင်းအား သုံးစင်းထိတိုးချဲ့ပြေးဆွဲပေးခဲ့ရကြောင်း မြန်မာ့မီးရထားက မေ ၂၁ ရက်တွင် ထုတ်ပြန်သော သတင်းများအရ သိရသည်။



သင်္ကြန်ကာလအတွင်း အမြန်ရထားစီးလက်မှတ်ဝယ်ယူနေကြသော ခရီးသည်များအား တွေ့ရစဉ်။ **ဓာတ်ပုံ– စိုးဝင်း (MLA)**

မဟာသင်္ကြန်မတိုင်မီ ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၁၃ ရက်ထိကာလအတွင်း ရန်ကုန်ဘူတာကြီးမှ သင်္ကြန်အထူးရထားလိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ခရီးသည်ဦးရေ ၁၂၀၀၀ ဦးထိရှိခဲ့ပြီး ပွဲတော်ကာလမဟုတ်သော ပုံမှန်ရက်များတွင် လိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ခရီးသည်ဦးရေ ၄၀၀၀ ဦးထိသာရှိခဲ့ကြောင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများ၌ ပြေးဆွဲလျက်ရှိသော ရထားများတွင်လည်း လိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေမှာတစ်ရက်လျှင် ပုံမှန် ၈၀၀၀၀ ဦး ဝန်းကျင်ခန့်ထိရှိခဲ့သော်လည်း သင်္ကြန်ပွဲတော်ကာလဖြစ်သောကြောင့် သင်္ကြန်ကာလအတွင်း ရထားစီးခရီးသည်ဦးရေမှာ ၃၀၀၀၀ ဦးထိသာ လျော့နည်းလိုက်ပါစီးနင်းခဲ့ကြကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

"ရန်ကုန်မှာက သင်္ကြန်ပွဲတော်ရက်ဆိုတော့ တချို့က အပြင်မထွက်ကြတာများပါတယ်။ ပြီးတော့ ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ကြောင့် အလုပ်သွား၊ အလုပ်ပြန်လည်းမရှိတဲ့အတွက် ဒီရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းမှာ လိုက်ပါစီးနင်းတဲ့ ခရီးသည်ဦးရေက နည်းပါးသွားတာပါ။ ခုတော့ ရုံးဖွင့်ပြီမို့ ရထားစီးခရီးသည်တွေ ပုံမှန်စီးနင်းနေကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကလည်း သင်္ကြန်ရက်တွေမှာဆိုရင် မြို့ပတ်လမ်းပိုင်းတွေကို တွဲဆိုင်း ၆ ဆိုင်းနဲ့ ခေါက်ရေ ၆၉ ခေါက်ပဲ ပြေးဆွဲပေးတာပါ။ အရင်ပုံမှန်ရက်တွေဆိုရင် တွဲဆိုင်း ၂၃ ဆိုင်းနဲ့ ခေါက်ရေ ၁၂၅ ခေါက်ထိ ပြေးဆွဲပေးပါတယ်" ဟု မြန်မာ့မီးရထား၊ တိုင်းအမှတ် (၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက ပြောသည်။

ယခုနှစ် သင်္ကြန်အထူးရထား ပြေးဆွဲပေးမှုမှာ ယခင်နှစ်များထက် တစ်ရက်စောပြေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး RBE (၅) တွဲတစ်ဆိုင်းစီဖြင့် အဆန်၊ အစုန်ရထားအား ထပ်မံတိုးချဲ့ပြေးဆွဲခဲ့ကြောင်း၊ သင်္ကြန်ကာလများအတွင်း ရထားတွဲများ၌ ခိုက်ရန်ဖြစ်ပွားမှုများနှင့် မတော်တဆ ပြုတ်ကျသေဆုံးမှုများ လုံးဝအလျဉ်းမရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ရန်ကုန်-မော်လမြိုင်နဲ့ ရန်ကုန်-ပြည်လမ်းပိုင်းကို သင်္ကြန်အထူးရထား မပြေးဆွဲပေးနိုင်ခဲ့ပါဘူး။ နောင်နှစ်တွေမှာတော့ အဲ့ဒီလမ်းပိုင်းတွေမှာ သင်္ကြန်အထူးရထားပြေးဆွဲပေးဖို့ လိုအပ်တဲ့အတွက် အထူးရထားများ ပြေးဆွဲပေးသွားဖို့ စီစဉ်သွားမှာပါ။ ရထားစီးခရီးသည်ဦးရေသိပ်များတော့ ခရီးသည်ဦးရေ အားလုံးကို ခံမပေးနိုင်တာဖြစ်ပြီး ရထားစင်းရေနဲ့ မလုံမလောက်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီသင်္ကြန်ကာလ ရက်ပိုင်းများမှာလည်း ရထားစီး ခရီးသည်များခဲ့လို့ အစုအဖွဲ့ လိုက်သွားမယ့် တင်ထားတဲ့လျှောက်လွှာများကို ကျွန်တော်တို့ မြန်မာ့မီးရထားကလျှော့ချခဲ့ပြီး ခရီးသည်များကိုသာ ဦးစားပေးရောင်းချပေးခဲ့တာပါ။ နောင်နှစ်တွေမှာလည်း ရထားစီးခရီးသည်တွေ ပိုများလာမှာဆိုတော့ သင်္ကြန်အထူးရထားများကို ဒီ့ထက် ရက်စောစောပြေးဆွဲပေးဖို့ ကြိုတင်စီစဉ်သွားပါမယ်" ဟု ဦးကျော်စိုးလင်းက ပြောသည်။

မြန်မာ့မီးရထားလုပ်ငန်းမှ သင်္ကြန်အထူးရထားတွဲဆိုင်းများအား နှစ်စဉ် ပုံမှန်ပြေးဆွဲလျက်ရှိပြီး ယခင်နှစ်များက ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်းသာ ပြေးဆွဲပေးခဲ့ကြောင်း၊ ယခုနှစ်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း အမြန်ရထားစီးလက်မှတ်ဝယ်ယူခရီးသည်များ ပိုမိုများပြားလာသောကြောင့် သင်္ကြန်အထူးရထား RBE (၅) တွဲ(၁) ဆိုင်းစီဖြင့် အဆန်/အစုန်ရထား နှစ်စင်းအားထပ်မံ တိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်လမ်းပိုင်းကိုလည်း လာမည့်နှစ် သင်္ကြန်ကာလများ၌ အထူးရထားများဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရှိရသည်။ **(စိုးဝင်း–MLA)**

## မြတ်မင်္ဂလာအခြေခံ ဗုဒ္ဓဘာသာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းအခမ်းအနားဖွင့်

**မြို့သစ် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ မင်းသာစံပြကျေးရွာ သဒ္ဒမဝံသကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍောတညာဏမှဦးစီး၍ မြတ်မင်္ဂလာ အခြေခံဗုဒ္ဓဘာသာ သင်တန်းနှင့် နွေရာသီ အင်္ဂလိပ်စာသင်တန်းကို မေ ၂၀ ရက် နံနက်ပိုင်းက မင်းသာစံပြကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် အခမ်းအနားဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ကြပြီး သင်တန်း ဆရာ ၁၀ ဦးမှ ဗုဒ္ဓဘာသာစာပေများ၊ အင်္ဂလိပ် Grammar နှင့် Speaking ဘာသာရပ်များကို မေ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကျေးရွာများအရောက် သောက်ရေသန့်ဘူးနှင့် သောက်သုံးရေများလှူဒါန်း

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံးတွင် သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် မေ ၁၉ ရက်က မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ထန်းတောရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်မိသားစုများပူးပေါင်း၍ မုံရွာမြို့နယ်အတွင်းရှိ တောင်ကြားကျေးရွာအုပ်စု၊ ကျောက်ခွက်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

"စိမ့်စမ်းရေကနေ ရွာကို သယ်ပို့တဲ့ ပိုက်လိုင်းတွေ ဈေးပိတ်ပြီး ရွာကိုရေမတက်တော့လို့ ပိုက်လိုင်းတွေဖြုတ်ပြီးပြုပြင်ဆဲမှာ ရေရှားပါးသွားမှာမို့ရယ်၊ အရင်တုန်းက သုံးထားတဲ့ ဈေးပိတ်နေသည့် ၂ လက်မပိုက်လိုင်းတွေအစား ၃ လက်မပိုက် ပေ ၂၀၀ လတ်တလော အမြန်ဆုံးကူညီပေးဖို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖုန်းဖြင့် လှမ်းပြီး အကူအညီတောင်းခဲ့ရတာပါ။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုအပ်နေတဲ့ ၃ လက်မ ပိုက်ပေ ၂၀၀ လှူဒါန်းပေးသည့်အပြင် မီးသတ်ဦးစီးဌာန၊ ထန်းတောအရန်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ အခုလိုသောက်သုံးရေများလာရောက်လှူဒါန်းပေးသည့်အတွက် ဝမ်းသာရပါတယ်" ဟု ကျောက်ခွက်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါနေ့က ရေဂါလန် ၈၅၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေဂါန် ၁၇၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ လိုက်ထရပ်ကားတစ်စီးဖြင့် သောက်ရေသန့်ဘူးကြီး ၁၀ ဘူးနှင့် ၃ လက်မ PVC ၂၀၀ ပေအတွက် ပိုက် ၁၀ လုံး လှူဒါန်းခဲ့သည်။ **ဖိုးချမ်း (မုံရွာ)**



ကျန်းမာရေးဆောင်းပါး

# အာရှတိုက်က သက်ကြီးရွယ်အိုများရဲ့ အမေ့လွန်ရောဂါပြဿနာ

ဒေါက်တာကံညွန့်



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ၂၀၁၅ ခုနှစ် ခန့်မှန်းခြေအရ တစ်ကမ္ဘာလုံးမှာ အမေ့လွန်ရောဂါဖြစ်နေသူ ၄၇ ဒသမ ၅ သန်းခန့် ရှိတယ်လို့ ဆိုပါတယ်။ ဒီအထဲက ၂၃ သန်းကတော့ အာရှပစိဖိတ်ဒေသကဖြစ်တယ်လို့ ADI ခေါ်တဲ့ Alzeimer's Disease International အဖွဲ့ကြီးက ခန့်မှန်းပါတယ်။ သူတို့ အဆိုအရ ၂၀၁၅ ခုနှစ်မှာရှိတဲ့ ဒီအရေအတွက်ဟာ ၂၀၅၀ ပြည့်နှစ်ကျရင် ၇၁ သန်းထိ တိုးလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ WHO အဖွဲ့ကြီးရဲ့ အဆိုအရ အမေ့လွန်ရောဂါရှင်တွေဟာ တစ်နှစ်မှာ ၇ ဒသမ ၇ သန်း နှစ်စဉ်တိုးနေတယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံအခြေစိုက် UK Based NGO တစ်ခုရဲ့ လေ့လာထားချက်အရ ၂၀၅၀ ပြည့်နှစ်မှာ အာရှတိုက်က လူဦးရေအားလုံးရဲ့ လေးပုံတစ်ပုံဟာ အသက် ၆၀ နှင့်အထက် လူတွေဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ သူတို့လေ့လာချက်အရ သက်ကြီးရွယ်အို တိုးတက်လာမှုဟာ ၁၉၉၀ ပြည့်နှစ်မှာ သုည ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၂ ခုနှစ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ဒီနှုန်းဟာ ၂၀၅၀ ပြည့်နှစ်မှာ ၄ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဒေသအတွင်းက နိုင်ငံတချို့ကိုလည်း ကြည့်ကြပါစို့။ စင်ကာပူနိုင်ငံဟာ လွန်ခဲ့တဲ့ ၄၅ နှစ်အတွင်း သက်ကြီးရွယ်အိုများပြီး မွေးဖွားနှုန်းနည်းပါးနေတဲ့နိုင်ငံတစ်ခုပါ။ ဒီနိုင်ငံမှာ ၂၀၁၅ ခုနှစ် စာရင်းအရ အမေ့လွန်ရောဂါ ခံစားနေရသူပေါင်း ၄၅၀၀၀ ခန့်ရှိပြီး ဒီအရေအတွက်ဟာ ၂၀၃၀ ပြည့်နှစ်မှာ ၁၀၃၀၀၀ ခန့် ဖြစ်လာနိုင်ပြီး ၂၀၅၀ ပြည့်နှစ်လောက်မှာ ၂၄၁၀၀၀ ထိ ပွားလာနိုင်တယ်လို့ ဆိုပါတယ်။

ဟောင်ကောင်နိုင်ငံမှာလည်း ၂၀၁၂ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၃ သန်းဟာ အသက် ၆၀ ကျော်တွေဖြစ်နေပြီး ဒီလူတွေထဲမှာ အမေ့လွန်ရောခံစားနေရသူ တစ်သိန်းကျော်ရှိနေပြီလို့ ဆိုပါတယ်။

ထိုင်ဝမ်နိုင်ငံမှာတော့ ၂၀၁၃ ခုနှစ် စစ်တမ်းအရ အမေ့လွန်ရောဂါခံစားနေရသူ ၂၃၀၀၀၀ ခန့် ရှိနေတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ရောဂါရှိမှန်းမသိဘဲ ရှိနေသူတွေလည်း ရှိနိုင်တယ်လို့ ဆိုပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာတော့ တစ်နိုင်ငံလုံး လူဦးရေရဲ့ ၁၂ ဒသမ ၂ ရာခိုင်နှုန်း အရေအတွက်အားဖြင့် ၆ ဒသမ ၁၃ သန်းဟာ အသက် ၆၀ ကျော်တွေဖြစ်ပြီး ဒီအထဲက ငါးသိန်းခုနစ်သောင်းခန့် အမေ့လွန်ရောဂါ ခံစားနေရတယ်လို့ ဆိုပါတယ်။ ဒါဟာ သက်ကြီးရွယ်အိုအားလုံးရဲ့ ၉ ဒသမ ၃ ရာခိုင်နှုန်းဖြစ်တယ်။ ဒါကြောင့် တောင်ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံတွေက အစိုးရတွေက National Dementia Strategy or Plan စီမံကိန်းကို ချမှတ်ဆောင်ရွက်နေရပါတယ်။


တရုတ်နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်ပါဦး။ ၂၀၁၃ ခုနှစ် စာရင်းဇယားအရ တရုတ်နိုင်ငံမှာ အမေ့လွန်ရောဂါ ခံစားနေရသူ ကိုးသန်းကျော်ခန့်ရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ ကမ္ဘာမှာ ဒီရောဂါခံစားနေရသူ အများဆုံး နိုင်ငံလို့ Lancet ဂျာနယ်က ဆိုပါတယ်။

တရုတ်နိုင်ငံ အသက်ရှည်နှုန်းဟာ ယခင် ၆၉ နှစ်ရှိခဲ့ရာက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ ခုနစ်နှစ် အသက်ပိုရှည်လာပြီး ၇၆ နှစ်ထိ ရှိလာပါတယ်။ ဒီအချက်ရယ် တရုတ်နိုင်ငံတစ်ခုလုံးမှာ အမေ့လွန်ရောဂါနှင့် ပတ်သက်ပြီး သက်ကြီးရွယ်အိုစောင့်ရှောက်မယ့် ဂေဟာ ၅၀ ခန့်သာရှိပြီး ဒီ Alzhenue Dementra လို ရောဂါမျိုးကို ကျွမ်းကျင်စွာကုသနိုင်သူ ဆရာဝန်ဦးရေ ၃၀၀ ခန့်သာရှိတယ်လို့ ဆိုပါတယ်။ နောက်အခက်အခဲတစ်ခုကတော့ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းထိနေခဲ့တဲ့ မိသားစုတစ်စု ကလေးတစ်ယောက် One Child Policy ကြောင့် သက်ကြီးရွယ်အို စောင့်ရှောက်မယ့်သူနဲ့ နေရတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ တစ်အိမ်ထောင် ကလေးတစ် ယောက်ပေါ်လစီဟာ ၄-၂-၁ ပုံစံဖြစ်နေတယ်လို့ဆိုပါတယ်။ အဖိုးအဖွား လေးယောက်၊ မိဖနှစ်ယောက်ကို ကလေး တစ်ယောက်က စောင့်ရှောက်ဖို့ မဖြစ်နိုင်တာကို ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက သက်ကြီးရွယ်အိုတွေဟာ အမေ့လွန်ရောဂါအပြင် ပြုစုမယ့်သူမရှိလို့ စိတ်ကျရောဂါကိုပါ ပူးတွဲခံစားနေကြတယ်လို့ဆိုပါတယ်။ NGO အဖွဲ့တွေရဲ့ ထောက်ပြချက်အရ တရုတ်နိုင်ငံက သက်ကြီးရွယ်အိုကို စောင့်ရှောက်ဖို့ သက်သက် လူ ၁၀ သန်းခန့် လိုအပ်လိမ့်မယ်လို့ ဆိုပါတယ်။

ယခုလောလောဆယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပြထားတာကတော့ လူဦးရေ တိုးလာတာနှင့်အမျှ သက်ကြီးရွယ်အို အမေ့လွန်ရောဂါရှင်တွေဟာလည်း တိုးလာပြီး ၂၀၃၀ ပြည့်နှစ်ရောက်ရင် လူသန်းပေါင်း ၇၅ ဒသမ ၆ သန်းခန့် ဒီရောဂါခံစားနေရလိမ့်မယ်လို့ ဆိုပါတယ်။

Dementia လို့ခေါ်တဲ့ မှတ်ဉာဏ်ချွတ်ယွင်းလာတဲ့ရောဂါဟာ အသက် ၆၀ ရွယ်လောက်ထိ ဖြစ်ဖို့ခဲယဉ်းပြီး အသက် ၆၅ နှစ်ကျော်သူတွေမှာ ၅-၁၀ ရာခိုင်နှုန်း အသက် ၈၀ ကျော်အရွယ်တွေမှာ ၂၀ ရာခိုင်နှုန်း၊ အသက် ၉၀ ကျော်သူတွေမှာ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဆေးလိပ်အလွန်အကျွံသောက်သူ၊ အရက်အလွန်အကျွံသောက်သူ၊ အဝလွန်သူ၊ သွေးတိုး၊ ဆီးချိုရောဂါကို ထိန်းထိန်းသိမ်းသိမ်း မနေသူ၊ ဦးခေါင်းဒဏ်ရာရသူ၊ ဦးနှောက်အမေးရောင်ရောဂါဖြစ်သူ၊ ဦးနှောက်ကင်ဆာဖြစ်ဖူးသူ Hydrocaphalus ခေါ် ဦးနှောက်တွင် ရေအိမ်တည်ရောဂါဖြစ်ဖူးသူတွေမှာ အသက် ၆၀ အရွယ်ထက် စောပြီး ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ University of Hangkong School of Biomedical Sciences က ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်တစ်ခုမှာတော့ ကြွက်တစ်ကောင်ကို တစ်နေ့မှာ တစ်နာရီ ဆေးလိပ်ငွေ့ထဲမှာ နေခိုင်းပြီး ရက် ၆၀ ကြာတဲ့အခါ စမ်းသပ်ကြည့်သည့်အခါ ကြွက်ရဲ့ ဦးနှောက်ထဲမှာ အမေ့လွန်ရောဂါဖြစ်နိုင်တဲ့ Beta Amyloid ဓာတ်နှင့် Tau Pnotein ဓာတ်တွေဖြစ်နေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်ခြင်းဟာ အမေ့လွန်ရောဂါဖြစ်စေတဲ့ အဓိကအကြောင်းရင်းထဲမှာ ပါတယ်လို့ ထောက်ပြထားပါတယ်။

ဘာပဲဖြစ်ဖြစ် ဆေးပညာရှင်တွေကတော့ ဆေးလိပ်၊ အရက်မသောက်ဖို့ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ စားသုံးဖို့၊ အဝမလွန်အောင်နေဖို့။ သွေးတိုး၊ ဆီးချိုရောဂါရှိရင် ထိန်းသိမ်းဖို့နှင့် အသက် ၆၀ ကျော်လာရင် Vitamin E, Antioxidant, Ginkgo Biloba စတဲ့ စားဆေးတွေ မှီဝဲဖို့ အကြံပြုထားကြပါတယ်။ နိုင်ငံတော်အစိုးရတွေအနေနဲ့လည်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကို အရေးယူဆောင်ရွက်ပြီး ဒီလူတွေကို ဆေးကုသရေးအတွက် Geniatracian ခေါ် သက်ကြီးရွယ်အိုတွေကို ကုသတဲ့ သမားတော်ကြီးများထားရှိရေး ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။



## မြို့နယ်အတွင်းသောက်သုံးရေ ဖူလုံရေးဆွေးနွေး

**ဒလ မေ ၂၂**

နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေကန်များ ခမ်းခြောက်၍ ဒေသခံပြည်သူများ ရေရှားပါးမှုနှင့် ကြုံတွေ့နေရဆဲဖြစ်သည့် ဒလမြို့နယ်တွင် ယခုနှစ် အယ်နီညို ရာသီဥတုကြောင့် သောက်သုံးရေရှားပါးမှု ပိုမိုခက်ခဲလျက်ရှိသည့်အတွက် အခြားသောမြို့နယ်များမှ လာရောက် လှူဒါန်းသော သောက်သုံးရေများအား စနစ်တကျ ဖြန့်ဝေပေးနိုင်ရေးနှင့် ဒလမြို့နယ်အတွင်း ကြုံတွေ့နေရသည့် ရေရှားပါးမှုအား ဖြေရှင်းနိုင်မည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအား မေ ၂၁ ရက်က မြို့နယ်သီရိဇေယျနော်ရထာခန်းမတွင် ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်မှ ရေသယ်ယာဉ်များဖြင့် ပံ့ပိုးပေးနိုင်ရန်အတွက် ရေသယ်ယာဉ်များ ဖြန့်ခွဲနေရာချထားရန်၊ ရေကန်အသစ်တူးဖော်ခြင်း၊ အဟောင်းပြုပြင်ခြင်းများ ပြုလုပ်ပေးနိုင်ရန်အတွက် စာရင်းပြုစုပေးပို့ရန် မြို့နယ်ရေသန့်ဌာနမှ စမ်းသပ်ထုတ်လုပ် အောင်မြင်လျက်ရှိသည့် တစ်ရက် ရေဂါလန် ၅၀၀၀ အား ရပ်ကွက်၊ ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်မည့် အခြေအနေများ ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ပြင်ပမြို့နယ်များမှ လာရောက်လှူဒါန်းသော သောက်သုံးရေများအား အမှန်တကယ်လိုအပ်သည့် နေရာများသို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ရန် မြို့နယ်သောက်သုံးရေ ဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားရှိရန်နှင့် သောက်သုံးရေ ရှားပါးမှုအား ရေရှည်ကာကွယ်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည့် သောက်သုံးရေကန်များ တူးဖော်မည့် အစီအစဉ်အား ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးထွန်းရင်၊ ဦးထွေးတင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးတို့မှ မြို့နယ်အတွင်း ရေဖြန့်ဖြူးနေသည့် အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။ ဒလမြို့နယ်တွင် ရေရှားပါးမှု အခက်အခဲအား ရေတို လုပ်ငန်းစဉ်များဖြစ်သည့် မြို့နယ်အတွင်းနှင့် ပြင်ပရေအလှူရှင်များမှ ရေလှူဒါန်းမှုများ ဆောင်ရွက်နေသည့်အပြင် ရေရှည်လုပ်ငန်းစဉ်များဖြစ်သော သောက်သုံးရေကန်များ အသစ်တူးဖော်ခြင်းအား မြေနေရာလှူဒါန်းသူများရှိ၍ တူးဖော်ပေးမည့် အစီအစဉ်နှင့် ခမ်းခြောက် သောက်သုံးရေကန်များအား ပြန်လည်ချဲ့ထွင် တူးဖော်ပေးမည့် အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး (ဒလ)**

## ကျောက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် ဒေသခံများတိုက်တွန်း

**မိုးမောက် မေ ၂၂**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း အရေးပါသော ကျေးလက်လမ်းတစ်လမ်းဖြစ်သည့် ပန်ချိုးဟိုင်-နောင်ပေါင်း-မန်နောင် ကျေးရွာချင်းဆက်လမ်းသည် နွေရာသီတွင် အချို့နေရာများ၌ ဖြတ်သန်းသွားလာရခက်ခဲပြီး ဆိုးရွားစွာပျက်စီးလျက်ရှိရာ ရာသီမရွေးသွားလာနိုင်သော ကျောက်လမ်းဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများကပြောသည်။ ယင်းလမ်းသည်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက် နေပြည်သူများ၏ စီးပွားရေးတိုးတက်မြင့်မားလာစေရေးအတွက် အထောက် အကူပြုသောလမ်းဖြစ်ကြောင်းသိရသည်။ **(၄၉၉)**

# ဒေသတွင်းအရန်မီးသတ်သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ဒေသနေပြည်သူများ၏ မီးဘေးလုံခြုံရေး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်

**ဘားအံ မေ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောက်တစ်လုံးကျေးရွာအုပ်စု ကျောက်တစ်လုံးဘုန်းကြီးကျောင်း၌ အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၃/၂၀၁၆)အား မေ ၂၀ ရက် နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ရာ အခမ်းအနားတွင် ဘားအံမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအပြင် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ကျေးရွာဒေသခံများ သင်တန်းတက်ရောက်ထားခြင်းအားဖြင့် နီးဆုံးနေရာမှအမြန်ဆုံးအချိန်နှင့်တစ်ပြေးညီ မိမိတို့အနီးပတ်ဝန်းကျင်ဒေသခံပြည်သူများအတွက် ထိထိရောက်ရောက်ကူညီဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိသော ပညာရပ်များ အတွေ့အကြုံများအား ပြည်သူ့အကျိုးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေးအတွက် ဂရုတစိုက်လေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျောက်တစ်လုံးကျေးရွာအုပ်စုမှ ၃၀၊ တံတားဦးအုပ်စုမှ ၁၀ ဦး၊ ဘင်ဂျီကျေးရွာအုပ်စုမှ ၁၂ ဦး စုစုပေါင်း သင်တန်းသား ၅၂ ဦးတက်ရောက်လျက်ရှိကာ မေ ၂၀ ရက်မှမေလ ၁ ရက်ထိ နှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ယခုအချိန်သည် အပူရှိန်မြင့်တက်လျက်ရှိသဖြင့် ပူပြင်းခြောက်သွေ့မှုများကြောင့် ပေါ့ဆမီးလောင်မှုများအပြင် ယခုအခါတောမီးလောင်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း တောမီးလောင်ကျွမ်းမှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနနှင့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သော နယ်မြေမီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်းမှုအားဖြင့်ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ခြင်းကြောင့် ဒေသခံတို့၏ နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံစိုက်ပျိုးရေးတောင်သူများ၏ နှစ်ရှည်စိုက်ပျိုးရေးဖြစ်သည့်ရော်ဘာခြံများသို့ တောမီးကူးစက်လောင်ကျွမ်းဆုံးရှုံးမှုမဖြစ်ပွားအောင် မီးငြိမ်းသတ်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# ရပ်ကွက်လမ်းပိတ်နေသည့် ဈေးဆိုင် ဖယ်ရှားရန်လို

**ပဲခူး မေ ၂၂**
ပဲခူးမြို့ မဇင်းရပ်ကွက် အိုးလေးစု မဇင်း(၁)လမ်းမကြီးနှင့် ရွှေစေတီကျောင်းလမ်းဆုံရှိ ပုဂ္ဂလိကစီးပွားရေးဈေးဆိုင်မှာ လမ်း၏အဝင်အထွက် ထိပ်ဝတွင် အခိုင်အမာပိတ်ဆို့တည်ဆောက်ထားပြီး အညစ်အကြေးများစွန့်ပစ်မှုရှိနေခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းဖောက်လုပ်၍ မရဖြစ်နေခြင်းနှင့် ယခုအခါ ရပ်ကွက်တိုင်းတွင် မီးဘေးအန္တရာယ်စိုးရိမ်နေကြရပြီး ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည့် အချိန်၌ မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်ရေးအား လမ်းထိပ်မှ ပိတ်ဆို့ထားရှိခြင်းအပေါ် သက်ဆိုင်ရာများသိရှိ၍ အမြန်ဆုံးဖယ်ရှားပေးနိုင်ရန်အတွက် ရပ်ကွက်ပြည်သူအများအထူးမျှော်လင့်လျက်ရှိကြောင်း အသိပေးရေးသားလိုက်ရပါသည်။ **မျိုးသိန်း(ပဲခူး)**

# ရေစကြိုမြို့နယ်အတွင်း ရေသောက်သုံးရေ လိုအပ်နေသောကျေးရွာများသို့ ရေလှူဒါန်း

**ရေစကြို မေ ၂၂**
အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ ပိုမိုပူပြင်းမှုကြောင့် ရေစကြိုမြို့နယ်အတွင်းမှ ကျေးရွာအများအပြားတွင် သောက်သုံးရေများ လိုအပ်ချက်မြင့်မားလျက်ရှိကြောင်း သိရသည်။ ယင်းသို့သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများအတွက် အချိန်နှင့်တစ်ပြေးညီ ရေများ သွားရောက်လှူဒါန်းနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ကော်မတီတစ်ရပ်ဖွဲ့စည်းထားရှိပြီး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ မြို့နယ်မီးသတ် ဦးစီးဌာနမှလည်း သောက်သုံးရေလိုအပ်၍ ဆက်သွယ်လာသောကျေးရွာများသို့ ရေများ သွားရောက်လှူဒါန်းလျက်ရှိရာ မေ ၂၀ ရက်က ရေစကြိုမြို့နယ် ဗျည်းဘကျေးရွာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့က ရေဂါလန် ၁၈၀၀ ကို သွားရောက်လှူဒါန်းခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၂၂**
၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ည ၇ နာရီ ၃၀ မိနစ်အချိန် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် (၃၆)လမ်း၊ (၇၃×၇၄)လမ်းကြားအရောက် ၃၄ယ/×××× Honda Click ဆိုင်ကယ်နှင့် လူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဘုရားကြီးကျေးရွာနေ ကျော်ဇင်ဝင်း(၂၁)နှစ်ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသ နိုင်ခြင်းမရှိသဖြင့် ၎င်းအား မဟာအောင်မြေမြို့မရဲစခန်း(ပ)၂၁၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



# သာစည်မြို့တွင် ကွမ်းစားသုံးမှု ပပျောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေ

**သာစည် မေ ၂၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူကျန်းမာရေးအတွက် မြို့နယ်စီခံခန့်ခွဲမှုကော်မတီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ မြို့နယ်အတွင်း ကွမ်းစားသုံးမှု ကျဆင်းပပျောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကွမ်းစားခြင်းက ကျန်းမာရေးကို ထိခိုက်ပါတယ်။ ကွမ်းစားခြင်းကြောင့် ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာတွေကို ဖြစ်ပွားနိုင်ပါတယ်။ ပြီးတော့ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုကြောင့် ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းစေပါတယ်။ ကွမ်းစားခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်ပေါ်စေပါတယ်။ အခု ကျွန်တော်တို့မြို့မှာ ကွမ်းစားသုံးမှု ကျဆင်းပပျောက်အောင် ဆောင်ရွက်သွားမယ့်စီမံချက်ကို ကြိုဆိုပါတယ်ဗျာ" ဟု သာစည်မြို့ အမှတ်(၄)ကျောင်းကြီးရပ်ကွက်မှ ဒေါက်တာစိုးဦးက ပြောသည်။

အဆိုပါကွမ်းစားသုံးမှု ကျဆင်းပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒေသတွင်း ကွမ်းသီး၊ ကွမ်းရွက် စိုက်ပျိုးထုတ်လုပ်မှု ထိန်းချုပ်ရန်၊ ကွမ်းယာများတွင် ထည့်သွင်းစားသည့် ပြည်ပမှတင်သွင်းသော ဆက်စပ်ပစ္စည်းများကို ထိန်းချုပ်ရန်၊ ကွမ်းစားမှုကျဆင်းရေးအတွက် ကွမ်းယာစားသုံးခြင်းမှ ရရှိနိုင်သည့် ရောဂါများအား စားသုံးသူများ သိရှိနိုင်ရန် ကျယ်ပြန့်စွာ အသိပညာပေးဆွေးနွေးရန်၊ ဒေသတွင်း ကွမ်းယာရောင်းချသည့်ဆိုင်များ လျှော့နည်းပပျောက်ရေးအတွက် လက်ရှိရောင်းချနေသော ကွမ်းယာဆိုင်များထက် နောက်ထပ်တိုးပွားမလာစေရေးအတွက် ထိန်းချုပ်ရန်၊ ကွမ်းယာရောင်းချသည့်ဆိုင်များတွင် ကွမ်းတံတွေးဇလားများ၊ အမှိုက်ခြင်းများ ထားရှိရန်၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် မြို့ကြီးများသန့်ရှင်းမှုကို ထိခိုက်စေသော စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကို သက်ဆိုင်ရာဌာနများမှ စည်းကမ်းသတ်မှတ် ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

"အခုလို ကွမ်းစားသုံးမှု ကျဆင်းပပျောက်အောင် ဆောင်ရွက်တာကိုတော့ ကြိုက်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရိုးရာထုံးတမ်းအစဉ်အလာ ကွမ်းစားလာတာ ကြာပြီဆိုတော့ ဒီစီမံချက်က အောင်မြင်ပါ့မလားလို့ တွေးမိတယ်။ မိသားစုဝမ်းစာအတွက် ကွမ်းရောင်းဆိုင်လေးတွေရဲ့ ရေရှည်စီးပွားရေးကိုလည်း ထည့်တွက်သင့်ပါတယ်။ အဓိကက ကွမ်းစားသုံးသူတွေရဲ့ မဆင်မခြင်ကွမ်းတံတွေးထွေးမှုပါပဲ။ ပြီးတော့ ကွမ်းထုတ်လာတဲ့ ပလတ်စတစ်အိတ်ခွံတွေကို စနစ်တကျမစွန့်ပစ်ဘဲ ကြုံသလိုပစ်တော့ မြို့သန့်ရှင်းမှုကို ကြာတော့ ထိခိုက်လာတော့တာပေ့ါ။ ဖြစ်နိုင်ရင် ကွမ်းစားသုံးခြင်းကြောင့် ကျန်းမာရေး ထိခိုက်နိုင်တာတွေကို ကျန်းမာရေးဌာနက ကျယ်ပြန့်စွာအသိပညာပေးဟောပြောဖို့ လိုပါတယ်"ဟု အမှတ်(၅)နယ်မြေ သံလွင်ဆေးဆိုင်မှ အရောင်းတာဝန်ခံ ဦးကျော်သင်းက ပြောသည်။

ယခုအခါ သာစည်မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်တွင်း ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေးအတွက် ကွမ်းရောင်းဆိုင်များ၏ စာရင်းကို အတိအကျကောက်ယူနေပြီး ဌာနဆိုင်ရာများ ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကွမ်းစားသုံးမှုပပျောက်ရေးအတွက် အကြံဉာဏ်များရယူနေကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ကွမ်းလုံမြို့၌ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအရ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ပြုလုပ်

**ကွမ်းလုံ မေ ၂၂**
၁၃၇၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက ကွမ်းလုံမြို့ တံတားဦးစေတီကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ဇနီးဒေါ်စိန်ရီတို့၏ဦးဆောင်မှုဖြင့် ကွမ်းလုံမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာရှင်ပြည်သူများ စုပေါင်းပြီး အသက် ၈၀ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများကို ပူဇော်ကန်တော့ခဲ့သည်။

သက်ကြီးဘိုးဘွား ၅၆ ဦးအား တစ်ဦးလျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၄ သိန်းနှင့် ဆေးဝါးများ ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **မိုင်းခိုင်ဇော်(ပြန်/ဆက်)**

# ဝက်ချောင်းတိုက်နယ်ဆေးရုံမှ ဆရာဝန်များအဖွဲ့ အခမဲ့ကွင်းဆင်းကုသပေး

**ကျောင်းကုန်း မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းတိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာဇေယျာလင်းနှင့် ဆရာမများသည် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ လူနာ ၉၆ ဦးအား မေ ၂၀ ရက် နံနက်ပိုင်းက အခမဲ့ကွင်းဆင်း၍ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးကုသရာသို့ ဝက်ချောင်း ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးလှိုင်စိုးနှင့် ဆရာမများကလည်း အားဖြည့်ကူညီပေးခဲ့ကြောင်းနှင့် ရွာသာကုန်းကျေးရွာမှ အသက် ၁၀၃ နှစ်အရွယ် အဘွားအိုလည်း လာရောက်ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

ဆောင်းပါး

# လူတော်များကိုလူလျှော်အဖြစ်ပြုလုပ်သည့် အရက်ကိုရှောင်ဖို့လိုပြီ



**à** သရက်တန်းစိုးရွှေ(စိတ်ပညာ)

တော်လိုက်တာ ဆယ်တန်းနှစ်ချင်းပေါက်တယ်။ ဉာဏ်ကောင်းကြတယ်။ ညီအစ်ကိုတစ်တွေအားလုံး ပညာတတ်တွေချည်းပဲ။ တစ်ရွာလုံးက စံပြုရသည့်သူများပင်ဖြစ်သည်။ စံပြုမည်ဆိုလည်း စံပြုစရာပင်ဖြစ်သည်။ စာတော်သည်၊ လုပ်ငန်းတော်သည်။ ရည်ရွယ်ချက် ရည်မှန်းချက်များ ကောင်းမွန်သော လူငယ်များပင်ဖြစ်ပေသည်။

ထိုလူငယ်ကလေးများ တိုးတက်လာခဲ့ပေသည်။ ကျေးရွာစာကြည့်တိုက်အတွက် လိုအပ်သည့်အခါ သူတို့ထံ သွားရောက်အကူအညီတောင်းတိုင်း ရက်ရောစွာကူညီလုပ်ကိုင်ပေးနေသည်မို့ ရပ်ရွာအကျိုးဆောင် လူငယ်ကလေးများပင်ဖြစ်သည်။ တိုးတက်ခြင်းများအကြား ပေါင်းသင်းဆက်ဆံရေးများကလည်း ကောင်းသည်ဟု ဆိုကြသည်။ ရည်မွန်သည်၊ ဖော်ရွေသည်။ ခေတ်သုံးစကားအရ ဆိုရှယ်ကျသည်ဟု ညွှန်းဆိုလာပေသည်။

ထိုလူငယ်ကလေးများ ဘီယာသောက်တတ်လာပေသည်။ ဘီအီး၊ ဘီယာဆိုသော ဖော်မြူလာမှသည် အပျော့ဆိုသည်များမတိုးတော့သည့်ကာလအထိ ရောက်လာခဲ့ပေသည်။ သစ်သီးဖြင့်မြည်းခြင်းမှအစ အရက်မြည်းနည်း နိုသရည်းကို ကျွမ်းကျင်လာပေသည်။ တစ်ခုတော့ရှိသည်။ ရွာနှင့်ဝေးရာဆိုင်တွင်သာ သောက်သုံးခြင်းပင်ဖြစ်သည်။ ကာလတို့ကြာလာခဲ့ပေသည်။ အသက်အရွယ်မှာ လူငယ်အားကောင်းမောင်းသန် ၃၀ မျှသာရှိပေသည်။ လုပ်ငန်းစွမ်းရည်ကျလာကာ အမြဲသောက်သည့်အဆင့်သို့ ရောက်လာခဲ့ပေသည်။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် သုံးကြိမ်ဆိုသောကာလအထိ သောက်လာခဲ့ပေသည်။ စွဲလန်းမှု စေစားသမျှ နယ်မရွေးတော့ပေ။ ကြုံသည့်နေရာတွင် သောက်တတ်လာပေသည်။

ကြားလိုက်ရပါသည်။ ကြောင်သွားပြီဟူသောစကားပင်ဖြစ်သည်။ တောတွင် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့လိုက်ရပေသည်။ ဆေးရုံအဆင်းတွင် အနည်းငယ်သက်သာလာခဲ့ပေသည်။ သို့သော် ဆက်လက်သောက်သုံးလာသောအရက်ကြောင့် ပိုဆိုးသည့်အခြေအနေကြား အလုပ်မလုပ်တော့ဘဲ ရှိသမျှရသမျှလေးများနှင့် သောက်သည့်အဆင့်သို့ ရောက်သွားပေသည်။ မိဘများထံမှ နေ့စဉ်တောင်းကာ သောက်ရင်းသောက်ခြင်းဖြင့်သာ နေထိုင်သွားပေသည်။ ရပ်ရည်အဆင်းမှာ ပိန်ကျုံ့သွားကာ ပြောချင်ရာပြောသောအနေအထားသို့ ရောက်သွားခဲ့ပေသည်။

တစ်ယောက်တည်းလားဟုမေးသမျှ. . အများကြီးပါဟု ပြောချင်လှပေသည်။ ကျောင်းနေစဉ်အရွယ်က သူငယ်ချင်းများစွာ လူ့လောကတွင် မရှိတော့ပါချေ။ မအိုဆေးဆိုသောအရက်က အိုမင်းသည်အထိ အနေမခံသောကြောင့်ပင် ဖြစ်သည်။ အရက်ကြောင်နေသူတို့များစွာတွေ့နေပေသည်။ မူလက လူတော်များပင်ဖြစ်သည်။ အသက်သုံးဆယ်မျှနှင့်ပင် လူလျှော်များ ဖြစ်သွားခဲ့ပေသည်။ အရည်အသွေးများ ပြုန်းတီးသွားခဲ့ပေသည်။ လူငယ်များစွာဆုံးရှုံးသွားခဲ့ပေသည်။ ကြောင်သူများစွာပေါ်များလာခဲ့ပေသည်။ ထို့အတူပင် ဆိုင်ကြီးများစွာကလည်း ဟည်းခနဲ့. . ဟည်းကနဲ ပေါ်ထွက်လာပါချေပြီ။ ထိုဆိုင်များတွင်ပင် လူစည်ကားနေပါချေပြီ။ ပြုန်းတီးလာကြပေပြီ။ ငွေတို့ပြုန်းတီးလာကြပေသည်။ အချိန်တို့ပြုန်းတီးလာကြပေသည်။အရည်အသွေးတို့ ပြုန်းတီးလာကြပေသည်။ လူငယ်များပြုန်းတီးလာကြပေသည်။ ဝမ်းနည်းစရာမြင်ကွင်းတို့ များလာကြပါချေပြီ. . ။ ပြုန်းတီးသွားသော အရည်အသွေးများနောက်ကွယ်တွင် တိုးတက်မှုတို့ နှေးကွေးကာ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလာခဲ့ရပေသည်။

သို့အတွက် လူတော်များကို လူလျှော်ဖြစ်အောင်ပြုလုပ်သည့် နတ်ဆိုးဖြစ်သော အရက်ကို ရှောင်ရှားပါမှ ဘဝများတင့်တယ်လာမည်ဖြစ်ပေသည်။

## ပထမအကြိမ် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၂**
ရန်ကုန်တိုင်းဒေသကြီး (အနောက်ပိုင်းခရိုင်) ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း စက်ဆန်းရပ်ကွက်၊ ကန်ပတ်လမ်းရှိ သန္တိသုခဓမ္မဗိမာန်တော်ကြီးတွင် သန္တိသုခနာရေးကူညီမှုအသင်းမှ ကြီးမှူး၍ ပထမအကြိမ် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာသင်တန်းကို မေ ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ပဉ္စမတန်းမှ ဒသမတန်းထိ ဒုတိယဆင့်၊ သူငယ်တန်းမှ စတုတ္ထတန်းထိ ပထမဆင့်များခွဲခြားထားပြီး ဆရာတော်ဦးသီလဝံသ (သာသနာ့ဓဇ၊ ဓမ္မာစရိယ) နှင့် ဆရာတော် လေးပါး စုစုပေါင်းနည်းပြဆရာတော် ငါးပါးတို့မှ ပို့ချသင်ကြားပေးကြမည်ဖြစ်ကြောင်း၊ ညဉ့်တန်းချိန်ပြီးတိုင်း ၁၅ မိနစ် တရားထိုင်ကြရမည်ဖြစ်ကြောင်း၊ အာဟာရဒါနလှူဒါန်းမှုများ စီစဉ်ထားရှိကြောင်းနှင့် ယခုသင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်းမှာ ၃၀၁ ဦး စာရင်းရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ပဲခူးမြို့နယ်၏ နွေစပါးပုလဲသွယ်စံပြကွက်ရိတ်သိမ်း တစ်ဧက ၁၉၅ တင်းကျော်နှုန်း ထွက်ရှိ

**ပဲခူး မေ ၂၂**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၏ နွေစပါးစံပြကွက် ၂၅ ဧက မြို့နယ်အဆင့် စံကွက်ရိတ်သိမ်းပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီက စစ်ပင်ဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၄၀၊ တောင်သူဦးမျိုးအောင်၏ နွေစပါးပုလဲသွယ် ၂၅ ဧကစိုက်ခင်းရှိလယ်မြေ၌ ကျင်းပခဲ့ရာ စက်ကျအစိုတင်းတစ်ဧကလျှင် ၁၉၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲကို တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ကွင်းဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့်တောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးလှမြင့်က တောင်သူများနှင့်တွေ့ဆုံ၍ စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် အထွက်နှုန်းမြင့်မားရေးအတွက် စိုက်ပျိုးရေးနည်းပညာများ စနစ်တကျဆောင်ရွက်နိုင်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တံတားဦးမြို့နယ်၌ အောင်သပြေဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စာကြည့်တိုက်ဖွင့်လှစ်

**တံတားဦး မေ ၂၂**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် တောင်တလုံးကျေးရွာ အောင်သပြေဘုန်းတော်ကြီး သင်ပညာကျောင်းတွင် မေ ၂၀ ရက် နံနက် ၉ နာရီက မေတ္တာအလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးမြို့ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တနာယက၊ တောင်တလုံးကျေးရွာ အောင်သပြေဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလတို့က ဩဝါဒစကား အသီးသီး မြွက်ကြားပေးခဲ့ကြသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မေတ္တာအလင်းရောင် စာကြည့်တိုက်အတွက် အလှူငွေ လှူဒါန်းပွဲကို ကျင်းပရာ ဦးတင်ဝင်း+ ဒေါ်ခင်မြင့် မိသားစုမှ ငွေကျပ် ၇၀၀၀၀၀၊ ဦးပု + ဒေါ်သန်းအောင် မိသားစုမှ ငွေကျပ် ၆၃၀၀၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျပ် ၅၀၀၀၀၀၊ ဦးဝင်းဌေး+ဒေါ်သီတာဝင်း မိသားစုမှ ကျပ် ၅၀၀၀၀၀၊ ဦးတက်ပု+ဒေါ်မြ မိသားစုမှ ကျပ် ၃၀၀၀၀၀၊ ဦးသုန်+ဒေါ်ဆန်း မိသားစုမှ ကျပ် ၃၀၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် မေတ္တာအလင်းရောင် စာကြည့်တိုက်အား ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် အောင်သပြေဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော်နှင့် တိုင်းပြန်/ဆက်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၁၅ ပေ RC တစ်ထပ် အဆောက်အအုံ ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၅၀ ဖြစ်ပြီး သုတ၊ ရသစာအုပ်၊ စာစောင်ပေါင်း ၈၀၀ ကျော်ရှိပြီး စာကြည့်တိုက်ကို နေ့စဉ် ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အဆိုပါစာကြည့်တိုက်ဖွင့်ပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် စာရေးဆရာမဒေါ်မမနိုင်မ (မမနိုင်ရပ်သေး)၊ စာရေးဆရာဦးဘုန်း(ဓါတု)၊ ကဗျာဆရာထွန်းသွေးအိမ်တို့က စာပေအကြောင်း သိကောင်းစရာများကို ယင်းနေ့ ည ၇ နာရီတွင် ဟောပြောခဲ့ကြောင်း သိရသည်။

**ရဲတင့်**

## ကျောင်းကုန်းမြို့နယ်၌ 'နှင်းဆီရင်ခွင်' လူမှုကူညီရေးဖောင်ဒေးရှင်းက စာသင်ကျောင်း ဆောက်လုပ်လှူဒါန်း

**ကျောင်းကုန်း မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာအုပ်စု ကြိမ်ငူကြီးကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ပေ ၃၀၊ ပေ ၁၂၀ ရှိ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် 'နှင်းဆီရင်ခွင်' လူမှုကူညီရေးဖောင်ဒေးရှင်းက မေ ၁၉ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ အုတ်မြစ်ချခဲ့ကြောင်း သိရသည်။

'နှင်းဆီရင်ခွင်' လူမှုကူညီရေးဖောင်ဒေးရှင်းတွင် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ထပ်ဆင့်အကယ်ဒမီနေတိုးနှင့် ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုလ်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ပညာရေးအခြေခံအုတ်မြစ် ခိုင်မာမှုမှသည် တိုင်းပြည်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်မျိုးဆက်သစ်များ ပေါ်ထွန်းနိုင်စေရန် ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဘားအံမြို့နယ် ကျောက်တစ်လုံးကျေးရွာ၌ အကြိုအခြေခံမီးသတ်သင်တန်း (၃/၂၀၁၆) ဖွင့်လှစ်

**ဘားအံ မေ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောက်တစ်လုံးကျေးရွာအုပ်စု ကျောက်တစ်လုံး ဘုန်းကြီးကျောင်း၌ အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၃/၂၀၁၆)အား မေ ၂၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဘားအံမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအပြင် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ကျေးရွာဒေသခံများ သင်တန်းတက်ရောက်ထားခြင်းအားဖြင့် အနီးဆုံးနေရာမှ အမြန်ဆုံး အချိန်နှင့်တစ်ပြေးညီ မိမိတို့အနီးပတ်ဝန်းကျင် ဒေသခံပြည်သူများအတွက် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယင်းကြောင့် သင်တန်းမှ ရရှိသော ပညာရပ်များ၊ အတွေ့အကြုံများအား ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေးအတွက် ဂရုတစိုက်လေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဘားအံမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ မြိုင်ကလေး နယ်မြေရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့က နည်းပြဆရာများအဖြစ် သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ကျောက်တစ်လုံးကျေးရွာအုပ်စုမှ ၃၀ ဦး၊ တံတားဦးအုပ်စုမှ ၁၀ ဦး၊ ဘင်ဂျီကျေးရွာအုပ်စုမှ ၁၂ ဦး စုစုပေါင်းသင်တန်းသား ၅၂ ဦးတက်ရောက်လျက်ရှိသည်။ သင်တန်းကို မေ ၂၀ ရက်မှ မေ ၁ ရက်ထိ နှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

အယ်နီညိုရာသီစက်ဝန်းကြောင့် အပူရှိန်မြင့်တက်လျက်ရှိရာ ပူပြင်းခြောက်သွေ့မှုများကြောင့် ပေါ့ဆမီးလောင်မှုများအပြင် ယခုအခါ တောမီးလောင်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း၊ ဘားအံမြို့နယ်အတွင်း တောမီးလောင်ကျွမ်းမှုရှစ်ကြိမ်ဖြစ်ပွားခဲ့သဖြင့် ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနနှင့် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သော နယ်မြေမီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်၊ ဒေသခံပြည်သူများ ပူးပေါင်းမှုအားဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ခြင်းကြောင့် ဒေသတွင်းပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာများနှင့် သက်ဆိုင်သော အဆောက်အအုံများ၊ တောင်သူများနှစ်ရှည်စိုက်ပျိုးထားသည့်ရာဘာခြံများသို့ တောမီးကူးစက်လောင်ကျွမ်းဆုံးရှုံးမှုမဖြစ်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# နာမည်ကျော်ကစားသမားများရဲ့လားရာကို နွေဈေးကွက်မတိုင်မီ ခန့်မှန်းကြည့်ခြင်း

မကြာမီ ကာလအတွင်းမှာ ဘောလုံးရာသီ ပိတ်သိမ်းပြီး နွေရာသီ အပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်ရောက်ရှိလာ တော့မှာဖြစ်တဲ့အတွက် ကလပ်အသင်း အသီးသီးက သူတို့အလိုရှိရာ ကစားသမားတွေကို ခေါ်ယူဖို့ပါ အခုကတည်းက အကြိုချိတ်ဆက်မှုတွေ ခပ်စိပ်စိပ် လုပ်ဆောင်နေကြပါပြီ။ ကလပ်အသင်းတွေက အသင်းရဲ့ အဓိက ကစားသမားတွေကို ဆက်ထိန်းဖို့ ကြိုးပမ်းလာနေကြသလို တစ်ဖက်မှာလည်း ခေါ်ယူချင်တဲ့ ကစားသမားတွေကို အကြို ကြေးညှိကြတာ၊ အသင်းရဲ့ နည်းစနစ်နဲ့ အံမဝင်တဲ့ ကစားသမားတွေကို ပြန်လည်ရောင်းချဖို့ ပြင်ဆင်နေတာတွေကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေကြပါပြီ။ ဒါ့ကြောင့် အပြောင်းအရွှေ့ဈေးကွက်မရောက်မီ အသင်းပြောင်းဖို့ နာမည်ကြီးနေတဲ့ ကမ္ဘာကျော် ကစားသမားတွေရဲ့ လားရာကို အဖြေထုတ် တင်ပြလိုက်ရပါတယ်။

## စီရိုနယ်လ်ဒိုရဲ့လားရာ

ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် ပရိသတ်တွေ အသိအမှတ်ပြုထားတဲ့ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက အသက်(၃၁) နှစ်ကျော်လွန်လာခဲ့ပြီဖြစ်လို့ သူ့ကို ရီးယဲလ်က ဈေးကွက်ကောင်းတုန်း ရောင်းချမယ်ဆိုတဲ့ သတင်းတွေထွက်နေပါတယ်။ စီရိုနယ်လ်ဒိုရဲ့ အနာဂတ် အလှုပ်ခတ်ဆုံး အချိန်တွေကတော့ နည်းပြအန်စလော့တီ ထွက်ခွာသွားပြီး သူ့နေရာကို ဘင်နီတက်ဇ် အစားထိုးရောက်ရှိလာချိန်မှာဖြစ်ပါတယ်။ သူဟာ ဘင်နီတက်ဇ်လက်အောက် ခြေစွမ်းကျဆင်းလာမှုနဲ့အတူ ပီအက်စ်ဂျီ(သို့မဟုတ်)မန်ယူကို သေချာပေါက် ပြောင်းရွှေ့တော့မယ်လို့ ရေးသားချက်တွေလည်း တရစပ်ထွက်ခဲ့ပါတယ်။ ကစားသမားကိုယ်တိုင်က သူ့ရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ဘာကိုမျှ တိတိကျကျ မှတ်ချက်မပြုခဲ့ပေမယ့် အားလုံးကတော့ ဒီနှစ်နွေဈေးကွက် စီရိုနယ်လ်ဒိုကို ရီးယဲလ်ကရောင်းချတော့မယ်လို့ အခိုင်အမာ ဖော်ပြလာကြပါတယ်။

ဒါပေမယ့် ဘင်နီတက်ဇ်အထွက် ဇီဒန်းအဝင်ကာလရောက်ရှိလာချိန်မှာတော့ စီရိုနယ်လ်ဒိုရဲ့ လားရာက ဘယ်ကိုဆိုက်မယ်ဆိုတာ လုံးဝ ပြက်ပြက်ထင်ထင် မဟုတ်တောင် မှန်းဆလို့ရတဲ့ အနေအထားကိုရောက်ရှိလာခဲ့ပါတယ်။ ရီးယဲလ်နည်းပြသစ် ဇီဒန်းက စီရိုနယ်လ်ဒိုရဲ့ အရည်အသွေးကို ယုံကြည်သူဖြစ်သလို စီရိုနယ်လ်ဒိုကို ရောင်းချဖို့ကြံနေတဲ့ ရီးယဲလ်ဥက္ကဋ္ဌ ဘင်နီတက်ဇ်ကိုလည်း ဒီကစားသမားကို ဆက်ထိန်းပေးဖို့တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

အခုတော့ ရီးယဲလ်တာဝန်ရှိသူတွေက စီရိုနယ်လ်ဒိုကို ၂၀၂၀ခုနှစ်အထိ စာချုပ်သက်တမ်းရှိမယ့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုဖို့ ကမ်းလှမ်းနေပြီလို့ သိရပါတယ်။ စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်တို့ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်က ၂၀၁၈ ခုနှစ်ရောက်ရင် သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဒီသတင်းမထွက်လာခင် တစ်ရက် ကပဲ စီရိုနယ်လ်ဒိုရဲ့ အေးဂျင့်ဖြစ်တဲ့ ဂျော့ဂျ်မန်းဒက်ဇ်က သူ့ကစားသမား ပီအက်စ်ဂျီကို ပြောင်းရွှေ့တော့မယ်ဆိုတာ "နတ်သမီးပုံပြင်" တစ်ခုသာ ဖြစ်တယ်လို့ သတင်းပေးခဲ့ပါသေးတယ်။

စီရိုနယ်လ်ဒိုဆိုတာဟာ ငွေကြေးထက် နာမည်ကျော်ကြားမှုနဲ့ ဂုဏ်သိက္ခာပိုင်းကို ပိုပြီး မက်မောတဲ့ကစားသမားဆိုတော့ ပီအက်စ်ဂျီ၊ မန်ယူတို့က ရီးယဲလ်ထက် လုပ်ခလစာမြင့်မားစွာ ပေးချေမယ်လို့ ကမ်းလှမ်းလာတာကို လျစ်လျူရှုပြီး ရီးယဲလ်နဲ့သာ စာချုပ်သက်တမ်းတိုးမြင့်ဖို့ကို စတင်ဆွေးနွေးနေပါပြီ။ ဒီသတင်းက တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်နေရာမှာ စီရိုနယ်လ်ဒိုကို အစားထိုးဖို့ ကြံစည်နေတဲ့ ပီအက်စ်ဂျီအသင်းအတွက် သတင်းဆိုးတစ်ခု ဖြစ်နေမှာသေချာနေပါတယ်။

ရီးယဲလ်တာဝန်ရှိသူတွေကတော့ သူတို့အနေနဲ့ စီရိုနယ်လ်ဒိုကို ရီးယဲလ်မှာသာ ကစားသမားဘဝအဆုံးသတ်စေချင်ပြီး စာချုပ်သစ်သာ ချုပ်ဖြစ်ခဲ့ရင် ဒီလိုဖြစ်လာဖို့ အလားအလာကောင်းနေတယ်လို့ စည်းရုံးခဲ့ပါတယ်။ စာချုပ်သစ် ချုပ်ခဲ့ရင် စီရိုနယ်လ်ဒိုအနေနဲ့ အသက်(၃၅)နှစ်လောက်ထိ ရီးယဲလ်မှာသာ ဆက်လက်ကစားဖို့ရှိနေလို့ နာမည်ကျော်ကြားမှုကိုမက်မောတဲ့ ဒီကစားသမားဟာ ဘယ်အသင်းကိုမျှ ပြောင်းရွှေ့မှာ မဟုတ်ဘဲ ရီးယဲလ်မှာသာ ဆက်ရှိဖို့ ရာနှုန်းပြည့်နီးပါး သေချာနေပြီလို့ ခန့်မှန်းရပါတယ်။

## ဆရာဟောင်းနဲ့ ပြန်ပူးပေါင်းမှာလား အသင်းဟောင်းကို ပြန်သွားမှာလား မာရီယို ဂေါ့ဇီ

မာရီယို ဂေါ့ဇီက ပြီးခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ်လတွေမှာတော့ ဆရာဟောင်း ဂျာဂန်ကလော့ရှိတဲ့ လီဗာပူးအသင်းနဲ့ဆွေးနွေးမှုတွေ ဆက်တိုက်လုပ်ဆောင်နေပြီး ဒီနှစ်နွေဈေးကွက်မှာ ပရီမီယာလိဂ်ကို ရောက်ရှိလာတော့မယ့် နောက်ထပ် ဂျာမန်ကစားသမားတစ်ဦးလို့ သုံးသပ်မှုတွေရှိခဲ့ပါတယ်။ ဂျာဂန်ကလော့ကတော့ ဂေါ့ဇီဟာ အခုထိ ဘိုင်ယန်မြူးနစ်ကစားသမားအဖြစ်သာ ရှိနေသေးလို့ ဘာကိုမျှ မှတ်ချက်မပေးလိုဘူးလို့သာ တုံ့ပြန်ပြီး နှုတ်ဆိတ်နေခဲ့ပါတယ်။ ဂေါ့ဇီဟာ အခုမှ အသက်(၂၃)နှစ်သာရှိသေးလို့ ဂွါဒီယိုလာလက်အောက် အရန်ခုံမှာသာ အချိန်ကုန်ဆုံးနေရတာကို မပျော်ပိုက်ဘဲ အသင်းပြောင်းဖို့ ကြံစည်နေတာအနည်းဆုံးခြောက်လလောက်ရှိနေပါပြီ။

ဒါပေမယ့် အခုတော့ ဒီဘိုင်ယန်လူငယ်ကစားသမားလေးကို သူ့ရဲ့ တစ်ခါတုန်းက အောင်မြေလို့ သတ်မှတ်ရမယ့် ဒေါ့မွန်အသင်းကလည်း ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ Football Eye အားကစားဝက်ဘ်ဆိုက်က ဖော်ပြလာခဲ့ပါတယ်။ ကစားသမားကိုယ်တိုင်ကတော့ ဒေါ့မွန်အသင်းဟာ ဘိုင်ယန်မြူးနစ်လို ဂျာမနီရဲ့ အင်အားကြီးအသင်းတစ်သင်းဖြစ်တယ်လို့ မကြာသေးခင်ကပဲ မှတ်ချက်ပြုခဲ့တာကြောင့် ဂေါ့ဇီအနေနဲ့ လီဗာပူးထက်ဆို ဒေါ့မွန်ကိုသာ ရွေးချယ်လိမ့်မယ်လို့ ခန့်မှန်းမှုတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

ဂေါ့ဇီက ၂၀၁၃ခုနှစ်မှာ ဒေါ့မွန်ကနေ ဘိုင်ယန်ကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ ဘိုင်ယန်အသင်းဖော်တွေဖြစ်တဲ့မူလာနဲ့ လီဝမ်ဒေါ့စကီးကတော့ ဂေါ့ဇီဟာ ဘွန်ဒက်စ်လီဂါရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သက်သေပြဖို့ ဘိုင်ယန်မှာသာ ဆက်နေသင့်ကြောင်း အကြံပေးခဲ့ကြပါတယ်။ ဒါ့အပြင် ဂေါ့ဇီကိုနေရာမပေးတဲ့ နည်းပြ ဂွါဒီယိုလာဟာလည်း ဒီနှစ်နွေမှာ မန်စီးတီးကို ပြောင်းလဲ ကိုင်တွယ်တော့မှာဆိုတော့ သူ့အနေနဲ့ ဘိုင်ယန်မှာပဲ အခြေအနေကောင်းတစ်ရပ်ကို စောင့်ဆိုင်းမလား။ ဒါမှမဟုတ် အသင်းဟောင်း ဒေါ့မွန်ကိုပဲ ပြန်သွားမလား။ ဆရာဟောင်း ကလော့ရှိရာ လီဗာပူးကိုပဲ ပြောင်းရွှေ့မလားဆိုတာ အဖြေတိတိကျကျ မထွက်သေးပါဘူး။

ဒါပေမယ့် ဘိုင်ယန်မြူးနစ်မှာ ဒေါက်ဂလက်စ်ကော်စတာ၊ ဗီဒယ်လ်၊ မူလာ၊ ရော်ဘင်၊ ရီဘာရီ၊ လီဝမ်ဒေါ့စကီးတို့လို တိုက်စစ် အားသန် ကစားသမားတွေရှိနေတာကြောင့် ဖြစ်နိုင်တာကတော့ ဂျာမန်ကစားသမားအများစုရှိတဲ့ ဒေါ့မွန်ကိုပဲ ပြန်သွားပြီး အရင်က အောင်မြင်မှုကို ပြန်ရှာဖွေဖို့ ကြိုးစားသွားမယ်လို့ မျှော်လင့်ရပါတယ်။



## ကျဆုံးမှုကို အောင်မြင်မှုနဲ့ဆေးကြောဖို့ ပြင်ဆင်နေတဲ့ လူကာကူ

အဲဗာတန်တိုက်စစ်မှူး လူကာကူက ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးကနေ အဲဗာတန်ကို ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး သူ့ရဲ့ တက်ရိပ်ပြနေတဲ့ ခြေစွမ်းတွေကြောင့် ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်၊ မန်ယူ၊ ဂျူဗင်တပ်တို့လို ဥရောပအင်အားကြီးအသင်း ၁၀သင်းလောက်က ကမ်းလှမ်းနေတယ်လို့ သိရပါတယ်။ အစောပိုင်းက လူကာကူဟာ ဘိုင်ယန်(သို့မဟုတ်) မန်ယူကို ပြောင်းဖို့ စိတ်အားထက်သန်နေတယ်လို့ လူကာကူရဲ့ဖခင်ဖြစ်သူက ပြောကြားခဲ့ပါသေးတယ်။

ဒါပေမယ့် သူ့ရဲ့အသင်းဟောင်း ချယ်လ်ဆီးကလည်း တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ အက်သလက်တီကို ကိုပြောင်းရွှေ့ဖို့ တောက်လျှောက် ကြိုးပမ်းနေတဲ့အတွက် ပရီမီယာလိဂ်ကစားပုံနဲ့ အံဝင်ပြီးသား လူကာကူကို ပြန်လည်ခေါ်ယူဖို့ ကြိုးပမ်းနေတာကြောင့် လူကာကူရဲ့ အပြောင်းအရွှေ့ဟာ ပိုမိုရှုပ်ထွေးတဲ့ အနေအထားကို ရောက်ရှိလာခဲ့ပါတယ်။ အဲဗာတန်နည်းပြ မာတီနက်ဇ်ကတော့ လူကာကူကို ခေါ်ယူချင်ရင် အနည်းဆုံး ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အထက် သုံးရမယ်လို့ သတိပေးစကားပြောကြားထားပေမယ့် ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်က ကြေးဘယ်လောက်နဲ့ ဖြစ်ဖြစ် ရအောင်ခေါ်ပေးဖို့ တာဝန်ရှိသူတွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။



လူကာကူကတော့ သူ့ကိုကမ်းလှမ်းလာတဲ့ အသင်းတွေအားလုံးထဲမှာ ချယ်လ်ဆီးကိုသာ ပြန်လည်ပြောင်းရွှေ့လိုပြီး ဒီနှစ် နွေဈေးကွက်မှာ သေချာပေါက် ပြောင်းရွှေ့တော့မယ်လို့ သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။ တစ်ဖက်မှာတော့ ချယ်လ်ဆီးရဲ့ ဒီနှစ်ဘောလုံးရာသီ ရလဒ်ဆိုးတွေကြောင့် ဥရောပဝင်ခွင့်တစ်နေရာ မမျှော်လင့်နိုင်တော့တာကြောင့် ဥရောပ အိပ်မက်မက်နေတဲ့ လူကာကူအနေနဲ့ ချယ်လ်ဆီးကို ပြောင်းရွှေ့ဖို့ တွန့်ဆုတ်နေတယ်လို့လည်း သိရပါတယ်။ ဒါ့ကြောင့် လူကာကူအနေနဲ့ ကျဆုံးမှုတွေကို အောင်မြင်မှုနဲ့ ပြန်ဆေးကြောဖို့ အသင်းဟောင်း ချယ်လ်ဆီးကိုပဲ မျက်စိမှတ်ရွေးမလားဆိုတာ သောင်မတင်ရေမကျ အခြေအနေတစ်ရပ် အဖြစ်ပဲ ရှိသေးတယ်လို့ ယူဆရပါတယ်။

**မေလှဲ့သင်း**

## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ စတုတ္ထတန်း အောင်ချက် ၁၀၀% နှင့် အဋ္ဌမတန်း အောင်ချက် ၁၀၀% အပြည့်ရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ဆရာမများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း**
တည်ထောင်အုပ်ချုပ်သူ နှင့် မိဘများ



## အိမ်ငှားမည်

ရန်ကင်းဘောက်ထော်မှတ်တမ်းရုံးအနီး၊ ပြည်သာယာအိမ်ရာ၊ ခြံအကျယ် ပေ(၆၅×၉၅)၊ အိမ် ပေ(၄၅×၅၅)၊ RC 2 ထပ်ခွဲ၊ Master Bedroom (8)ခန်း၊ ဧည့်ခန်း၊ ဘုရားခန်း၊ ထမင်းစားခန်းသီးသန့်၊ Maid room, Kitchen သီးသန့်၊ Aircon 12 လုံး၊ 25 KVA မီးစက်၊ ရေသန့်စက်၊ ရေပူရေအေး၊ ပါကေးခင်း၊ ပေ(၃၀×၄၀) အကျယ်လသာဆောင်ပါရှိ၊ ကြိုးဖုန်း၊ Power meter ပါ၊ ကား ၁၀ စီးခန့် ရပ်နိုင်။

(နိုင်ငံခြားသား/**NGO** အထူးသင့်လျော်)
တစ်လ-၆၅သိန်း (အကျိုးဆောင်များလည်းဆက်သွယ်နိုင်သည်။)
**Ph: 09-43018911, 09-793322044, 09-73151455**



## မနေ့ရွှေပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ မနေ့ရွှေပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ မြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊ အီလက်ထရွန်နစ်၊ ဝါယာရိန်း၊ စီမံခန့်ခွဲမှု၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် LCCI - I + II + III သင်တန်းများနှင့် ဖုန်းပြင် Hardware/Software သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။

သင်တန်းအားလုံး - ၃၀. ၄. ၂၀၁၆ ရက်ဖွင့်မည်။
ဆက်သွယ်ရန် - အရှေ့ဥယျာဉ်၊ ဗဟိုလမ်း (ရှမ်းလမ်း) ဈေးရုံးအနောက် (မာတ်ဆီဆိုင်အနီး) ၅၁၈၀၂၄၊ ၅၃၃၀၂၆ (စမ်းချောင်း)



## PHILLIP'S SCHOOL

**IGCSE**
English, Mathematics-B
Pure Mathematics, Physics,
Chemistry, Biology

**English Language**
- Four Skills English
- Proficiency in English
- Teachers' Training

အမှတ်(၂၉၃/ဘီ)၊ (၅)လွှာ၊ လမ်း(၄၀)အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph- 09 430 433 49



STI MYANMAR UNIVERSITY
University of Bedfordshire

**STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်**
NURTURING WORLD CLASS LEADERS



### Faculty of BUSINESS
- **MBA** (General Management)
- **BA** (Hons) Business Administration
- **BA** (Hons) Accounting

### Faculty of HEALTH SCIENCE
- **MSc** Public Health
- **MSc** Nutrition & Dietetics
- **MBA** (Hospital & Health Science Management)

# Why Study UK Degrees @ STI MU?

- **Queen's Award** ရရှိထားသော **University of Bedfordshire (UOB) UK** မှ တိုက်ရိုက်ချီးမြှင့်သော ဘွဲ့ဖြစ်ခြင်း
- **Program** များကို **Semester** ခွဲ၍ **UOB-UK** ဖြစ်စေ၊ **STI MU** တွင်ဖြစ်စေ တက်ရောက်နိုင်ခြင်း
- **Go Global Experience** ဖြင့် **UOB-UK** နှင့် အထူးပြုဘာသာရပ်ဆိုင်ရာ **London Stock Exchange, National Health Science (NHS), MNC Company** ကြီးများသို့ သွားရောက်လေ့လာနိုင်ခြင်း
- ဤသင်တန်းများအောင်မြင်ပြီးဆုံးပါက ကမ္ဘာ့အရပ်ရပ်ရှိ မည်သည့်တက္ကသိုလ်ကြီးများတွင်မဆို မဟာဘွဲ့ နှင့် **Ph.D** ဘွဲ့ ဆက်လက်တက်ရောက်နိုင်ခြင်း
- **MSc Public Health** အောင်မြင်ပါက **United Kingdom** နိုင်ငံ **Royal Society for Public Health (RSPH) UK** အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း
- **MSc Nutrition & Dietetics** အောင်မြင်ပြီးပါက **United Kingdom Association for Nutrition (AfN) UK** တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း

**ဘွဲ့ကြို ဝင်ခွင့်သတ်မှတ်ချက်**
- တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ၊ **IGCSE** ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် **STIMU** မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) **HND** (သို့မဟုတ်) **ABE** (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်

Aim HIGH

**ဘွဲ့လွန် ဝင်ခွင့်သတ်မှတ်ချက်**
- ဘွဲ့တစ်ခုခုရရှိပြီးသူများလျှောက်ထားနိုင်ပါသည်
- အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

STIMU FOUNDATION → STIMU 1st YEAR → STIMU 2nd YEAR → UOB DEGREE FINAL YEAR → MASTER DEGREE

**Block-10, MICT Park** လှိုင်တက္ကသိုလ်၊ ရန်ကုန်။ **Ph: 507151/52, 09 250064451, 377988** www.stiedu.net https://www.facebook.com/STIMyanmarUni




**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပေါင်မြို့နယ်၊ ကဒ့်စီးရပ်ကွက်၊ ဇောတိကလမ်းနေ ဦးလင့်၏ သမီး ဒေါ်မိဝင်းဝင်းမော် [၁၀/ပမန(နိုင်)၀၀၁၈၂၇] (ခ) ဒေါ်ဝင်းဝင်းမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မိဝင်းဝင်းမော်(ခ) ဒေါ်ဝင်းဝင်းမော်

## အဘိဓမ္မာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရမထေရ်မြတ်၏ ဩဝါဒကိုခံယူလျက် အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ နှစ်စဉ်ပုံမှန်သင်တန်းများ ဖြစ်သော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို ၃၀-၄-၂၀၁၆ ရက်(စနေနေ့)မှစတင်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

၁။ အဘိဓမ္မာ(ရိုးရိုး)သင်တန်းများ
တန်းခွဲ(၁) = နံနက်(၉း၃၀)နာရီမှ (၁၁း၀၀)နာရီထိ
တန်းခွဲ(၂) = မွန်းလွဲ(၁၂း၃၀)နာရီမှ ညနေ (၄း၀၀)နာရီထိ
တန်းခွဲ(၃) = နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
မှတ်ချက်။ ။ တန်းခွဲ(၃)သင်တန်းကို တနင်္ဂနွေနေ့ တစ်ရက်တည်းသာ ပို့ချမည်ဖြစ်ပါသည်။
၂။ အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)သင်တန်း
မွန်းတည့်(၁၂း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ
၃။ ဝိသုဒ္ဓိမဂ်သင်တန်း
မွန်းလွဲ (၁း၀၀)နာရီမှ ညနေ (၅း၃၀)နာရီထိ

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးမှူးအဖွဲ့

**MIHARA CAR RENTAL**

MIHARA Road To Thailand

**မြဝတီ – မဲဆောက်** ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၃၀,၀၀၀/ကျပ်

**ပလေကမ်းခြေ** ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်

မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)

Ph: 09 49218700,09 5025400,09 43124072

## မယ်လမုစေတီတော်အဘိဓမ္မာပြန့်ပွားရေးအသင်း(၁၂/၂၀၁၆) အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းမှကြီးမှူး၍ (၁၂/၂၀၁၆)အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်ပွဲနှင့် ယခင်နှစ်မှ တက်ရောက်ဖြေဆိုအောင်မြင်ကြပြီး စာအောင်ရှင်များသို့ အောင်လက်မှတ်ပေးပွဲ၊ ဆုပေးပွဲကို ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မယ်လမုစေတီတော် အဘိဓမ္မာသင်တန်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းများကို မဟာသဒ္ဓမ္မဇောတိကဓဇဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ၊ ဓမ္မာစရိယ-ဘီအေ)၊ ဒေါ်သန်းသန်း (မသန်းသန်း-မန်းတက္ကသိုလ်)၊ ဦးသန်းမြင့်(ညွှန်ချုပ်-ငြိမ်း)စ. စ. စ၊ ဒေါက်တာသန်းလွင်တို့က သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများနှင့် အောင်လက်မှတ် ဆုရရှိမည့်သူများ အသေးစိတ်သိရှိလိုပါက မယ်လမုစေတီတော်အဘိဓမ္မာပြန့်ပွားရေးအသင်း ဖုန်း-၀၉-၄၄၀၆၉၆၀၃၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ ခြံကြီးစုလမ်းနေ ဦးအောင်ကျော်သိန်း၏ သမီး ဒေါ်စန်းစန်းမော် [၁၀/ပမန(နိုင်)၀၀၀၀၆၇] (ခ) ဒေါ်မိစန်းစန်းမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စန်းစန်းမော်(ခ)ဒေါ်မိစန်းစန်းမော်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ဇီးဝန်းရွာနေ ဦးမောင်ချစ်၏ သမီး နော်သိန်းသိန်းအေး[၁၀/ဘလန(နိုင်)၁၂၃၀၅၂] (ခ) မသိန်းသိန်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နော်သိန်းသိန်းအေး(ခ)မသိန်းသိန်းအေး

**စက်ရေတွင်း**

H.K မြေအောက်ရေအရင်းအမြစ်ရှာဖွေရေးနှင့်တူးဖော်ရေးကုမ္ပဏီလီမိတက်
အနက်ပေ(၁၂၀၀)အတွင်း၊ ဒေသမရွေး (ခက်သောတွင်းများ ဦးစားပေးသည်)
Ph : 09-262072207, 09-976914702

## မိတ်ကပ်ခင်စန်းဝင်း

(မိတ်ကပ်နှင့် ဆံထုံးသင်တန်း)

သင်တန်းချိန် ။ ။ နံနက်(၁၀)နာရီမှ ညနေ(၃)နာရီအထိ
သင်တန်းကာလ ။ ။ မေ (၃)ရက် စမည်
သင်တန်းဖွင့်ရက် ။ ။ တနင်္လာမှ သောကြာ
ဆက်သွယ်ရန်ဖုန်း ။ ။ ၀၁ ၃၈၃၇၈၉၊ ၀၁ ၃၈၈၅၈၉



# မန္တလေးမြို့တွင် မိုးရွာသွန်း၍ မိုးသီးများကြွေကျ



ရန်ကုန်-မန္တလေးလမ်းဟောင်း စွယ်တော်ဘုရားအနီးတွင် မိုးသီးများကြွေကျနေစဉ်။

မန္တလေး မေ ၂၂

**မန္တလေးမြို့တွင် သက်ြန်မတိုင်မီက အပူချိန်မြင့်မားခဲ့ရာက မေ ၂၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် မိုးရွာသွန်းခဲ့ပြီး တချို့မြို့နယ်များရှိ ရပ်ကွက်များတွင် မိုးသီးများကြွေကျကာ မိုးကြိုးပစ်ခြင်း၊ လေတိုက်ခြင်းများရှိခဲ့ပြီး နေ့အပူချိန်လျော့ကျခဲ့ကြောင်း သိရသည်။**

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

## လူမှုကွန်ရက်စာမျက်နှာ၌ ပျံ့နှံ့ခဲ့သော အင်းစိန်ဆေးရုံ သန့်ရှင်းရေးနှင့် လုံခြုံရေးပြဿနာ ဝန်ထမ်းတိုးချဲ့ဆောင်ရွက်မည်

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန် ခုတင်(၅၀၀)ဆံ့ဆေးရုံ ပထမထပ်၌ အမျိုးသားခွဲစိတ်ကုသဆောင်အနီးရှိ သန့်စင်ခန်းနှင့်တွဲလျက်ရှိသော အနံ့ဆိုးစွန့်ပစ်အမှိုက်ပုံးများအား တာဝန်ကျသန့်ရှင်းရေးဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ မစွန့်ပစ်ခဲ့သောကြောင့် လူမှုကွန်ရက် အွန်လိုင်းစာမျက်နှာများတွင် ဓာတ်ပုံနှင့်တကွ ပျံ့နှံ့မှုများ မေ ၂၀ ရက်က ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ အလုံးစုံ ရှင်းလင်းဆောင်ရွက်ခဲ့သည့်အပြင် ရေရှည်သန့်ရှင်းရေးနှင့် လုံခြုံရေးစီမံချက်များ ချမှတ်ပြီးဖြစ်ရာ အဆိုပါစီမံချက်ကို မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းစိန် ခုတင်(၅၀၀)ဆံ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်က ပြောကြားသည်။

"ဒီဆေးရုံကြီးက နေ့စဉ်နဲ့အမျှ ဆေးရုံတက်ရောက်ကုသသူ ပုံမှန်ကာလမှာ ဦးရေ ၅၀၀ ဝန်းကျင်ခန့်ရှိပြီး ရာသီအကူးအပြောင်းဆို လူကြီး၊ လူငယ် ၆၀၀ ကျော်လောက်ရှိပါတယ်။ ဆေးရုံက ရှိရင်းကုသဆောင်တွေမှာက တစ်ဆောင်ကို လူနာ ၅၀ ကုသမှုခံယူနေပြီး လူနာစောင့်အပြင် ပါလာတဲ့မိသားစုဝင်တွေနဲ့ဆို လူနာတစ်ဦးစာကို ငါးဦးလောက်ထိ ဖြစ်နေပါတယ်။ ကုသဆောင်တစ်ခုကို လူနာအပါအဝင် ဦးရေ ၂၀၀ ဝန်းကျင်လောက်သာ နေနိုင်အောင် လျာထားပေမယ့် ဒီထက်မကတဲ့လူဦးရေတွေဖြစ်ပေါ်နေတာပါ။

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ✽**



## မြန်မာအမျိုးသမီးအသင်း ဂျပန်နိုင်ငံတွင် လေ့ကျင့်မည်

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၂၂**

မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲမတိုင်မီ ပထမဆုံး ခြေစမ်းခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး နှစ်ပတ်ကျော်ကြာမြင့်မည် ဖြစ်သည်။

ပြိုင်ပွဲစတင်ရန် သုံးလကျော်သာလိုတော့ရာ မြန်မာအမျိုးသမီးအသင်းမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိပြီး

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✽**

လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်း။

ခင်ဦး၊ ရေဦးမြို့များ၌ လေပြင်းတိုက်ခတ်မှုကြောင့် စေတီတော်များ၏ထီးတော် မြေခါ၊ မိုးသီးကျကာ မိုးရွာ

စာမျက်နှာ - ၁၀

ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ထုံးမကြီးကျေးရွာနေအိမ်များ ပြောင်းရွှေ့

စာမျက်နှာ - ၁၁

KBZ BANK
STRENGTH OF MYANMAR

- အခိုင်မာဆုံးနှင့် ယုံကြည်စိတ်ချရဆုံးဘဏ်
- ဝန်ဆောင်မှုအကောင်းဆုံးနှင့် ဆက်ဆံရေးအကောင်းဆုံးဘဏ်
- မိဘပြည်သူများအတွက် အားထားရဆုံးဘဏ်

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်